# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၆၁)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ တနင်္လာနေ့။


## မေတ္တာသည် အတ္တမဟုတ်

| | |
|---|---|
| မေတ္တာသည် | စိတ်ရှည်တတ်၏။ |
| မေတ္တာသည် | ကျေးဇူးပြုတတ်၏။ |
| မေတ္တာသည် | ဂုဏ်ပြိုင်တတ်ခြင်းမရှိ။ |
| မေတ္တာသည် | ဝါကြွားတတ်ခြင်းမရှိ။ |
| မေတ္တာသည် | မာန်မာနထားခြင်းမရှိ။ |
| မေတ္တာသည် | မလျော်သော အကျင့်ကို မကျင့်။ |
| မေတ္တာသည် | ကိုယ်ကျိုးမရှာတတ်။ |



နိုင်ငံတော်သမ္မတဦးသိန်းစိန် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင် ဘောလုံးအသင်းမှ ကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# အာဆီယံသည် တိုးတက်ထွန်းကားပြီး ကမ္ဘာပေါ်၌ အောင်မြင်သည့်ဒေသဆိုင်ရာအဖွဲ့အစည်းအဖြစ် ရပ်တည်

နေပြည်တော် နိုဝင်ဘာ ၂၉

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသည့် အဖွဲ့များ၊ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ ခုနှစ် ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင် ဘောလုံးအသင်းတို့နှင့် ပျူရှေးဟောင်းမြို့ကြီး(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❁

> “ ဒီမိုကရေစီသို့ကူးပြောင်းရန် ကြိုးပမ်းစဉ်ကာလ၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် အခက်အခဲများကို ရင်ဆိုင်ခဲ့ရသော်လည်း ၂၀၁၁ ခုနှစ် မိမိတို့အစိုးရ တက်ရောက်လာပြီးသည့်နောက်ပိုင်း၌ နိုင်ငံတကာ၏လက်ခံမှုကို ရရှိခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းက တက်ကြွစွာ ပါဝင်လာနိုင်ခဲ့ ”

### နိုင်ငံတကာ

**ပြင်သစ်သမ္မတဟောင်း ဆာကိုဇီ သမ္မတပြန်ဖြစ်ရန် ရေပန်းစား**

စာမျက်နှာ ❖ ၄

### ပြည်တွင်း

**ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင် အာရ်ဘီအီးလူစီးရထား မကြာမီစတင်ပြေးဆွဲမည်**

စာမျက်နှာ ❖ ၁၁

### အားကစား

**အာဆင်နယ်အသင်း အဝေးကွင်းတွင် အမှတ်ပြည့်ရယူ**

စာမျက်နှာ ❖ ၁၃


“သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့ ”

❖ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ ကားများကို နိုင်ငံတကာအဆင့်မှီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
❖ အရည်အသွေးမြင့်ကားအရေးအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘာတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Mandalay - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အသွင်ကူးပြောင်းရေးတည်ငြိမ်စွာကြိုးပမ်း

နိုင်ငံတော် Stakeholder များနှင့် နိုင်ငံရေးအင်အားစုပါတီများ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုသည် ဒီမိုကရက်တစ်နိုင်ငံရေး ယဉ်ကျေးမှုသစ်ပင်ဖြစ်သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတော်၏ အနာဂတ်ရှေ့ခရီး နှင့် နိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေးပါတီများ နှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးလေ့ရှိရာ နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းတွင် နိုင်ငံရေးပါတီ ၆၇ ပါတီမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအပါအဝင် စုစုပေါင်း ၁၂၆ ဦးတို့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၃၁ ရက်ကလည်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ အမျိုးသားနိုင်ငံရေးအင်အားစု ငါးဖွဲ့မှ ခေါင်းဆောင်များနှင့် နိုင်ငံရေးရာဆွေးနွေးပွဲကို ကျင်းပခဲ့ပေသည်။ ယခုတွေ့ဆုံမှုမှာ ဒုတိယအကြိမ်မြောက် တွေ့ဆုံမှုဖြစ်ပြီး နိုင်ငံရေး အရ ပိုမိုပေါင်းစည်းလာသော ဝိသေသအဖြစ် တွေ့မြင်ခဲ့ရသည်။

ဤအခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံရေးအရရော၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအရရော၊ ငြိမ်းချမ်းရေး အတွက်ပါ မိမိတို့ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့်အထဲမှ သိသာထင်ရှားသော ရလဒ်တစ်ခုမှာ နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်လာခြင်းဖြစ်ပါကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများနှင့် နိုင်ငံရေးအင်အားစု အချင်းချင်းအပြန်အလှန် ဖယ်ထုတ်ရန်ကြိုးပမ်းသော နည်းလမ်းများမှ ဆွေးနွေးဆွေးနွေး အဖြေရှာကြရန်ဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင် ရှင်သန်လာသည့်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ယနေ့အထိ လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နေခြင်း ဖြစ်ပါကြောင်း၊ ထိုအခြေအနေကို ဆက်လက်ဆောင်ကြဉ်းနိုင်ရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

မှန်ပေသည်။ ဆွေးစပ်ဆွေးနွေးခြင်းသည် တစ်ဖက်နှင့်တစ်ဖက် ဝေဖန်တိုက်ခိုက်ပြောဆိုမှုများကို လျော့ကျစေပြီး ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းဖော်ဆောင်ရာတွင် လက်နက်ကောင်း သဖွယ် ထိရောက်အကျိုးရှိလှပေသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်နှင့် အညီ ပွင့်လင်းမြင်သာမှုကိုအခြေခံပြီး ပကတိအရှိ တရားအတိုင်း မှန်ကန်သောနည်းလမ်းများဖြင့် ဆွေးစပ်ဆွေးနွေးမှုများပြုလုပ်၍ အဖြေရှာခြင်းပင် ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ နှင့် နိုင်ငံရေးဖြစ်စဉ်ရှင်သန်လာမှုသည် သက်ဆိုင်ရာနိုင်ငံရေး အင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ခဲ့သဖြင့် သေချာရေ ရာသောအဆင့်တစ်ခုသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက် ၍လည်း ထိုအောင်မြင်မှုများ ဖြစ်ထွန်းရေးအားလုံး ပါဝင်ပူးပေါင်း ဆောင်ရွက်မှုဖြင့် ကြိုးပမ်းအားထုတ်ကြဦးမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတွင်နိုင်ငံရေးအရ ယှဉ်ပြိုင်မှုများ၊ အားပြိုင်မှုများ၊ စိန်ခေါ်မှု များရှိလင့်ကစား ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးရရှိထားသည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း၍ တိုင်းပြည်၏ အသွင် ကူးပြောင်းရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးကို တည်ငြိမ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ကရင်ပြည်နယ်အတွင်း လမ်းလုပ်ငန်းများအတွက် ဂျပန်နိုင်ငံ (JICA) မှ ကူညီထောက်ပံ့ပေးသော စက်၊ ယာဉ် ယန္တရားများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကရင်ပြည်နယ်အတွင်း လမ်းလုပ်ငန်းများဆောင်ရွက်ရန် ဂျပန်နိုင်ငံ (JICA) မှ ကူညီထောက်ပံ့ပေးသော စက်၊ယာဉ် ယန္တရားများ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၉) ရုံးဝင်း အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi ဂျပန်နိုင်ငံ (JICA)မှ Mr. Masahiko Tanaka ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ YACHIYO Engg;Co., Ltd. နှင့် ဂျပန်နိုင်ငံ မှ စက်၊ ယာဉ် ယန္တရားပေးသွင်းသည့် ကုမ္ပဏီမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း လမ်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ (JICA) မှ စက်၊ ယာဉ်၊ ယန္တရားများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်သံအမတ်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းထံသို့ စက်၊ ယာဉ် ယန္တရားများ လွှဲပြောင်းပေးအပ်သည့် အထောက်အထား စာရွက်စာတမ်းများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi တို့က စက်၊ ယာဉ် ယန္တရားများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စက်၊ ယာဉ်ယန္တရားများကို လိုက်လံကြည့်ရှုကြသည်။

ယခု ကျင်းပသည့် ဂျပန်နိုင်ငံ (JICA) မှ ထောက်ပံ့ပေးအပ်သည့် စက်၊ယာဉ် ယန္တရား အမျိုးအစား ၁၉ မျိုး၊ စက်၊ ယာဉ် ယန္တရားအရေအတွက် စုစုပေါင်း ၆၃ စီးကို ကရင်ပြည်နယ်အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ (JICA) မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အန္တရာယ်ကွေ့ သတိပေးဆိုင်းဘုတ်နှင့် ကျောက်တိုင်များ ပြန်လည်ပြုပြင်ပေးရန်လို

**ဖျာပုံ နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ ဂုဏ်ဆောင်ဖျာပုံတံတားကြီးတွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဖျာပုံမြို့ဘက်ခြမ်း အန္တရာယ်ကွေ့တွင် သတိပေးလမ်းညွှန်ဆိုင်းဘုတ်များ ဖြူ နီကျားကျောက်တိုင်များကို စိုက်ထူထားသည်မှာ တံတားကြီးတည်ဆောက်ပြီးစဉ်ကတည်းက ဖြစ်သည်။

ယခုအခါ အဆိုပါ တံတားကြီး၏ အန္တရာယ်ကွေ့ရှိ သတိပေးလမ်းညွှန်ဆိုင်းဘုတ်များမရှိသည့်အပြင် ဖြူ နီ၊ ကျား ကျောက်တိုင်များ ယိုင်လဲပြုတ်ကျပျက်စီးနေသဖြင့် ယာဉ်မောင်းသူများ ယာဉ်အန္တရာယ် ကြုံတွေ့နေရသည်ကို သိရှိနေရသည်။

“ကျွန်တော်တို့ ဖျာပုံမြို့ရဲ့ ပြည်သူတွေ အဓိကအားထားပြီး နေ့စဉ်အသုံးပြု ခရီးသွားလာနေရတဲ့ ဒီဖျာပုံတံတားကြီးမှာရှိတဲ့ အန္တရာယ်ကွေ့က အရင်နှစ်တွေကတည်းက ယာဉ်မောင်းတွေ မဆင်မခြင်မောင်းလို့ ကားတွေ၊ ဆိုင်ကယ်တွေ အောက်ပြုတ်ကျတာ မကြာခဏဖြစ်နေပါတယ်။ အန္တရာယ်ကွေ့ကိုက် ၁၀၀ အကွာမှာ သတိပေးလမ်းညွှန်ဆိုင်း ဘုတ်နဲ့ လမ်းကွေ့အချက်ပြ ဖြူ နီ ကျားကျောက်တိုင်တွေ စိုက်ထူပေးထားတာ အောက်တိုဘာလကစပြီး သတိပေးလမ်းညွှန်ဆိုင်းဘုတ်လည်း မရှိတော့ဘူး။ နောက်ပြီး ကားတွေ၊ ဆိုင်ကယ်တွေ ဝင်တိုက်လို့ ဖြူ နီ၊ ကျားကျောက်တိုင်တွေ အောက်ပြုတ်ကျပြီး ကျန်တဲ့ကျောက်တိုင်တွေ ယိုင်လဲနေတာတွေ တွေ့နေရတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက အမြန်ဆုံး ပြန်လည်ပြုပြင်ပေးဖို့ လိုအပ်နေပါပြီ” ဟု ခရီးသွားပြည်သူတစ်ဦးကပြောသည်။



ဖျာပုံမြို့တွင် အနယ်နယ်အရပ်ရပ်မှခရီးသွားပြည်သူများနှင့် ဖျာပုံမြို့ရှိပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဖျာပုံတံတားကြီး၏ အဆင်းအန္တရာယ်ကွေ့တွင် တံတားကြီး၏ ဂုဏ်အင်္ဂါရပ်နှင့်ညီညွတ်စေရန်နှင့် ယာဉ်မောင်းသူများ သတိထားမောင်းနှင်စေရန်အတွက် သတိပေးလမ်းညွှန် ဆိုင်းဘုတ်များ၊ ဖြူ နီ ကျား ကျောက်တိုင်များကို သက်ဆိုင်ရာ ဌာနများက အမြန်ဆုံးပြန်လည်စိုက်ထူပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

**(ဝ၇၁)**






ပြည်တွင်းသတင်းနှင့်ဆောင်းပါး

● ကျောဖုံးမှ

# နော်ဝေနိုင်ငံမိဖုရား ဆွန်ယာ၏ ကိုယ်ရေးအကျဉ်း

နော်ဝေတော်ဝင်မိသားစုသည် အားကစားနှင့် ပြင်ပ အပန်းဖြေ လှုပ်ရှားမှုများတွင် ဝါသနာထုံသည်။ ဟာရယ်ဘုရင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အလေးအနက် ပါဝင်ဆောင်ရွက်ပြီး ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့၊ နော်ဝေရုံး၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်း ၂၀ ခန့် တာဝန်ထမ်းဆောင်ခဲ့သည်

မိဖုရား ဆွန်ယာအား ၁၉၃၇ ခုနှစ် ဇူလိုင် ၄ ရက်တွင် အော်စလိုမြို့၌ ဖွားမြင်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဟာရယ်ဘုရင် နန်းတက်သောအခါ ၅၃ နှစ်တွင် နော်ဝေနိုင်ငံ၏ ပထမဆုံးသော မိဖုရား ဖြစ်လာခဲ့သည်။

၄င်းသည် ၁၉၅၄ ခုနှစ်တွင် အလယ်တန်းအောင်မြင်ခဲ့ပြီး အော်စလို အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းမှ အဝတ်အထည်ချုပ်လုပ်ခြင်း ပညာရပ်ဖြင့် ဒီပလိုမာရရှိခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ လိုဇန်းမြို့ရှိ အမျိုးသမီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း၌လည်း လူမှုရေးသိပ္ပံ၊ စာရင်းအင်းပညာ၊ အဝတ်အထည် ဒီဇိုင်းရေးဆွဲခြင်းပညာရပ်တို့ကို သင်ယူခဲ့သည်။ ယင်းနောက် နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်မှ ပြင်သစ်၊ အင်္ဂလိပ်နှင့် အနုပညာ၊ သမိုင်းဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မိဖုရားဆွန်ယာသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ပြီး ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများစွာတွင် နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၄င်းသည် နော်ဝေမိဖုရားတစ်ဦး၏ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်သည့် နယ်ပယ်များတွင် စိတ်ဝင်စားမှုရှိပြီး အနုပညာနှင့် ယဉ်ကျေးမှုတို့တွင် အထူးဝါသနာပါသူဖြစ်သည်။

# ဒုတိယဝန်ကြီးဦးတင်ဦးလွင် ဆာ့ခ်ထိပ်သီးအစည်းအဝေး တက်ရောက်ရာမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ နိုဝင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(၁၈)ကြိမ်မြောက်ဆာ့ခ်ထိပ်သီးအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ/အစိုးရအကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ လေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ဆာ့ခ်အဖွဲ့၏ လေ့လာသူနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်သည် (၁၈) ကြိမ်မြောက် ဆာ့ခ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

ပြေးဆွဲမည်ဖြစ်ရာ ပုဇွန်တောင်-ပန်းဆိုးတန်း၊ ပန်းဆိုးတန်း-ထော်လီကွေ့ အပိုင်းနှစ်ပိုင်းခွဲခြား ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းလမ်းကြောင်းတွင် ပန်းဆိုးတန်း ရပ်စခန်း၊ ဆူးလေရပ်စခန်း၊ ရွှေတိဂုံ ရပ်စခန်း၊ စဉ့်အိုးတန်း ရပ်စခန်း၊ မော်တင်ရပ်စခန်း၊ ဝါးတန်း ရပ်စခန်း၊ ထော်လီကွေ့ ရပ်စခန်းများ သတ်မှတ်ထားကြောင်း သိရသည်။ ဗိုလ်တထောင်ဘုရားဝင်ပေါက်အနီးနှင့် အလုံထော်လီကွေ့တို့၌ ရပ်စခန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးလုနီးပါးရှိနေပြီ ဖြစ်သည်ကို တွေ့ရသည်။

အလုံထော်လီကွေ့ရပ်စခန်း အလွန် ကမ်းနားလမ်းမသစ်ကိုဖြတ်၍ ရထားသံလမ်းများရှိသေးသော်လည်း ကမ်းနားလမ်းမဟောင်းပေါ်ရှိ ရထားသံလမ်းများမှာ မရှိတော့ကြောင်း၊ ယင်းနေရာလမ်းကြောင်းမှတစ်ဆင့် မြို့ပတ်ရထားလမ်းနှင့် ချိတ်ဆက်ကာ ကုန်ရထားတွဲများ ယခင်ပြေးဆွဲခဲ့သော်လည်း ကမ်းနားလမ်းမသစ်စတင် အသုံးပြုချိန်တွင်မူ ကမ်းနားလမ်းဖြတ်၍ မြို့ပတ်ရထားလမ်းကြောင်းနှင့် ချိတ်ဆက်၍ ရထားပြေးဆွဲမှုမရှိဘဲ ကမ်းနားလမ်းသစ်တစ်လျှောက်သာ ကုန်ရထားတွဲများ ပြေးဆွဲမှုရှိသည်ဟု အလုံထော်လီကွေ့တွင် နေထိုင်သူတစ်ဦးကဆိုသည်။

**ခင်ဆိုင်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုး ခေါင်းဆောင်သောအဖွဲ့အား တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော စောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စစ်ထောက်ချုပ်အဆင့်ရှိ စောအိုင်းဇက်၊ ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့် စစ်ရေးအကြံပေးစောထူးထူးလေး၊ ကော့ကရိတ်ခရိုင်ဥက္ကဋ္ဌ ပဒိုရွှေမောင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

နှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများအရ တပ်မတော်နှင့် KNU အဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးဆောင်ရွက်မှုများအပေါ် အားရကျေနပ်မှုရှိကြောင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေး မူခြောက်ချက်နှင့် ပတ်သက်၍ တိတိကျကျလိုက်နာရန်ဆိုသည်ထက် အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍လည်း ပြင်ဆင်သင့်သည့် အချက်များကို ဥပဒေနှင့်အညီ ပြင်ဆင်သွားရန် လက်ခံကြကြောင်း၊ တပ်မတော်နှင့် KNU အဖွဲ့တို့အကြား ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုးတို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၁၅)ကြိမ်မြောက် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15)နှင့် (၂၄)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 24th ASEAN Armies Rifle Meet (24th AARM) ပိတ်ပွဲအခမ်းအနားတက်ရောက်ပြီး ယနေ့ ညနေ ၆ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်တွင် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သမားတော်ကြီး ဦးရဲမြင့် ၏
ခြင်္သေ့ညီနောင် အကြောအားတိုးဆေး
(လူကြီးတိုင်း မရှိမဖြစ်ဆောင်ထားသင့်သည့်ဆေးစွမ်းတစ်လက်)
အသက် (၄၀) နှင့်အထက် လူကြီးများတွင် အများဆုံး တွေ့ကြုံခံစားရသည့် ဝေဒနာများ ဖြစ်ပါသည်။
♣ ခန္ဓာကိုယ်အောက်ပိုင်းရှိ အကြောများ လေးလံခြင်း။ အကြောဆိုင်းခြင်း။
♣ ကြာကြာထိုင်ပြီး ရုတ်တရက် ထလှုပ်မထနိုင်ခြင်း။
♣ ဒူးဆစ်အကွေးအဆန့် မကောင်းခြင်း။
♣ လမ်းလျှောက်လျှင် လေးလံခြင်း။ တုံ့ဆိုင်းခြင်း။ ကိုယ်လက်မအီမသာဖြစ်ခြင်း။
♣ ဒူးခေါင်းမှ ခြေဖျားအထိ အေးစက်ပြီး ထုံကျင်ခြင်း။ သွေးလေမလျှောက်ခြင်း တို့အတွက်


တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 011337(0115)
အမှတ် (၂) ကန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ ၆၆၄၆၃၆
ဤဆေးကို ပုံမှန်မှီဝဲခြင်းဖြင့် လူငယ်တစ်ယောက်ကဲ့သို့ သွက်လက်ဖျတ်လတ်စေနိုင်ပါသည်။

## နိုင်ငံတကာသတင်း

# အိန္ဒိယစီးပွားရေး မျှော်မှန်းသည်ထက်ကျဆင်း

**နယူးဒေလီ နိုဝင်ဘာ ၂၉**

နှစ်ဆန်းပိုင်းမှစတင်ကာ ဇူလိုင်လမှ စက်တင်ဘာလအတွင်း အိန္ဒိယစီးပွားရေးတိုးတက်မှုနှုန်းသည် ၅ ဒသမ ၃ ရာခိုင်နှုန်းသာရှိရာ ယခင်တတိယသုံးလပတ်၌ ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

နှစ်ဆန်းပိုင်းကထက် စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းသွားသော်လည်း အများစုက ပြန်လည်ကောင်းမွန်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ အဆိုပါစာရင်းဇယားသည် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီလက်ထက်တွင် ပထမသုံးလပတ်တစ်ခုလုံးကို လွှမ်းခြုံနိုင်ခဲ့သည်။

ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးကဏ္ဍနှစ်ခုစလုံး ကောင်းမွန်သော်လည်း မိုးရွာသွန်းမှုနည်းပါး၍ ထိခိုက်မှုရှိခဲ့သည်။ အိန္ဒိယဂျီဒီပီသည် မျှော်မှန်းထားသည်ထက်ကျဆင်းလျက်ရှိသည်။ ဝါရင့်စီးပွားရေးပညာရှင် ရှီမွန်းချာခရာဘာတီက ပြောသည်။ **(ဘီဘီစီ)**



# ပြင်သစ်သမ္မတဟောင်း ဆာကိုဇီ သမ္မတပြန်ဖြစ်ရန် ရေပန်းစား

**ပါရီ နိုဝင်ဘာ ၂၉**

ပြင်သစ် ကွန်ဆာဗေးတစ်များအနေဖြင့် နိုင်ငံရေးလောကသို့ ပြန်လာနိုင်သော နီကိုလတ်ဆာကိုဇီအား လာမည့်ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ကြမည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံ၏ အဓိက အတိုက်အခံပါတီ ယူအမ်ပီပါတီက ၎င်းတို့၏ ဥက္ကဋ္ဌဖြစ်လာနိုင်သောသူအတွက် မဲပေးဆုံးဖြတ်ကြမည်ဖြစ်သည်။

ပြင်သစ်သမ္မတအဖြစ်သက်တမ်းတစ်ကြိမ် ထမ်းဆောင်ခဲ့သော မစ္စတာဆာကိုဇီသည် အဆိုပါမဲပေးရာတွင် အနိုင်ရရှိရန်ရေပန်းစားနေသည်။ ပါတီကရွေးချယ်ပေးလိုက်သူသည် ၂၀၁၇ ခုနှစ်သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းဖြစ်လာမည်ဖြစ်သည်။ မဲပေးမှုကာလသည် နှစ်ရက်တာဖြစ်ပြီး စနေနေ့တွင် အဆုံးသတ်မည်ဖြစ်သည်။

အဆိုပါ သမ္မတလောင်းရာထူးနေရာအတွက် မစ္စတာဆာကိုဇီသည် ဘာရူနိုလီမာရီနှင့်ဟာဗီမာရီတန်တို့ကို အဓိကစိန်ခေါ်ရမည် ဖြစ်သည်။ သို့သော်လည်း သမ္မတလောင်းဆာကိုဇီသည် ၂၀၁၂ သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော ဆိုရှယ်လစ်ဝါဒီ ဖရန်ဆွာဟော်လန်ကို အနိုင်ရရှိရန်ရေပန်းစားနေသည်။ လက်ရှိသမ္မတမစ္စတာဟော်လန်သည် ပြင်သစ်ခေတ်သစ်သမိုင်းတွင် လူကြိုက်အနည်းဆုံးသမ္မတဖြစ်နေသည်။ ယူအမ်ပီပါတီအနေဖြင့် ဆာကိုဇီအား ပါတီဥက္ကဋ္ဌပြန်ရွေးပြီး ၂၀၁၇ ခုနှစ် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ဖွယ်ရှိသည်။ **(ဘီဘီစီ)**

# အသရေဖျက်မှုဖြင့် ဘလော့ဂါတစ်ဦးကိုစွဲဆိုသည့် အမှုတွင် စင်ကာပူတရားရုံးချုပ်က ဝန်ကြီးချုပ် လီရှန်လွန်းကိုအနိုင်ပေး

**စင်ကာပူ နိုဝင်ဘာ ၂၉**

အသရေဖျက်မှုဖြင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက အွန်လိုင်းဘလော့ဂါတစ်ဦးကိုတရားစွဲဆိုသောအမှုတွင် စင်ကာပူတရားရုံးချုပ်က ဝန်ကြီးချုပ်အား အနိုင်ပေးကြောင်း နိုဝင်ဘာ ၂၈ရက်တွင် အမိန့်ချမှတ်လိုက်သည်။ အဆိုပါ ဖြစ်ရပ်မှာ ဝန်ကြီးချုပ် လီရှန်လွန်းက အွန်လိုင်းမှ ဝေဖန်သူတစ်ဦးကို ပထမဆုံးအကြိမ်တရားစွဲဆိုမှုဖြစ်ပြီး နိုင်ငံတော်၏ အငြိမ်းစားလစာ ရန်ပုံငွေများကို ဝန်ကြီးချုပ်က အလွဲသုံးစားလုပ်ခဲ့သည်ဟူသောစွပ်စွဲချက်ကို အင်တာနက်မှတစ်ဆင့် ဖြန့်ချိခဲ့မှုအား တုံ့ပြန်လိုက်သည့်ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်သည်။

အဆိုပါ စွပ်စွဲချက်ကိုဖြန့်ချိခဲ့သူမှာ အသက် ၃၃နှစ် အရွယ်ရှိ အစိုးရအလုပ်သမားဟောင်းတစ်ဦးဖြစ်ပြီး "နှလုံးသားသစ္စာ" အမည်ခံကာ ရေးသားနေသည့် ဘလော့ဂါတစ်ဦးဖြစ်သည်ဟု အေအက်ဖ်ပီသတင်းအရ သိရသည်။ ထိခိုက်နစ်နာမှုအတွက် လျော်ကြေးငွေကိုကြေညာသွားမည်ဖြစ်ကြောင်း၊ စင်ကာပူတရားရုံးချုပ်တွင် ကြားနာသည့်တရားမမှုများတွင် နစ်နာကြေးအနေဖြင့် အနည်းဆုံး စင်ကာပူဒေါ်လာ ၂၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၀၀၀၀) ပေးလျော်စေလေ့ရှိကြောင်း သတင်းများက ဆိုသည်။

ယခုကိစ္စတွင် အသရေဖျက်မှုမြောက်သည်ကို သံသယရှိစရာမလိုကြောင်း၊ တရားလိုအပေါ်တွင် ရာဇဝတ်မှုမြောက်သည့် အလွဲသုံးစားမှုပြုခဲ့သည်ဟုအထင်ရောက်စရာ ဖော်ပြခဲ့ကြောင်း တရားသူကြီး၏ စီရင်ချက်၌ ဖော်ပြခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ခံခေါင်းဆောင်အနေဖြင့် ပြည်သူ့ရေးရာ မူဝါဒများနှင့်ဆက်နွှယ်သည့်ကိစ္စရပ်များအပေါ် ၎င်း၏ ပြည်သူများက ဝေဖန်မှုကို မခံနိုင်သည်မှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း ဗန်ကောက်အခြေစိုက်အာရှ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်ဟု ရိုက်တာကဖော်ပြသည်။ **(IBT)**

# ဆိုက်ပရပ်စ်သမ္မတ အမေရိကန်တွင် နှလုံးခွဲစိတ်မှုခံယူမည်

**နီကိုးရှား နိုဝင်ဘာ ၂၉**

ဆိုက်ပရပ်စ်သမ္မတနီကော(စ်) အနာစတာဆီတတ်သည် အမေရိကန်၌ ဒီဇင်ဘာ ၄ ရက်တွင် နှလုံးခွဲစိတ်မှု ခံယူလိမ့်မည်ဖြစ်ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ်က အင်္ဂါနေ့တွင် ပြောကြားသည်။

အသက် ၆၈ နှစ်ရှိပြီဖြစ်သော သမ္မတ အနာစတာဆီတတ်အနေဖြင့် ခွဲစိတ်မှုခံယူရန် နိုဝင်ဘာ ၂၉ ရက်တွင် အမေရိကန်သို့ထွက်ခွာမည် ဖြစ်ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ် နီကော့ခရစ်စတိုဒေါလပ်က ပြောကြား လိုက်သည်။

ဆေးလိပ်အလွန်အကျွံသောက်သောသမ္မတအား နှလုံးခွဲစိတ်ကုသမှုခံယူရန် ဆရာဝန်များက အစောပိုင်းက အကြံပြုခဲ့ကြသည်။ မကြာသေးမီက သမ္မတက မိမိ၏ ခွဲစိတ်ကုသမှုကို ခရစ္စမတ် အားလပ်ရက်များ ပြီးသည့်နောက် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အနာစတာဆီတတ်ကို ဆိုက်ပရပ်စ်၏ သမ္မတအဖြစ်ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ရန် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက ရွေးချယ်ခဲ့သည်။ **(ရိုက်တာ)**

# တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ ဆေးလိပ်သောက်သုံးမှုပိတ်ပင်မည်




**ပေကျင်း နိုဝင်ဘာ ၂၉**

တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ ပေကျင်းမြို့တော် တာဝန်ရှိသူများ၏ အစီအမံများအရ ဆေးလိပ်သောက်သုံးသူအားလုံးအား အများပြည်သူနှင့်ဆိုင်သောနေရာအားလုံးတွင် ဆေးလိပ် သောက်သုံးခြင်းကို ပိတ်ပင်ဖွယ်ရှိသည်။

စီးကရက် ကြော်ငြာခြင်းကို ရုပ်ရှင်၊ မဂ္ဂဇင်း၊ သတင်းစာဂျာနယ်နှင့် အများပြည်သူများနှင့်ဆိုင်သောနေရာများအားလုံး ပိတ်ပင်လိုက်ပြီဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့်တားဆီးပိတ်ပင်မှုဖြစ်လာသည်။

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ သန်း ၃၀၀ နီးပါးရှိကြောင်း ခန့်မှန်းထားသည်။ ယခင်ကလည်း ပိတ်ပင်ရန်ကြိုးစားခဲ့ရာ အောင်မြင်မှုမရဘဲ အဆုံးသတ်ခဲ့သည်။

အဆိုပါ ဆေးလိပ်သောက်သုံးမှုပိတ်ပင်ခြင်းကို လာမည့်နှစ် ဇွန်လတွင်စတင်ဖွယ်ရှိပြီး ကနဦးအနေဖြင့် မြို့တော်ပေကျင်း၌သာ ဆောင်ရွက်ဖွယ်ရှိသည်။ သို့သော်လည်း တာဝန်ရှိသူများအနေဖြင့် သန်းပေါင်း ၁၃၀၀ ကျော် ပြည်သူများအတွက် နိုင်ငံ၏ ကျန်သောဒေသများ၌လည်း ပိတ်ပင်မှုများ ဆက်လက်ပြုလုပ်ဖွယ်ရှိသည်။

ယင်းပိတ်ပင်မှုအရ ဆေးလိပ်သောက်သုံးခြင်းကို ဘတ်စ်ကားများပေါ်၌လည်းကောင်း၊ အလုပ်၊ ဆေးရုံ၊ ကျောင်းပတ်ဝန်းကျင်တို့၌ လည်းကောင်း ပိတ်ပင်သွားမည်ဟု သိရသည်။ တရုတ်ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်က ဟိုတယ်နှင့် စားသောက်ဆိုင်များကဲ့သို့သော ကျန်းမာရေးနေရာများ၌ ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ထားသည်။ **(ဘီဘီစီ)**

# ရာသီဥတုအလွန်အမင်းဆိုးရွားကာ ဂါဇာပြည်သူများ ရေဘေးဒုက္ခခံစားနေရ

**ဂါဇာ နိုဝင်ဘာ ၂၉**

ဂါဇာကမ်းမြောင်ဒေသတွင် ရာသီဥတု လွန်ကဲစွာ ဆိုးရွားပြီး ရေကြီးမှုများ လွန်ခဲ့သောရက်အနည်းငယ်ကဖြစ်ပွားခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

သိမ်းပိုက်ခံ ဂါဇာကမ်းမြောင်ဒေသသည် အစ္စရေးတို့ဆင်နွှဲခဲ့သည့် နောက်ဆုံး စစ်ပွဲဒဏ်ကြောင့် ဒေသတွင်း ပျက်စီးယိုယွင်းနေသော အဆောက် အအုံများတွင် နေထိုင်ကာ ရေလွှမ်းမိုးမှုများ ကြုံတွေ့နေရသည့် ဒေသခံများကို ၎င်းတို့၏အိမ်များမှ ရေလွတ်ရာသို့ ပြောင်းရွှေ့ရန် တိုက်တွန်းထားသည်။

ရေကြီးမှုကြောင့် နာဖက်ဒေသရှိ လူများကို ၎င်းတို့၏နေအိမ်များတွင်နေ၍ အရေးပေါ်အကူအညီများကို စောင့်ဆိုင်းရန် တိုက်တွန်းပြောကြားထားသည်။

ဤကဲ့သို့ ရေကြီးမှုသည် ယခင်နှစ်ကလည်းဖြစ်ပွားခဲ့ကြောင်း ယခုနောက်ထပ်တစ်ကြိမ်ထပ်မံ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ရေမျက်နှာပြင်သည် ၂ မီတာခွဲထက် ပိုမြင့်လာကြောင်း၊ မိမိအိမ်ပထမထပ်မှာ လုံးဝရေမြုပ်သွားသောကြောင့် ဒုတိယထပ်တွင်နေရကြောင်း ရေလွှမ်းမိုးမှုဖြစ်ပွားနေသော ဂါဇာကမ်းမြောင်ဒေသနေပြည်သူတစ်ဦးက ပရက်စ်တီဗွီသို့ ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသအာဏာပိုင်များသည် ရေဘေးဒုက္ခအကျပ်အတည်းကို အလျင်အမြန်ဖြေရှင်းနေရပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ကြိုးပမ်းနေကြသည်။

ကြောက်မက်ဖွယ်ရာ ရေလွှမ်းမိုးမှုသည် ဂါဇာကမ်းမြောင်ဒေသတွင်း ဖြစ်ပွားလျက်ရှိသောကြောင့် ၎င်းဒေသ၏ အိမ်ဈေးနှုန်းများလည်း သိသာစွာ ကျဆင်းလာကြောင်း သိရသည်။

ရေလွှမ်းမိုးမှုများ ဖြစ်ပွားပြီး လယ်ယာမြေများ ပျက်စီးနေသည့် ဤဒေသကို စိတ်ဝင်စားမည့်သူများ ရှိမည်မဟုတ်ကြောင်း၊ အခြားနေရာတစ်ခုတွင် ပြောင်းရွှေ့ပြီးအခြေချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးစစ်ပွဲကြောင့် ဂါဇာကမ်းမြောင်ဒေသသည် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပွားခဲ့ပြီး အဓိကအရေးကြီးသောအခြေခံအဆောက်အအုံများနှင့် မြို့၏ ရေစီးရေလာစနစ်ကို ထိခိုက်ပျက်စီးစေခဲ့သောကြောင့် ဤကဲ့သို့ရေကြီးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**



ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# လှိုင်သာယာ ဝါးဟားဟားရေခဲမုန့်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွေဥက္ကံကျေးရွာ စက်မှုဇုန်(၃) ကျန်စစ်သားလမ်းတွင်ရှိသော ဝါးဟားဟားရေခဲမုန့်စက်ရုံ၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



လျှပ်စစ်မီးမလာ၍ စက်ရုံမှ မီးစက်နှိုးရာ RC အဆောက်အအုံပေ (၁၅×၆၀)အပေါ်ထပ်လူနေအခန်း မီးပူမှုတစ်ဆင့် အဝတ်များမီးစွဲ၍ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများရောက်ရှိ၍ မီးသတ်ယာဉ် စုစုပေါင်းအစီး ၂၀ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး မွန်းတည့် ၁၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

စက်ရုံရှေ့တွင် ကျူးကျော်တဲများ အစီအရီနေထိုင်လျက်ရှိပြီး လူနေထူထပ်သော ရွေဥက္ကံကျေးရွာနှင့် တစ်ဆက်တည်းရှိနေသည့်အပြင် ရာသီဥတုပူသော နေ့လယ်ခင်းအချိန်ဖြစ်သောကြောင့် မီးသတ်ယာဉ်များဖြင့်သာ မီးငြိမ်းသတ်သွားခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုကြောင့် စက်ရုံမန်နေဂျာ ဦးမော်စီ(ခ) ဦးဇော်ထွန်းနိုင်(၄၂နှစ်)ကို လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားသည်။ **သန်းထိုက်(လှိုင်သာယာ)**



# ပုသိမ်မြို့ ဆီဂိုဒေါင်ဇုန်ရပ်ကွက်၌ ဆီဂိုဒေါင်ထဲရှိ ဆီပုံးများ ဓာတ်ဆီများဖြည့်သွင်းနေစဉ် မီးလောင်မှုဖြစ်ပွား

**ပုသိမ် နိုဝင်ဘာ ၂၉**

ပုသိမ်မြို့ အမှတ်(၁၃)နယ်မြေ ကင်မလင်းကျွန်းစက်မှုဇုန်အနီးရှိ ဆီဂိုဒေါင်ဇုန်ရပ်ကွက်အမှတ် M-51 နေ ဦးဝင်းကျော်(၅၀နှစ်)၏ ဆီဂိုဒေါင်၌ နိုဝင်ဘာ ၂၇ ရက် ည ၉နာရီက စက်သုံးဆီဂါလန် ၂၈၀၀ ပါရှိသော ဆီသယ်ယာဉ် ၉က/--- မှဆီတင်လုပ်သား မျိုးလှိုင်(၃၁နှစ်)သည် ဂိုဒေါင်ထဲက ဆီပုံးများသို့ ဓာတ်ဆီများဖြည့်သွင်းနေစဉ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ပုသိမ်အမှတ်(၁)မီးသတ်စခန်းနှင့်အမှတ်(၂)မီးသတ်စခန်း၊ ကန်ကြီးထောင့်၊ ငပုတော၊ ကျောင်းကုန်းမြို့နယ် မီးသတ်စခန်းများနှင့် ပုသိမ်လေတပ်စခန်းဌာနချုပ်မှ မီးသတ်ယာဉ်များအပါအဝင် မီးသတ်ကား ၁၂ စီး၊ ရေသယ်ယာဉ် သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မိနစ် ၄၀ အတွင်း မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုကြောင့် ဓာတ်ဆီဂိုဒေါင်တစ်လုံး၊ ဆီသယ်ယာဉ်ခေါင်းပိုင်းမီးလောင်ဆုံးရှုံးပြီး ဆီသယ်/တင်ချလုပ်သား ဦးလှငွေ (၆၀နှစ်) ထိခိုက်ဒဏ်ရာရရှိသွားသည်။ ထို့ကြောင့် ပေါ့ဆစွာပြုလုပ်သူ ဆီသယ်လုပ်သား မျိုးလှိုင်ကို ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ယင်းမီးလောင်မှု ဖြစ်ပွားခဲ့သော ဆီဂိုဒေါင်ဇုန်၌ ၂၀၁၂ ခုနှစ်က တစ်ကြိမ် ဆီသယ်ယာဉ်မှဆီဂိုဒေါင်တိုင်ကီထဲသို့ ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဆီဂိုထောင်နှစ်လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# မြိတ်မြို့ အဝေးပြေးကားဝင်းစားသောက်ဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွား

**မြိတ် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ် အဝေးပြေးကားဝင်းပထမလမ်း ဆိုင်ခန်းအမှတ်(၅၈)တွင် နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားချိန်တွင် စားသောက်ဆိုင်ပိုင်ရှင်သည် ဆိုင်ပိတ်ပြီး မြို့တွင်းသို့ သွားရာ မီးပလတ်ခုံတွင် တယ်လီဖုန်းအားသွင်းစက် အပူလွန်ကဲရာမှ အနီးရှိ မွေ့ရာသို့ ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကို မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးတို့ကကြီးကြပ်၍ မီးငြိမ်းသတ်ရေယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ခြောက်စီးဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပြည်သူများက အဆောက်အအုံ အမိုးအထိတက်၍ ငြိမ်းသတ်ခဲ့ကြရာ ည ၇ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ထက်အိန္ဒြေကျော် စားသောက်ဆိုင် ကြမ်းခင်းအလျား ပေ (၁၄×၂၀) ဆိုင်အတွင်းရှိ ပစ္စည်းများဆိုင်ခန်းအမှတ် (၅၇)နှင့် (၅၉)အမိုးအနည်းငယ်စီ မီးဟပ်ခံရသည်။ ဦးကျော်ကျော်ဦးကို မြိတ်မြို့မရဲစခန်းက မီးပေါ့ဆမှုကြောင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် စစ်တွေမြို့တို့၌ ဒိုင်ယာဇီပင်ထိုးဆေးပုလင်း ၇၃၁၀၀ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုဝင်ဘာ ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း ရိုးမစွမ်းအင်ကားဂိတ်တွင် Sedil Injection (ဒိုင်ယာဇီပင်) ထိုးဆေးပုလင်း ၂၆၈၇၀ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ စစ်တွေမြို့မှ ဘသိန်းဆိုသူ ပို့လိုက်ခြင်းဖြစ်ကြောင်း ဖော်ထုတ်ချက်အရ မူးယစ်တပ်ဖွဲ့စု (၄၇) စစ်တွေမှ စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ရိုးမစွမ်းအင်ကုန်သိုလှောင်ရုံတွင် ဘသိန်းနှင့် သုံးဘီးဆိုင်ကယ်မောင်းနှင်သူ ကျော်အေးလှိုင်တို့နှစ်ဦးအား Sedil (ဒိုင်ယာဇီပင်) ထိုးဆေးပုလင်း ၃၀၇၁၀ ပုလင်း၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ စစ်တွေမြို့ မြို့သူကြီးရပ်ကွက် သိန်းကမ္ဘာလမ်းနေ မပန်းမြဖြူ၏ နေအိမ်မှ Sedil (ဒိုင်ယာဇီပင်) ထိုးဆေးပုလင်း ၅၀၀၀ တို့ကိုလည်းကောင်း၊ (ဒိုင်ယာဇီပင်)ထိုးဆေးပုလင်းများအား ရန်ကုန်မြို့တွင် လက်ခံရယူမည့် ရဲရင့်(ခ) ညီညီ (ခ)ချစ်ဦးကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း ရိုးမစွမ်းအင်ကားဂိတ်အနီး၌ဖမ်းဆီးရမိပြီး ၎င်းငှားရမ်းထားသည့် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် တော်ဝင်ပလာဇာ (ပ)ထပ် ဆိုင်ခန်းအမှတ် (၁၀၈)မှ Sedil (ဒိုင်ယာဇီပင်) ထိုးဆေးပုလင်း ၁၀၅၂၀ ပုလင်းတို့ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဒိုင်ယာဇီပင် ထိုးဆေးများမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ် ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၀၂ ဖြင့် ထုတ်ပြန်ထားသည့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်ပြီး အဆိုပါထိုးဆေးပုလင်း ၇၃၁၀၀ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဘသိန်း(၃၆ နှစ်)၊ ကျော်အေးလှိုင် (၃၀နှစ်)၊ မပန်းမြဖြူ (၆၀နှစ်)နှင့် ရဲရင့်(ခ) ညီညီ(ခ)ချစ်ဦး (၃၂ နှစ်) တို့လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





ဘသိန်း၊ ကျော်အေးလှိုင်၊ မပန်းမြဖြူနှင့် ရဲရင့်(ခ)ညီညီ(ခ) ချစ်ဦးတို့အား ဖမ်းဆီးရမိသော ဒိုင်ယာဇီပင်ထိုးဆေးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင် ကြေညာချက် (၀၅/၁၄)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲအတွက် အဆိုပြုလွှာများ တင်သွင်းရန် နောက်ဆုံးရက်ကို ၁-၁၂-၂၀၁၄ရက်မှ ၁၀-၁၂-၂၀၁၄ ရက်အထိ ထပ်မံရက်တိုးမြှင့်လိုက်ပါ၍ အဆိုပြုလွှာများ တင်သွင်းရန် နှိုးဆော်လိုက်ပါသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်




## အကြိမ်(၂၀)မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (20 th ATM) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများအား ပို့ဆောင်ရေးဝန်ကြီးဌာနမှ

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများနှင့် နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးများအား မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်နှင့် ဟိုတယ်ရွှေပြည်သာတို့တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ထိုကဲ့သို့ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကိုယ်ရောစိတ်ပါ အဘက်ဘက်မှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဆက်ဆံရေးအရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှတာဝန်ခံ၊ ယာဉ်ကြီးကြပ်သူနှင့် ယာဉ်မောင်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အချိန်ပြည့် လုံခြုံရေးကြီးကြပ်ဆောင်ရွက်ပေးကြသော တာဝန်ရှိသူများနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖျော်ဖြေတင်ဆက်ပေးသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဆက်ဆံရေးအရာရှိများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်၊ ဟိုတယ်ရွှေပြည်သာ၊ ကရဝိက်ရေပေါ်ဟိုတယ်နှင့် ကုက္ကိုကျွန်းစားသောက်ဆိုင်တို့မှ ဝန်ထမ်းများအားလုံးတို့အား ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးပင်ကျေးဇူး ဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အနက်တူစကားလုံးများ - ၂

မောင်ခင်မင်(ဓနုဖြူ)

"ကဲ. . . အနက်တူတဲ့ စကားလုံးတစ်ခုကို ထပ်စဉ်းစားကြည့်ရအောင်၊ လူတိုင်းမလွဲမရှောင်နိုင်တဲ့ 'သေခြင်းတရား'ကို ရည်ညွှန်းတဲ့ အနက်တူစကားလုံးတွေလည်း အများကြီးရှိတယ်။ အရင်းခံအကျဆုံးစကားလုံးက ဘယ်ဟာဖြစ်မယ်ထင်သလဲ"

" 'သေ'ဆိုတဲ့ စကားလုံးပဲ ဖြစ်မယ်ထင်ပါတယ် ဆရာ"

"ဟုတ်ပါတယ်။ 'သေ'ဆိုတဲ့ စကားလုံးဟာ အရင်းခံအကျဆုံးပါ။ ပုဂံခေတ်က ကျောက်စာတွေမှာ 'သေခဲ့ရကား'တို့ 'သေခြင်း'တို့ဆိုတဲ့ စကားတွေ အစောပိုင်းကတည်းက တွေ့ရတယ်။ 'သေ'ဆိုတဲ့ စကားလုံးဟာ ဒီနေ့အထိ တိုက်ရိုက်အကျဆုံး၊ အကျယ်ပြန့်ဆုံး သုံးနေတဲ့ စကားပဲလေ"

"ဟုတ်တယ်နော် ဆရာ။ သမီးတို့ နေ့စဉ်သုံးနေတဲ့ စကားတွေထဲမှာ 'သေရေးရှင်ရေး'တို့၊ 'အသေဖြောင့်ဖို့'တို့ ၊ 'သူသေငါပို့'တို့ ၊ 'သေချင်တဲ့ကျားတောပြောင်း'တို့ဆိုတဲ့ စကားမျိုးတွေ အများကြီးပဲ"

"အေးကွဲ့၊ ဒီစကားလုံးက အများအကြောင်း ယေဘုယျသုံးတဲ့အခါ အလွယ်တကူ သုံးကြပေမယ့် အထူးသဖြင့် ကိုယ်နဲ့နီးစပ်တဲ့သူတွေအကြောင်း တစ်ဦးချင်းအကြောင်း သုံးရင်တော့ စိတ်ထဲမှာ ရိုင်းသလိုလို၊ ကြမ်းသလိုလို ထင်တတ်ကြတယ်။ ဒါကြောင့် 'သေ'လို့ တိုက်ရိုက်မသုံးဘဲ အနက်တူတဲ့ တခြားစကားလုံးတွေ ပြောင်းသုံးတတ်ကြတယ်ကွဲ့"

"ရှင်းပြပါဦးဆရာ၊ ကျွန်တော်သိပ်သဘောမပေါက်လို့ပါ"

"ဒီလိုလေ။ ဆိုပါတော့ကွယ်။ သားသူငယ်ချင်းတစ်ယောက်က နေမကောင်းနေတဲ့ သူ့အဖေ ညကသေသွားတဲ့အကြောင်း သားကိုပြောပြတယ် ဆိုပါတော့"

"ဘယ်လိုပြောတာမျိုး သားကြားဖူးသလဲ"

" 'ညက ငါ့အဖေဆုံးသွားပြီကွာ' လို့ ပြောတာမျိုး ကြားဖူးပါတယ်ဆရာ"

"အေး ကိုယ့်ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေတွေသေတဲ့အကြောင်း ပုံမှန်ပြောရင် 'ကျွန်တော့်ဦးလေး ဆေးရုံမှာဆုံးသွားပြီ'၊ "ဆရာကြီး မနက်က ဆုံးတယ်တဲ့" ဆိုတာမျိုး ပြောလေ့ရှိကြတယ်။ ကဲ 'ဆုံး'နေရာမှာ 'သေ' ထည့်ပြီး ပြောကြည့်စမ်း"

" 'ကျွန်တော့်ဦးလေး ဆေးရုံမှာသေသွားပြီ'၊ "ဆရာကြီး မနက်က သေတယ်တဲ့" လို့ ပြောရမှာပေါ့ ဆရာ။ ဟာ. . . ဟုတ်တယ်နော်၊ အဲဒီလို 'သေ' ဆိုတဲ့ စကားလုံးကြီးထည့်ပြီး ပြောရင် ရိုင်းသလိုလို စိတ်ထဲမှာ ခံစားရပါတယ် ဆရာ"

"အေး. . . 'သေ'ဆိုတဲ့ စကားလုံးဟာ တိုက်ရိုက်ကျလွန်းလို့ အဲဒီစကားလုံးကို ကိုယ်နဲ့နီးစပ်တဲ့သူတွေအတွက် သုံးဖို့ ဝန်လေးတတ်ကြတာ ထင်တယ်။ ဘယ်သူမဆို သေရမှာတော့ ကြောက်တယ်မဟုတ်လား"

"ဟုယ်ပါတယ် ဆရာ"

" 'ဆုံး' ကတော့ 'သေ' လောက်တိုက်ရိုက်မကျဘူး။ မပြင်းထန်ဘူး။ သိမ်မွေ့တယ်။ ဒါကြောင့် နီးစပ်တဲ့သူတွေ သေတဲ့အကြောင်းပြောရင် 'ဆုံး' လို့ အသုံးများတာပေါ့"

" 'ကွယ်လွန်တယ်' 'အနိစ္စရောက်တယ်'ဆိုတဲ့ စကားတွေကရော၊ ဘယ်လိုသဘောရှိပါသလဲ ဆရာ"

"ဒီစကားတွေက 'ဆုံး'လို အပြောစကားမှာသုံးတာမျိုးမဟုတ်ဘဲ စာရေးရာမှာသုံးတယ်လေ။ စာဆန်ပြီး ခံ့ခံ့ညားညားရှိတာပေါ့။ နာရေးကြော်ငြာတွေမှာကြည့်ရင် ဒီစကားတွေ အသုံးများတာတွေ့မှာပေါ့"

"နှစ်လုံးတွဲပြီး 'ကွယ်လွန်အနိစ္စရောက်တယ်'လို့လည်း သုံးတယ်မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ အနက်တူစကားတွေတွဲသုံးရင် ပိုပြီးခံ့ခံ့ညားညား ရှိတယ်လို့ ယူဆကြတယ်"

" သေနဲ့ဆုံးတွဲပြီး 'သေဆုံး' လို့သုံးတာကရော ဆရာ"

" 'သေ'လို့ တစ်လုံးတည်း မသုံးဘဲ 'သေဆုံး' လို့တွဲသုံးတော့ စာဆန်တာပေါ့ကွယ်။ 'ယာဉ်တိုက်မှုဖြစ်ပွားရာ ခရီးသည်ငါးယောက် သေဆုံးသွားသည်' ဆိုတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ. . . 'အသက်ထွက်သွားတယ်' 'အသက်ပျောက်သွားတယ်' ဆိုတာမျိုးက ရုတ်တရက်သေသွားတဲ့သဘောပါတယ်။ 'စကားမပီမသပြောရင်း အသက်ပျောက်သွားရော' ဆိုတာမျိုးပေါ့"

"ဆရာ'သေ'တာကို 'ကြွသွားပြီ' 'ဂန့်သွားပြီ' လို့ သုံးတာကရော ဘယ်လိုသဘောပါလဲ"

"အဲဒီစကားမျိုးကို ဗန်းစကားလို့ ခေါ်တာပေါ့။ ကိုယ့်အချင်းချင်း အပြောင်အပြက်သုံးရာက အသုံးတွင်လာတာတွေပေါ့။ အထူးသဖြင့် လူငယ်တွေပြောကြဆိုကြရာမှာသုံးလေ့ရှိတယ်။ ' လျှောသွားပြီ' တို့ 'မာလကီယားသွားပြီ' တို့ ' မာလက ဈာန်နဲ့ကြွသွားပြီ' တို့ အမျိုးမျိုးပါပဲ။ ခေတ်အလျောက် ပေါ်လာတတ်တဲ့ စကားမျိုးတွေပဲလေ"

" ဘဝတစ်ပါးပြောင်းသွားသည်လို့လည်း သုံးတယ်မဟုတ်လား ဆရာ"

"သေတယ်ဆိုတဲ့ အဓိပ္ပာယ်ရအောင် တွဲစပ်သုံးတဲ့ စကားတွေ အများကြီးရှိပါတယ်။ ပြောရင်ဆုံးမှာမဟုတ်ဘူး။ ဩော်. . . ပုဂ္ဂိုလ်အဆင့်အတန်းအရ ပုံသေသုံးတဲ့စကားတွေလည်း ရှိသေးတယ်နော်။ သားတို့သမီးတို့ သိတယ်မဟုတ်လား"

"ဘယ်လိုစကားမျိုးတွေပါလဲ ဆရာ"

" ဩော် ဘုရားဆိုရင် ဘယ်လိုသုံးတယ်၊ ဘုရင်ဆိုရင် ဘယ်လိုသုံးတယ် ဆိုတဲ့ စကားမျိုးတွေလေ"

"ဟုတ်ကဲ့၊ သိပါတယ်ဆရာ၊ ဘုရားဆိုရင်ပရိနိဗ္ဗာန်ပြုတယ်၊ ရဟန်းသံဃာဆိုရင် ပျံလွန်တော်မူတယ်၊ ဘဝနတ်ထံပျံလွန်တော်မူသည်လို့လည်း သုံးပါတယ်"

"သမီးလည်းပြောကြည့်ပါ့မယ်။ ဘုရင်ဆိုရင် နတ်ရွာစံတယ်၊ မိဖုရားမင်းသမီး၊ မင်းသားဆိုရင် ကံတော်ကုန်တယ်လို့သုံးပါတယ် ဆရာ"

"ဟုတ်ပါပြီ။ အခုဆရာတို့ ပြောကြ ဆိုကြတဲ့ အနက်တူစကားတွေကို ကြည့်ရင် ထပ်တူထပ်မျှတူတယ်ဆိုတဲ့အနက်တူစကားမျိုးကတော့ တော်တော်ရှားတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ထပ်တူထပ်မျှတူတဲ့အနက်တူစကားလုံးမျိုးလုံးဝမရှိတာတော့ မဟုတ်ဘူး။ အဲဒီလို ထပ်တူ တူမတူသိရအောင် တစ်လုံးနဲ့တစ်လုံး အစားထိုးကြည့်ပါလို့ ပညာရှင်တွေကဆိုကြတယ်။ အစားထိုးလို့ရရင် ထပ်တူတူတယ်၊ မရရင် မတူဘူးပေါ့"

"သာဓကကလေးပြောပြပါ ဆရာ"

"ဆိုပါတော့၊ ဒီစာရွက်တွေ 'မိတ္တူကူးထားတယ်'လို့ ပြောတဲ့စကားကို 'ဒီစာရွက်တွေကော်ပီကူးထားတယ်'လို့ 'မိတ္တူကူး'နေရာမှာ 'ကော်ပီကူး' လို့ အစားထိုးပြောလို့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဒီလိုဆိုရင် 'မိတ္တူကူး' နဲ့ 'ကော်ပီကူး'ဟာ အနက်ချင်းထပ်တူတူတယ်လို့ ဆိုနိုင်တာပေါ့"

"ဆိုနိုင်မယ်ထင်ပါတယ်ဆရာ။ ဒီစကားလုံးတွေက ပြောသူရဲ့သဘောထားတွေ၊ ခံစားချက်တွေ ကွဲပြားစရာမရှိပါဘူး။ တစ်လုံးကတစ်လုံးထက် အဓိပ္ပာယ်ကျယ်တာ ကျဉ်းတာလည်းမရှိနိုင်ပါဘူး ဆရာ"

"အဲဒီလိုပဲ ပညာရပ်ဆိုင်ရာ ဝေါဟာရတွေ ပြောင်းသုံးတာမျိုးမှာ ဥပမာ သားတို့ သမီးတို့သင်ရတဲ့ ဘိုင်အိုလိုဂျီကိုအခု 'ဇီဝဗေဒ'လို့ခေါ်တယ် မဟုတ်လား။ အရင်က 'ပါဏဗေဒ'လို့ခေါ်ဖူးတယ်။ အဲဒီစကားလုံး နှစ်လုံးဟာလည်းထပ်တူတူတယ်လို့ ဆိုနိုင်တာပေါ့"

"အစားထိုးလို့မရတာဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာ"

"ဥပမာကွဲ့ 'ငယ်'နဲ့ 'သေး'ဟာ အနက်တူစကားပဲ။ ဒါပေမယ့် နေရာတိုင်းမှာ ထပ်တူမတူဘူး။ 'ဒီကုလားထိုင်က နည်းနည်း သေးတယ်' ဆိုတဲ့စကားကို 'ဒီကုလားထိုင်က နည်းနည်းငယ်တယ်' လို့ အစားထိုးသုံးလို့ရတယ် မဟုတ်လား။ ဒါပေမယ့် နေရာတိုင်းမှာ 'ငယ်' နဲ့ 'သေး'ကို အပြန်အလှန် အစားထိုးလို့မရဘူးလေ။ 'လူငယ်'ကို 'လူသေး'လို့ အစားထိုးလို့မရသလို 'အထင်သေးတယ်' ဆိုတာကို 'အထင်ငယ်တယ်'ကို အစားထိုးလို့ မရဘူး မဟုတ်လား။ သိသာအောင်ပြောတာပါ"

"ဟုတ်ကဲ့ပါ"

"ဒီလိုပဲ 'ဒုက္ခ' နဲ့ 'ဆင်းရဲ' တူလို့ 'အိုခြင်း နာခြင်း ဆင်းရဲ' ကို 'အိုခြင်း နာခြင်းဒုက္ခ'လို့ အစားထိုးပြီးသုံးရင် ရနိုင်ပေမယ့် 'ဒုက္ခပါပဲ' လို့ ညည်းတဲ့စကားကို 'ဆင်းရဲပါပဲ'လို့သုံးရင် ကြားတဲ့သူ နားလည်မှာ မဟုတ်ဘူးလေ"

"အင်း . . . အဲဒီလို အစားထိုးသုံးလို့ ရယ်စရာဖြစ်ရတဲ့ ပုံပြင်ကလေး သတိရလို့ပြောရဦးမယ်။ ရွာတစ်ရွာက မိတ်ဆွေအိမ်ကို သွားလည်တဲ့ ဧည့်သည်ကို အိမ်ရှင်က ညအိပ်ခါနီးရင် 'မီးခွက်မီးငြိမ်းလိုက်ပါ'လို့ ပြောတော့ ဧည့်သည်က နားမလည်ဘူးတဲ့။ သူတို့အရပ်မှာတော့ 'မီးသတ်လိုက်ပါ' လို့ သုံးတာကိုး။ အိမ်ရှင်က ရှင်းပြမှ နားလည်သတဲ့။ 'ငြိမ်း' နဲ့ 'သတ်'နဲ့ အတူတူပဲလို့ မှတ်ထားတာပေါ့။ နောက်နေ့မှာ ဧည့်သည်ကလက်ဝှေ့ပွဲသွားကြည့်ပြီး ပြန်လာတော့ အိမ်ရှင်ကိုပြောပြသတဲ့။ 'လက်ဝှေ့ပွဲမှာလက်ဝှေ့သမားနှစ်ယောက်အားရပါးရ ငြိမ်းကြတာ ကြည့်ကောင်းလိုက်တာဗျာ'လို့ ပြောသတဲ့"

"အနက်တူတိုင်း အစားထိုးသုံးလို့မရဘူးဆိုတာကို ဟာသလုပ်တာပေါ့နော် ဆရာ"

"ဟုတ်ပ့ါ ၊ ကဲ. . . နားကြဦးစို့"

■ ဥပမာကွဲ့ 'ငယ်'နဲ့ 'သေး'ဟာ အနက်တူစကားပဲ။ ဒါပေမယ့် နေရာတိုင်းမှာ ထပ်တူမတူဘူး။ 'ဒီကုလားထိုင်က နည်းနည်းသေးတယ်' ဆိုတဲ့စကားကို 'ဒီကုလားထိုင်က နည်းနည်း ငယ်တယ်'လို့ အစားထိုးသုံးလို့ ရတယ်မဟုတ်လား။ ဒါပေမယ့် နေရာတိုင်းမှာ 'ငယ်' နဲ့ 'သေး'ကို အပြန်အလှန် အစားထိုးလို့မရဘူးလေ။ 'လူငယ်'ကို 'လူသေး'လို့ အစားထိုးလို့မရသလို 'အထင်သေးတယ်' ဆိုတာကို 'အထင်ငယ်တယ်' ကို အစားထိုးလို့မရဘူး မဟုတ်လား။ ■



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အသက် ၇၅ နှစ် ပြည့် လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာစတုတ္ထပတ်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)က အသက် ၇၅ နှစ်ပြည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၃ ဦးအတွက် ငွေကျပ် ၂၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်စဉ်။ မီးမီး(လှိုင်)

**CLAIMS DAY NOTICE**

**M.V TRANS FUTURE-1 VOY:NO(222)**

Consignees of cargo carried by M.V TRANS FUTURE-1 VOY:NO(222) are here by notified that the vessel will arrive on about 2-12-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ချစ်ကြည်ရေးသင်္ဘောခရီးစဉ်ပါ လူငယ်များနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ကျောင်းသားလူငယ်များ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ရောက်ရှိသည့် (၄၁)ကြိမ်မြောက် အာဆီယံနှင့် ဂျပန်ချစ်ကြည်ရေးသင်္ဘောခရီးစဉ်ပါ လူငယ်များနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ဒေသခံ ကျောင်းသားလူငယ်များ တွေ့ဆုံ ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့၌ တစ်ပြိုင်တည်း ကျင်းပသည်။

ရန်ကုန်တက္ကသိုလ်၌ ကျင်းပသည့်တွေ့ဆုံပွဲကို ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ကျင်းပရာ သင်္ဘောကြီးပေါ်တွင် လိုက်ပါလာသည့် နိုင်ငံအလိုက် အဖွဲ့ခေါင်းဆောင်များက ကျောင်းသားများနှင့် မိတ်ဆက်ပေးကာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်နိုင်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး အမှတ်တရလက်ဆောင်များ လဲလှယ်ကြသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားတစ်ဦးက ရန်ကုန်တက္ကသိုလ်အကြောင်း မိတ်ဆက်ရှင်းပြ၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် အပြန်အလှန်ဖျော်ဖြေတင်ဆက်ကြပြီး ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းရှိ အထင်ကရနေရာများကို လှည့်လည်လေ့လာကာ နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ Homestay အခမ်းအနားကို ကျင်းပရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ ဒေါက်တာမေစန်းရီက လိုက်နာရမည့် အစီအစဉ်များ ပြောကြားပြီး ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲက အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံနှင့် ဂျပန်ချစ်ကြည်ရေးခရီးစဉ်ဖြင့် ရောက်ရှိလာသောလူငယ်များ တစ်ညတာ တည်းခိုမည့် မြန်မာမိသားစုနေအိမ်များသို့ လိုက်ပါခဲ့သည်။ **ခင်ချိုဝင်း**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ပြည်တွင်းသတင်း

# ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်ဆောင်ရွက်ပေးနေ

**နေပြည်တော် နိုဝင်ဘာ ၂၉**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိုင်းလားမြို့သို့ရောက်ရှိပြီး မိုင်းလားအထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် တာဝန်ရှိသူများ၊ "ဝ" တိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မိုင်းလားအထူးဒေသ(၄) မှတာဝန်ရှိသူများနှင့် ရွှေဟသ်ာဟိုတယ်အစည်းအဝေးခန်းမ၌ ဆွေးနွေးပွဲပြုလုပ်ရာ **(အပေါ်ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နှစ် ပေါင်းများစွာ စည်းလုံးညီညွတ်ရေးဆောင်ရွက်ခဲ့သော်လည်း အားနည်းမှုများကြောင့် တိုင်းရင်းသားညီအစ်ကိုများ မတည်မငြိမ်ဖြစ်ခဲ့မှုများကို နိုင်ငံတော်သမ္မတ၏ ဦးဆောင်ကြိုးပမ်းမှုဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ "ဝ" ဒေသအနေဖြင့် တည်ငြိမ်အေးချမ်းမှု၏ရလဒ်အဖြစ် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကို လက်တွေ့ရရှိနေပြီဖြစ်ကြောင်း၊ မြို့ပြစီမံကိန်းများနှင့်အတူ ကျေးလက်များတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် အဓိကလိုအပ်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးပင်ဖြစ်ကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများ အားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်ပြီး ရည်မှန်းချက်ရှိရှိ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်ကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ရေတိုရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် "ဝ" အထူးဒေသ (၄) မှ အတွင်းရေးမှူးအဖွဲ့ဝင် ဦးခမ်းမောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဒေသ၏ လိုအပ်ချက်များကိုလည်းကောင်း၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အကြီးအကဲများနှင့် ညှိနှိုင်းထားသည့်အတိုင်း ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက်လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက်လည်းကောင်း လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မိုင်းလားမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပန်ဆန်းမြို့၌ "ဝ" အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျှံနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် "ဝ"အထူးဒေသ (၂) အစည်းအဝေးခန်းမ၌ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နယ်မြေတည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်သည်ကို "ဝ" ဒေသမှ သက်သေခံလျက်ရှိကြောင်း။ နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ထောင်ရာတွင် ဒီမိုကရေစီစနစ်၏ အနှစ်သာရအတိုင်း ပြောရေးဆိုခွင့် လုပ်ပိုင်ခွင့်၊ ဆွေးနွေးခွင့်များ ပေးအပ်ခဲ့ကြောင်း။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေးဆွေးနွေးရခြင်းသည် အခက်အခဲဆုံးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရန် အတွက် အုပ်ချုပ်ရေးကဏ္ဍသည် အရေးကြီးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ ဆောင်ရွက်ရကြောင်း၊ မိမိဒေသဖွံ့ဖြိုးရေးအတွက် ကြိုးစားလုပ်ကိုင်သည့်ဒေသများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

တောင်ပေါ်မြေပြန့်ဒေသ မခွဲခြားဘဲ အခွင့်အရေးတန်းတူရရှိပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရမှဆောင်ရွက်ပေးနေကြောင်း၊ ဒေသလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ဒေသအဖွဲ့အစည်းများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ "ဝ" အထူးဒေသ (၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျှံမှ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် "ဝ" အထူးဒေသ (၂) ပန်ဆန်းမြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(မြန်မာ့အလင်း)**



---

✳ *ကျောဖုံးမှ*

တွေ့ဆုံဆွေးနွေးခွင့်ရတဲ့အခါမှာ ပိုပြီးတော့ သဘောကြီးခရီးစဉ်ကို စိတ်ဝင်စားမှာလည်းဖြစ်ပါတယ်။ ဒီလိုမျိုးခရီးစဉ်မှာ ရွေးချယ်ခံရအောင်လို့လည်း စာကြိုးစားပြီးတဲ့နောက်မှာ အဘက်ဘက်က ပြည့်စုံအောင် ဆောင်ရွက်ကြမယ်လို့ ကျွန်မက မျှော်လင့်ပါတယ်။ ဒါ့ကြောင့် ဒီခရီးစဉ်ကို လက်ခံရတာ အလွန်ပဲဝမ်းသာပါတယ်။

**Ms. Naoko HAMADA**
**(အုပ်ချုပ်ရေးအဖွဲ့ဝင်၊ (၄၁)ကြိမ်မြောက်အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ရေးရာခရီးစဉ်)**

ကျွန်မက ဂျပန်ကျောင်းသူအနေနဲ့ ဒီလိုခရီးစဉ်မျိုးနဲ့ မြန်မာနိုင်ငံကို ၂၀၀၀ ပြည့်နှစ်က ရောက်ဖူးတယ်။ အဲ့ဒီတုန်းက Homestay အစီအစဉ်မပါဘူး၊ လည်ပတ်မှုပဲပါတယ်။ မြန်မာနိုင်ငံကို နောက်တစ်ခါ ပြန်ရောက်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ အခုဒီအစီအစဉ်မှာ အုပ်ချုပ်ရေးအဖွဲ့ဝင်အနေနဲ့ ပြန်လည်လိုက်ပါလာရတဲ့အတွက်အလွန်ပဲ ပျော်ရွှင်မိပါတယ်။ ၂၀၀၀ ပြည့်နှစ်ကထက်စာရင် အခုမြန်မာနိုင်ငံမှာ တိုက်ကြီးတွေ အမြင့်ကြီး၊ တံတားတွေနဲ့ အလွန်ပဲ တိုးတက်လှပတာကို တွေ့မြင်ရတယ်။

**Rhenoy Dewanto**
**(ပြည်သူ့အုပ်ချုပ်ရေးရာသင်တန်း၊ အင်ဒိုနီးရှား)**

မြန်မာ့ရိုးရာသနပ်ခါးကိုကျွန်တော် မလိမ်းတတ်ဘူး။ အခုတော့ လိမ်းတတ်သွားပြီ။ အေးတယ် သနပ်ခါးက ကျွန်တော်တို့နိုင်ငံမှာက မိတ်ကပ်၊ ခရင်တို့ပဲရှိတာ။ သနပ်ခါးကို အလွန်ကြိုက်သွားပြီ။

**Patrick June M Ceniza၊**
**(စတုတ္ထနှစ်၊ ရက္ခဗေဒဌာန၊ ဖိလစ်ပိုင်နိုင်ငံ)**

ကျွန်တော် မြန်မာ့ရိုးရာသနပ်ခါးကို လိမ်းလိုက်တဲ့အခါမှာ အသားအရေ အေးသွားတယ်၊ နေလို့ထိုင်လို့ကောင်းတယ်၊ ဖိလစ်ပိုင်နိုင်ငံမှာတော့ ဒါမျိုးရောင်းတာ မရှိဘူး။

**Audrey Kristina V Maypa**
**( B.Sc (English and Literature)၊ ဖိလစ်ပိုင်)**

ကျွန်မ မြန်မာ့ရိုးရာတူရိယာကို အလွန်စိတ်ဝင်စားတယ်။ အထူးသဖြင့် ဝါးနဲ့လုပ်ထားတဲ့ ပတ္တလားကို ပိုစိတ်ဝင်စားတယ်။ တီးလို့လည်းကောင်းတယ်၊ ဟိုမှာဒါမျိုးတူရိယာမရှိဘူး။ ကျွန်မတို့နိုင်ငံမှာက ပုံစံနည်းနည်းပဲ တူတဲ့ဝါးနဲ့ လုပ်ထားတဲ့ တူရိယာပဲရှိတယ်။



Ms. Naoko HAMADA

**သူဇာအောင်(တတိယနှစ်အင်္ဂလိပ်စာ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**

သဘောပေါ်မှာတော့ ဆွေးနွေးပွဲတွေ အများကြီးရှိတယ်။ အဲ့ဒါအတွက် ခရီးစဉ်မသွားခင်ကတည်းက ခေါင်းစဉ်တွေ ရွေးချယ်ပြီးတော့ ပေးပြီးသားပါ။ ကျွန်မတို့ သဘောကျတဲ့ခေါင်းစဉ်၊ သဘောကျတဲ့အပိုင်းကို ဆွေးနွေးရတာ။ သဘောပေါ်မှာ သူတို့နိုင်ငံရဲ့ယဉ်ကျေးမှုကို မျှဝေချင်တဲ့အတွက် သူတို့ရုပ်ရှင်တွေကို ပြတယ်။ ကြည့်ကြတယ်။ အုပ်စုလိုက်လည်း ဂိမ်းဆော့ကြတယ်။ နောက်တစ်ခုက တစ်နိုင်ငံရဲ့ယဉ်ကျေးမှုကို တစ်နိုင်ငံက သင်ပေးကြတယ်။

ဂျပန်၊ ဘရူနိုင်းနဲ့ကမ္ဘောဒီးယားနိုင်ငံတွေမှာ နှစ်ညအိပ် သုံးရက်ခရီး Homestay Program နဲ့ နေခဲ့ကြတယ်။ မြန်မာနိုင်ငံမှာတော့ Homestay အစီအစဉ်က တစ်ရက်တာပါ။ ကျွန်မတို့ကတော့ ကိုယ့်နိုင်ငံကို ပြန်ရောက်တဲ့အတွက် ကိုယ့်မိဘအိမ်ကို ပြန်နေလို့ရတယ်။ အဲ့ဒီနိုင်ငံတွေကိုရောက်တော့ တက္ကသိုလ်ကျောင်းတွေကို သွားရောက်လေ့လာခွင့်ရတယ်။ ကိုယ်ရွေးချယ်ထားတဲ့ ခေါင်းစဉ်နဲ့လိုက်ပြီး သွားရတဲ့နေရာတွေကွာခြားတယ်။ သတင်းအချက်အလက်နဲ့ နည်းပညာဆွေးနွေးဖို့ကို ရွေးထားတဲ့အတွက် ကျွန်မဆိုရင်



မမေဦးခင်

ဂျပန်မှာ မိုင်နိချိ သတင်းစာတိုက်ကို လေ့လာခွင့်ရခဲ့တယ်။

**မေဦးခင်(နည်းပြ၊အင်္ဂလိပ်စာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)**

မြန်မာလူငယ်အဖွဲ့မှာ လူငယ့်ခေါင်းဆောင်အဖြစ် တာဝန်ယူရပါတယ်။ အာဆီယံနဲ့ ဂျပန်လူငယ်ခရီးစဉ်ရဲ့ Homestay အစီအစဉ်ကနေ မြန်မာတွေရဲ့ နေ့စဉ်ဖြတ်သန်းမှုဘဝပုံစံတွေကို အာဆီယံနဲ့ဂျပန် လူငယ်တွေ သိရှိခွင့်ရမယ်။ မြန်မာ့ယဉ်ကျေးမှုတွေကို လေ့လာခွင့်ရမယ်။ မြန်မာလူငယ်တွေသည် အာဆီယံလူငယ်တွေနဲ့ယှဉ်ရင် လုံးဝနောက်တန်းမကျပါဘူး။ သူ့တို့နဲ့အတူတူ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်ကြပါတယ်။ ဒီခရီးစဉ်အတွက် အင်္ဂလိပ်စာစစ်တယ်။ အာဆီယံနဲ့ပတ်သက်တဲ့ ဗဟုသုတကို စစ်တယ်။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ဘယ်လိုတန်ဖိုးထားမလဲဆိုတာကို စစ်တယ်။ ကိုယ်တစ်ဦးတည်း တော်တာမဟုတ်ဘဲနဲ့ တစ်ဖွဲ့လုံးနဲ့ ဘယ်လောက်ညှိနှိုင်းဆောင်ရွက်နိုင်သလဲဆိုတဲ့ အရည်အချင်းတွေလဲ စစ်တဲ့အတွက် အဲ့ဒီ အရည်အချင်းတွေရှိအောင် ကြိုးစားပြင်ဆင်ခဲ့ရပါတယ်။ ဒီအတွက် လျှောက်ခဲ့တာ တစ်နိုင်ငံလုံးဆိုရင် အယောက် ၅၀၀ လောက်ရှိမယ်။ Central Level စစ်ဆေးမှုမှာ ၃၆၅



မသူဇာအောင်

ဦးရှိတယ်။ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ထပ်ဖြေတော့ ၆၀ အောင်တယ်။ နှုတ်ဖြေအင်တာဗျူးမှာမှ ထပ်ရွေးတာ ၂၈ ဦးပါ။ အဓိကကတော့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေကို ရွေးတယ်။ အစိုးရဝန်ထမ်းတွေလည်း ပါပါတယ်။ အခုခရီးစဉ်မှာ ၂၈ ဦးက ကျောင်းသားကျောင်းသူ၊ ကျန်ရှိတာက ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ဝန်ထမ်းတွေလဲ ပါပါတယ်။

**ပါမောက္ခဒေါက်တာဝင်းမြတ်အေး**
**(ပါမောက္ခချုပ်-ငြိမ်း၊ ဆေးတက္ကသိုလ်-မကွေး)**

Homestay နဲ့ပတ်သက်ပြီးတော့ နှစ်နိုင်ငံက ကလေးနှစ်ဦးကို ကျွန်တော်တို့အိမ်ကို ခေါ်သွားဖို့ရှိတယ်။ ဂျပန်က ကျောင်းသားတစ်ဦး၊ ကမ္ဘောဒီးယားက ကျောင်းသားတစ်ဦးပါ၊ ကျွန်တော့်အမျိုးသမီးက ဆေးတက္ကသိုလ်(၁)က သားဖွားမီးယပ်ပါမောက္ခဌာနမှူး ဖြစ်တဲ့အတွက် သူတို့ကျောင်းမှာ အစည်းအဝေးလုပ်တော့ ကျွန်တော်တို့က ဝမ်းသာအားရ Homestay အစီအစဉ်ကို လက်ခံတာ။ ဒီလိုမျိုး နိုင်ငံတကာ ကလေးတွေကို တွေ့ဆုံရတာ အမြတ်တစ်ခုပေါ့။ နိုင်ငံပေါင်းစုံက ကလေးတွေကို မြန်မာနိုင်ငံရဲ့ လူငယ်တွေအကြောင်းကို ပြသချင်



ဒေါက်တာဝင်းမြတ်အေး

တယ်။ ကျွန်တော်တို့ အိမ်မှာလည်း ကလေးတွေရှိတော့ သူတို့နဲ့ပေးတွေ့မယ်။ ဒီလိုမျိုး Homestay လက်ခံခွင့်ရတာကို နိုင်ငံတော်အစိုးရကိုရော၊ သက်ဆိုင်ရာစီစဉ်ပေးတဲ့ လူအကုန်လုံးကို ကျေးဇူးတင်ပါတယ်။

Homestay အစီအစဉ်ဖြင့် လိုက်ပါသွားကြမည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များသည် မိမိတို့တည်းခိုရာ မြန်မာမိသားစုများ၏အစီအစဉ်ဖြင့် ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်အောင်ဆန်း ဈေးအပြင် မြန်မာနိုင်ငံ၏ ရိုးရာဓလေ့ယဉ်ကျေးမှုနှင့် အစားအစာတို့ကို ထိတွေ့ရမည်မှာ ဧကန်ဖြစ်ပါသည်။

---

## နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်အတွက် အလှူငွေပေးအပ်

**လားရှိုး နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ (ရှမ်းကျောင်း)တွင် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးနှင့် စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က အဆိုပါကျောင်းရှိ နှီးဘုရားကြီး ဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်နှင့်စာကြည့်တိုက်ကြီးဆောက်လုပ်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့် မိခင်ကြီး ဒေါ်ယာဝီ ဆွေမျိုးတစ်စုကအလှူငွေကျပ်သိန်း ၅၀ နှင့် ရှိုင်းနင်းမြန်မာကုမ္ပဏီက ကိုကျော်စွာထွဋ်နှင့် မိခင်ကြီးက အလှူငွေကျပ်သိန်း ၃၀၀ ကို ဂေါပကအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းသည်။ ရှိုင်းနင်းမြန်မာကုမ္ပဏီမှ လှူဒါန်းသော ငွေကျပ်သိန်း ၃၀၀ သည်ခန်းမကြီး ဆောက်လုပ်ရန်အတွက် လှူဒါန်းခြင်းဖြစ်သည်ဟု သိရသည်။

လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူ (ရှမ်းကျောင်း)တွင် ရှမ်းပြည်နယ်အတွင်းရှိ အနယ်နယ်အရပ်ရပ်မှ စာသင်သံဃာတော်များကို ပရိယတ္တိ၊ ပရိပတ္တိစာပေများ သင်ကြားပေးလျက်ရှိရာ သံဃာတော်အပါး ၁၅၀ ကို သင်ကြားပေးလျက်ရှိသည်။ သံဃာတော်အများစုသည် နယ်စပ်ဒေသမှ ရှမ်း၊ ပလောင်၊ လားဟူ၊ ဓနု၊ မြန်မာသံဃာတော်များဖြစ်သည်ဟု ဆရာတော် ဘဒ္ဒန္တပုညနန္ဒက မိန့်ကြားသည်။ **မမ(လားရှိုး)**

## ပြည်တွင်းသတင်း

သည် ဘာသာရပ်ပိုင်းတွင်သာမက စီမံခန့်ခွဲမှုပိုင်း၌ပါ လိုအပ်ချက်များ မရှိအောင် ဆောင်ရွက်နိုင်ခဲ့၍သာ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံက ရရှိခဲ့သည့် ရလဒ်များသည် မြန်မာနိုင်ငံသားတိုင်းအတွက် ဂုဏ်ယူဖွယ်ရာ၊ ကျေနပ်ပီတိဖြစ်ဖွယ်ရာအဖြစ် ရှိနေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သမိုင်းတွင် အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်ပါကြောင်း၊ **မိမိတို့အနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ကို အာဆီယံအဖွဲ့ဝင်သက်တမ်း (၁၇)နှစ် တာကာလတွင် ပထမဆုံးအကြိမ် ခက်ခက်ခဲခဲ ရယူထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး နောင်နှစ်ပေါင်း (၁၀)နှစ်ကြာမှသာ ပြန်လည်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ယခု ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အစိုးရနှင့်ပြည်သူ လက်တွဲညီညီပေါင်းစည်းဆောင်ရွက်မှုကြောင့် ရရှိလာသည့်အောင်မြင်မှုရလဒ်သည် နောင်လာနောက်သားတိုင်းအတွက် အတုယူဖွယ်ရာ စံနမူနာကောင်းတစ်ခုအနေဖြင့် နောင်ဆယ်စုနှစ်ပေါင်းများစွာ ရှင်သန်တည်ရှိနေမည်ဖြစ်ပါကြောင်း၊** ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများကို တိုက်တွန်းလိုသည့်အချက်မှာ အာဆီယံဥက္ကဋ္ဌတာဝန်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်အခမ်းအနားများတွင် မိမိတို့အနေဖြင့် သက်ဆိုင်ရာကဏ္ဍမှပါဝင်ခဲ့သည့် ဆောင်ရွက်ချက်များကို နောင်လာနောက်သားများအား ပြန်လည်မျှဝေနိုင်ရန် မှတ်တမ်းမှတ်ရာများ သိမ်းဆည်းထားရှိပေးကြရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အလှည့်ကျဥက္ကဋ္ဌ ဆောင်ပုဒ်ဖြစ်သော **"ရှေ့သို့တူညီ တက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"** ဟူသည့် ဆောင်ပုဒ်အတိုင်း အာဆီယံအသိုက်အဝန်းထူထောင်ရန် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော အာဆီယံဒေသကြီးဖြစ်အောင် တာဝန်သိ အဖွဲ့ဝင်တစ်ဦးအနေဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အာဆီယံဥက္ကဋ္ဌ ဆောင်ရွက်မှုနှင့်အတူ အားကစားပိုင်းတွင်လည်း မြန်မာနိုင်ငံအနေဖြင့် မိမိ၏ ပင်ကိုစွမ်းရည်ကို ပြန်လည်ပြသနိုင်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပွဲကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီးသည့် နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ အားကစားသမားများ၏ စွမ်းရည်ကို နိုင်ငံတကာသို့ ပြသနိုင်သည့်အခွင့်အရေး ရရှိခဲ့ပါကြောင်း၊အတိတ်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သာမက အာရှ၌ပါ မြန်မာ့အားကစားသမားများက လွှမ်းမိုးခဲ့ကြပါကြောင်း၊ ၂၀၁၄ ခုနှစ် အာရှဘောလုံး ဖက်ဒရေးရှင်း၏ အသက် (၁၉နှစ်) အောက် (၃၈)ကြိမ်မြောက် နိုင်ငံတကာ လူငယ်ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံနှင့် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားရုံများ၌ ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ကွာတားဖိုင်နယ်တွင် ယူအေအီးနိုင်ငံကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် ခြေစစ်ပွဲအောင်မြင်ပြီး ကာတာ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဥဇ**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ဘတ်ကစ္စတန်နိုင်ငံများနှင့် အတူ ၂၀၁၅ ခုနှစ် နယူးဇီလန်၌ ကျင်းပမည့် နိုင်ငံတကာ ဘောလုံးဖက်ဒရေးရှင်း၏ အသက် (၂၀)အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ယူ -၁၉ ဘောလုံးအဖွဲ့၏ အောင်မြင်မှုသည် မြန်မာနိုင်ငံ၏ ဂုဏ်ယူစရာကောင်းသည့် အောင်မြင်မှုဖြစ်ပါကြောင်း၊** ယခုကဲ့သို့ အောင်မြင်မှုရှိအောင် အားကစားသမားများ အနေဖြင့် စိတ်ဓာတ်၊ နည်းစနစ်၊ လေ့ကျင့်မှုနှင့် သက်လုံကောင်းမှုများ မည်မျှကြိုးပမ်းရမည်ဆိုသည်ကို မှန်းကြည့်၍ ရနိုင်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ကလပ်အသင်းများနှင့် အဘက်ဘက်မှ ပံ့ပိုးသူများကို ကျေးဇူးတင်ရှိကြောင်း ဤနေရာမှ ပြောကြားလိုပါကြောင်း၊ **"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမယ်"** ဟူသည့်ဆောင်ပုဒ်ကို အပြောသာမဟုတ်ဘဲအလုပ်ဖြင့် လက်တွေ့ ဖော်ပြရမည်ဖြစ်ပါကြောင်း၊ အားကစားတွင်အောင်မြင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ အရည်အသွေး၊ နိုင်ငံ့ဂုဏ်သိက္ခာကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ရှာဖွေဖော်ထုတ်ကာ မြေတောင် မြှောက်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖော်ထုတ်ကြသည့်နေရာတွင် ထူးချွန်သော အားကစားအပြင် အားကစားစိတ်ဓာတ်ပြည့်ဝစွာရှိသည့် အားကစားသမားများနှင့် တရားမျှတစွာ အားပေးသူများလည်း ရှိရမည်ဖြစ်ပါကြောင်း။

နောက်ဆုံးအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဟန်လင်း၊ မကွေးတိုင်းဒေသကြီး မကွေးခရိုင် ဗိဿနိုးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုစကားပြောကြားလိုပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝလှသည့်အပြင်သမိုင်းမတင်မီခေတ် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများမှသည် နှစ်ပေါင်း ၂၀၀၀ ဝန်းကျင် ကတည်းက မြို့ပြယဉ်ကျေးမှု အဆင့်အတန်းမြင့်မားနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအနှံ့တွင်တည်ရှိနေသော အမွေအနှစ်များသည် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ပြနေသကဲ့သို့ နောင်မျိုးဆက်သစ်များအထိ ဆက်လက် တည်တံ့နေရန်အတွက်လည်း အဘက်ဘက်က ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိနေပါကြောင်း၊ ယင်းယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာတွေသာမက ကမ္ဘာကပါသိအောင်၊ တန်ဖိုးထားလာအောင်၊ ဝိုင်းဝန်းစောင့်ရှောက်ပေးနိုင်အောင်လည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်နိုင်ရန် ၁၉၉၄ ခုနှစ်ကတည်းက ယူနက်စကို၊ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်သတ်မှတ်နိုင်ရေးအတွက် မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ရှစ်ခုကို အဆိုပြုစာရင်း UNESCO သို့တင်သွင်းခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင်မူ အဆိုပြုစာရင်းများအနက် အလွန်ရွေးကျသည့် ပျူမြို့ဟောင်းသုံးမြို့ကို ဦးစွာတင်သွင်းရန်ရွေးချယ်ခဲ့ကြပါကြောင်း။

၂၀၁၁ ခုနှစ်မှစတင်၍ အီတလီနိုင်ငံ UNESCO အဖွဲ့၏ ကူညီမှုနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း စသည်တို့မှ ပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ရှေးဟောင်း သုတေသနပညာရှင်ကြီးများ၊ နိုင်ငံတကာပညာရှင်များနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးသုံးခုမှ အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနများမှ သက်ဆိုင်ရာဝန်ထမ်းများကပါ ပူးပေါင်းပါဝင်ကြပြီး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါကြောင်း။

**ယခုကဲ့သို့ အဖိုးမဖြတ်နိုင်သည့် မြို့ဟောင်းကြီးများ၊ အဆောက်အအုံကြီးများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ခေတ်အဆက်ဆက် ကသမိုင်းပညာရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ သုတေသီများကဖွဲ့၊လှဲ့လ၊ ဝီရိယကြီးစွာဖြင့် ဖော်ထုတ် ထိန်းသိမ်းလာကြသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းခဲ့၍သာ ယခုအချိန်အထိ မျက်ဝါးထင်ထင်တွေ့မြင်လေ့လာနိုင်**ကြခြင်း ဖြစ်ပါကြောင်း၊ ယခုလည်း ယင်းမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်သည့်အခါတွင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများက ဒေသခံများသည် သက်ဆိုင်ရာ အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းကာ အင်တိုက်အားတိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

အဆိုပါ ပျူခေတ်မြို့ဟောင်းများ၏ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများနှင့် ကိုက်ညီမှု၊ အထောက်အထားများ ခိုင်လုံစွာတည်ရှိမှု၊ အရေးပါမှု၊ ရှားပါးတန်ဖိုးကြီးမှုတို့နှင့် အတူ ယခုကဲ့သို့ အစိုးရ၊ ပြည်သူ၊ အဖွဲ့အစည်း၊ ပြည်တွင်းပညာရှင်၊ ပြည်ပပညာရှင်များအားလုံး ပူးပေါင်းဆောင်ရွက်မှု၊ အားထုတ်ကြိုးပမ်းမှုတို့ကြောင့် ပြီးခဲ့သည့်ဇွန်လက ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပခဲ့သော(၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် ယင်းမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်လိုက်ပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာတွင် "မြန်မာ့ယဉ်ကျေးမှု" သမိုင်းနှင့်တန်ဖိုးကို ပြသလိုက်နိုင်ခြင်းဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအတွက် လမ်းပွင့်သွားပြီဟု ဆိုနိုင်ပါကြောင်း။

နှစ် နှစ်မြောက်ကာလအတွင်း ရရှိအောင် ဆောင်ရွက်နိုင်ခြင်းကိုလည်း နိုင်ငံတကာ၏ ချီးကျူးဂုဏ်ပြုသံများလည်း ကြားသိရပါကြောင်း၊ ဤသည်မှာ all inclusive ဟုခေါ်သည့် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံး၏ ပူးပေါင်းညီညွတ်မှုနှင့် ဝိုင်းဝန်းကြိုးပမ်းမှုကို မိမိတို့အနေဖြင့် အင်မတန် ကျေးဇူးတင်ပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ဖြစ်ရပါကြောင်း။

ယခုကဲ့သို့ ကမ္ဘာ့စာရင်းဝင် ဖြစ်သွားသည့်အတွက် နိုင်ငံနှင့်လူမျိုးအတွက်ဂုဏ်တက်သကဲ့သို့ပြည်တွင်း ပြည်ပဧည့်သည် တွေဝင်ရောက်မှုများပြားလာမည်ဖြစ်သဖြင့် နိုင်ငံအတွက်လည်း ဝင်ငွေတိုးတက်ရရှိသကဲ့သို့ ဒေသခံများအတွက် ပိုမိုအမြင်ကျယ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်းရှေ့ဆက် **ယင်းအမွေအနှစ်များကို ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းစောင့်ရှောက်ရာတွင်လည်း ယခုလိုပင် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်**သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ရတောင့်ရခဲ အာဆီယံဥက္ကဋ္ဌ တာဝန်ယူခွင့်ရချိန်တွင် အာဆီယံထိပ်သီးအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကိုမြင့်မားအောင် အဘက်ဘက်က ပါဝင်ကူညီစွမ်းဆောင်ပေးခဲ့ကြသူများနှင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး ယူ-၂၀ ကမ္ဘာ့ဘောလုံး အားကစားပြိုင်ပွဲ၏ခြေစစ်ပွဲကို အောင်မြင်ပြီး ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသော မြန်မာနိုင်ငံမှ ယူ-၁၉ ဘောလုံး အားကစားသမားများ၊ ပျူရှေးဟောင်းမြို့ကြီး သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား လှိုက်လှိုက်လှဲလှဲဂုဏ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်မြင့်တင်နိုင်ရေးတွင် တစ်တပ်တစ်အား ဆက်လက်ပါဝင်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပခဲ့မှု၊ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ ခုနှစ် ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ယူ-၁၉ လက်ရွေးစင်ဘောလုံးအသင်း၏ ပြိုင်ပွဲဝင်မှတ်တမ်းနှင့် ပျူရှေးဟောင်းမြို့ကြီးသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

တို့နောက် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ခုနှစ် ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင်ဘောလုံးအသင်းကိုယ်စား အသင်းခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများက ညစာသုံးဆောင်ကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ သံစုံတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင် အာရ်ဘီအီး လူစီးရထား မကြာမီစတင်ပြေးဆွဲမည်



သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင် လာမည့် ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ကာ အာရ်ဘီအီး လူစီးရထားကို စတင်ပြေးဆွဲပေးတော့မည် ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"အခုလို အာရ်ဘီအီး လူစီးရထားကို ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ပြေးဆွဲပေးဖို့ ရည်ရွယ်လုပ်ဆောင်ဖြစ်တာကတော့ ရန်ကုန်မြစ်တစ်ဖက်ကမ်းကနေ နေ့စဉ်အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့တွင်းသွားလာနေကြရတဲ့ ခရီးသည်တွေ သွားလာတဲ့အခါ လွယ်ကူသက်သာပြီး အချိန်တိုအတွင်း လိုရာခရီးကို ပို့ဆောင်ပေးနိုင်ဖို့အပြင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ပေးနိုင်ဖို့နဲ့ မြို့ပတ်ရထားတွေနဲ့လည်း ချိတ်ဆက်သွားလာနိုင်စေဖို့ကို ရည်ရွယ်လုပ်ဆောင်ပြေးဆွဲပေးတာဖြစ်ပါတယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဦးထွန်းအောင်သင်း အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)က နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ့မီးရထား (အောက်မြန်မာပြည်)ရုံး၌ ပြုလုပ်သည့်မီဒီယာတွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

ယခုလာမည့် ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်ပြေးဆွဲပေးမည့် ကမ်းနားလမ်းတစ်လျှောက် အာရ်ဘီအီး လူစီးရထားတွင် လူစီးတွဲတစ်တွဲလျှင် ထိုင်ခုံဖြင့်ထိုင်စီးနိုင်သည့် ခရီးသည် ၆၀ နှင့် ရပ်စီးခရီးသည် ၆၀ လိုက်ပါစီးနင်းနိုင်သည့် တွဲနှစ်တွဲဖြင့် စတင်ပြေးဆွဲပေးမည်ဖြစ်ပြီး နောက်ပိုင်းခရီးသည်များ၏ လိုအပ်ချက်ရှိပါက လိုအပ်သလိုတွဲဆိုင်များကို ချိတ်ဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းနားလမ်း တစ်လျှောက်ပြေးဆွဲပေးမည့် အာရ်ဘီအီး ရထားလမ်းကြောင်း ခရီးစဉ်ကို ကမ်းနားလမ်း အာရ်ဘီအီး(အေ) ရထား (ပုဇွန်တောင်- ပန်းဆိုးတန်း- ပုဇွန်တောင်)နှင့် ကမ်းနားလမ်း အာရ်ဘီအီး (ဘီ)ရထား(ပန်းဆိုးတန်း- ထော်လီကွေ့-ပန်းဆိုးတန်း) ဟူ၍ ခရီးစဉ်နှစ်ဖြတ် စုစုပေါင်းခရီးမိုင် ၃ ဒသမ ၆၆ မိုင်ကို ပြေးဆွဲပေးမည်ဖြစ်သည်။ အာရ်ဘီအီး (အေ)ရထား (ပုဇွန်တောင်- ပန်းဆိုးတန်း- ပုဇွန်တောင်)ခရီးစဉ်ကို ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့်လည်းကောင်း၊ အာရ်ဘီအီး(ဘီ)ရထား (ပန်းဆိုးတန်း-ထော်လီကွေ့-ပန်းဆိုးတန်း)ခရီးစဉ်ကို ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းတို့ဖြင့် သတ်မှတ်ထားပြီး လက်မှတ်များကို ရထားပေါ်တွင်ပင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကမ်းနားလမ်းတစ်လျှောက် အာရ်ဘီအီးခရီးစဉ်မှာ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေအနေနဲ့ ရန်ကုန်မြို့ရဲ့ ကမ်းနားလမ်းတစ်လျှောက်မှာ ရှိတဲ့ရှုခင်းမြင်ကွင်းတွေကို အထူးတလည်မြင်တွေ့ခံစားနိုင်မှာပါ။အထူးသဖြင့် နိုင်ငံခြားသားခရီးသွားတွေပေါ့"ဟု ဦးထွန်းအောင်သင်းက မြန်မာ့အလင်းသို့ထပ်မံပြောကြားသည်။

၄င်းအာရ်ဘီအီး ရထားသည် အဆိုပါလမ်းကြောင်းပြေးဆွဲရာတွင် ပြည်သူများ ဖြတ်သန်းသွားလာရာနေရာများတွင် ကားများကဲ့သို့ ရပ်တန့်စောင့်ဆိုင်းပြေးဆွဲပေးသွားမည်ဖြစ်သည်။ အာရ်ဘီအီး(အေ)ရထား (ပုဇွန်တောင်- ပန်းဆိုးတန်း- ပုဇွန်တောင်)ခရီးစဉ်တွင် ရပ်နားပေးမည့် ရပ်စခန်းဘူတာများမှာ ပုဇွန်တောင် ရပ်စခန်းဘူတာ၊ ရေကျော်ရပ်စခန်းဘူတာ၊ တာ၀တိံသာရပ်စခန်းဘူတာ၊ လင်းစဒေါင်းရပ်စခန်းဘူတာ၊ ဗိုလ်တထောင် ရပ်စခန်းဘူတာနှင့် ပန်းဆိုးတန်းရပ်စခန်းဘူတာတို့ဖြစ်ပြီး အာရ်ဘီအီး(ဘီ)ရထား(ပန်းဆိုးတန်း-ထော်လီကွေ့-ပန်းဆိုးတန်း) ခရီးစဉ်တွင် ပန်းဆိုးတန်းရပ်စခန်း၊ ဆူးလေရပ်စခန်း၊ ရွှေတိဂုံရပ်စခန်း၊ စဥ့်အိုးတန်းရပ်စခန်း၊ မော်တင်ရပ်စခန်း၊ ဝါးတန်းရပ်စခန်းနှင့် ထော်လီကွေ့ရပ်စခန်းတို့ဖြစ်ပြီး ခရီးစဉ်တစ်ဖြတ်တွင် ၂၅ မိနစ်/ နာရီဝက်ခန့်သာ မောင်းနှင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြေးဆွဲပေးမည့် ကမ်းနားလမ်းတစ်လျှောက် အာရ်ဘီအီးလူစီးရထားလမ်းကြောင်းသည် လွန်ခဲ့သော ၁၈၈၀ ခုနှစ် မတ်လ ၁ ရက်က ရန်ကုန်မြစ်တစ်လျှောက်ရှိ ဆိပ်ကမ်းများမှ ကုန်စည်များကို ကုန်ထုတ်ရထားဖြင့် သည်ယူပို့ဆောင်နိုင်ရန်အတွက် ခနိတောမှ အလုံအထိ ကုန်ရထားလမ်းနှင့် လမ်းမြောင်လမ်းတို့ကို မြန်မာ့မီးရထားက ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် လင်းစဒေါင်းမှ အလုံအထိ ကုန်ရထားလမ်းပိုင်းကို ပြန်လည်ဖြုတ်သိမ်းခဲ့ပြီး ယခုပြေးဆွဲပေးမည့် ရထားလမ်းနှင့် ကားလမ်းတွဲလျက်ပါသော ကမ်းနားလမ်းသစ်ကြီးကို ဖောက်လုပ်ခဲ့ပြီး ကုန်ရထားပြေးဆွဲပေးခြင်းလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ဦးထွန်းအောင်သင်း
မြန်မာ့မီးရထား

(မြန်မာ့အလင်း)

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ရွှေဘိုမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက ရွှေဘိုမြို့ အထက(၂)၌ ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲကျင်းပရာ၌ "ခွဲခြားနှိမ့်ချကင်းစင်ဝေးကူးစက်သေဆုံးမရှိရေး ART ဖြင့် ကုသပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များက ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာအေဇင်လတ်က ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးပေးနေရာသို့ ဆက်လက်ကြည့်ရှုကြသည်။

ဆက်လက်ပြီး အထက(၂)ရွှေရတုခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာမင်းရွှေက HIV/ AIDS အကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကို ကြီးမှူးကျင်းပပေးသော အထက(၂) သို့အလှူငွေကျပ် တစ်သိန်းကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ အထက(၂)ကျောင်းအုပ်ကလက်ခံယူပြီး HIV/AIDS ရောဂါခံစားနေရသော လူနာ ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၀၀၀၀ ကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

သလ္လာမြင့်

## ပြည်သူများသို့အသိပေးတင်ပြချက်

စားသောက်ဆိုင်များအား ပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်းအစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁ရက်မှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ စားသောက်ဆိုင်များအနေဖြင့် စားသုံးသည့်တန်ဖိုး၏ ၅ရာခိုင်နှုန်းကျသင့်အခွန်အတွက် ထိုက်သင့်သည့်ပြေစာအမှတ်တံဆိပ်များ ကပ်နှိပ်ပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ စားသုံးသူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ငွေရပြေစာများကို တောင်းယူကြပါရန် အသိပေးအပ်ပါသည်။

**အသုံးပြုသည့်ပြေစာအမှတ်တံဆိပ်နမူနာပုံစံဖော်ပြအပ်ပါသည်။**




ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်မှန် ပေးဆောင်စို့

**ကားရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)**

| | |
|---|---|
| Crown, 2004 ATHLETE ငွေ3D | 190 သိန်း |
| Wish အဖြူ/အနက်/ရောင်စုံ | 135-140 သိန်း |
| Ipsum အဖြူ ရှေ့/နောက် ကင်မရာ | 150 သိန်း |
| Caldina စက်ရှပ် ZZT/AZT | 135-140 သိန်း |
| ရွှေငါး 2002,04 ပုံပြောင်း မှုံလဲ | 135-155 သိန်း |
| AD Van 1300CC/1500CC | 79-82-88 သိန်း |
| Probox 1300CC/1500CC | 82-85-92-95 သိန်း |
| Fit GD1/GE 6 ရောင်စုံ | 83-90-95 သိန်း |
| 2009 Belta အဖြူ ငွေ၊ ခဲပြာ | 110-120 သိန်း |
| Honda Airwave နက်၊ ပြာ | 130 သိန်း |
| 660 Mini Truck များ | 48-50-53 သိန်း |
| Fielder 2003/6/9 အဖြူ | 115-150 သိန်း |

09 5108316

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်မှန် ပေးဆောင်စို့



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မူဆယ်မြို့ အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက မူဆယ်မြို့ရှိ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းရှင်းလင်းဆောင်ရွက်ပြသထားသည်များကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် စီမံကိန်းတာဝန်ခံတစ်ဦးက မူဆယ်ဗဟို စီးပွားရေးဇုန်စီမံကိန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းနှင့် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇုန်အတွင်း စီမံကိန်းလုပ်ငန်းများတွင် ဈေးဆိုင်ခန်းများ၊ လူနေအိမ်ခန်းများ၊ ဟိုတယ်နှင့် အပန်းဖြေနေရာများ ပါဝင်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သိန်းသန်းချီဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သော မူဆယ်မြို့ အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သိန်းသန်းချီ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မှတ်ဉီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယာဉ်ရပ်နားစခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းကြောင့် ပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ပြီး မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများ အထိုက်အလျောက် ကင်းဝေးစေမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ယာဉ်ရပ်နားစခန်းတွင် လူနေဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ ယာဉ်ရပ်နားကွင်း၊ ကားဂိတ် အခန်းပေါင်း ၂၀၂ ခန်း ပါဝင်သည့် အဆောက်အအုံ ၄၄ လုံး၊ ယာဉ်ပြုပြင်အလုပ်ရုံများ၊ အုပ်ချုပ်ရေးနှင့် မီးသတ်အဆောက်အအုံများ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂန့်ဂေါမြို့နယ်တွင် ဒေသထွက်ဆန်မလုံလောက်မှုကြောင့် မုံရွာနှင့် ကလေးမြို့တို့မှ ဆန်များတစ်ဆင့်ဝယ်ယူနေရ

**ဂန့်ဂေါ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် မိုးရေချိန်မမီ၍ မိုးစပါးများ နေရာအနှံ့စိုက်ပျိုးနိုင်ခြင်းမရှိဘဲ ဆန်အထွက်နှုန်းလည်း လျော့နည်းလာသောကြောင့် ယခုနောက်ပိုင်းကာလများတွင် မုံရွာမြို့နှင့် ကလေးမြို့တို့မှ ဆန်များကို တစ်ဆင့်ဝယ်ယူနေရကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

"ဂန့်ဂေါမှာ မိုးခေါင်လို့ ဇူလိုင်လကုန် စက်တင်ဘာအထိ မိုးစပါးမစိုက်ရသေးဘူး။ နှစ်တိုင်းလို မိုးခေါင်နေတော့ မိုးစပါးက မစိုက်ရတော့ဘူး။ ပဲတို့၊ နှမ်းတို့နေကြာတို့ကိုပဲ အဓိကထားစိုက်နေရတယ်။ စပါးက စိုက်လို့မရတော့ ဆန်ကလည်းမရဘူး။ ဒါကြောင့်မလို့ ဆန်ကိုမုံရွာနဲ့ ကလေးမြို့ဘက်ကနေမှာယူနေရတယ်"ဟုဂန့်ဂေါမြို့ဒေသခံတစ်ဦးက ပြောကြားသည်။

ဂန့်ဂေါမြို့တွင် ဒေသဆန်လုံလောက်မှုမရှိခြင်းကြောင့် မြို့ပေါ်ရှိ ဆန်ပွဲရုံများက မုံရွာနှင့် ကလေးမြို့တို့မှ တစ်ဆင့်ဝယ်ယူလာကြပြီး ဂန့်ဂေါမြို့တွင် ဧရာမင်းဆန်တစ်အိတ်လျှင်ငွေကျပ် ၂၆၅၀၀၊ ရွှေတိုးဆန်တစ်အိတ်လျှင်ငွေကျပ် ၂၀၀၀၀ ဝန်းကျင် ဈေးပေါက်နေကြောင်းဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

ဂန့်ဂေါမြို့နယ်တွင် တောင်သူအများစုသည် မနောသုခနှင့် ဧရာမင်းစပါးကို အများဆုံး စိုက်ပျိုးကြပြီး ဆန်အထွက်နှုန်း လျော့နည်းလာသောကြောင့် စားသုံးရန်ဆန်များကို မုံရွာနှင့် ကလေးမြို့တို့မှ ဝယ်ယူလာကြောင်းသိရသည်။

**သျှင်နေမင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာအ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၀-၁၀၃၆ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှံ့ဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၀၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၃၀၀၀-၂၆၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၅၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၇၅-၁၈၇၅ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၀၀-၁၇၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၆၅၀-၂၇၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၂၀၀-၅၂၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူလိုတာ လုပ်ဖို့ရာ
အခွန်အမှန် လိုအပ်တာ
ပြည့်ဝအခွန် ပေးဆောင်လူ
ကျေးဇူးအမှန် တင်ထိုက်သူ

## ဖိတ်ကြားလွှာ

ကြည်၊ ရေ၊ လေ၊ အမျိုးသမီးစစ်မှုထမ်းဟောင်းများ၏ (၆-၁၂-၂၀၁၄) စနေနေ့ နံနက် (၈း၀၀) နာရီမှ (၁၁း၀၀) နာရီထိ တွေ့ဆုံဆွေးနွေးပွဲသို့ ချစ်သူငယ်ချင်းများ M3 Food Centre သို့ တက်ရောက်ကြပါရန်နှင့် အမှတ်တရ ပစ္စည်းများ လဲလှယ်ရန်လည်း ရှိမည်ဖြစ်ပါသဖြင့် ကြည်၊ ရေ၊ လေ အမျိုးသမီးစစ်မှုထမ်းဟောင်းများ (မပျက်မကွက်) လာရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

သူငယ်ချင်းတစ်စု

ဆက်သွယ်ရန်ဖုန်း - ၀၁ ၃၇၁၇၇၅ တပ်ကြပ်ကြီး ခင်နှင်းယု (ငြိမ်း)
၀၉ ၃၁၄၅၇၅၆၂၊ ၀၁ ၅၃၉၄၁၀ ဗိုလ်ကြီး ဒေါ်အေးနွဲ့ (ငြိမ်း)
၀၉ ၇၃၀၄၇၈၁၅ အရာခံဗိုလ် ဒေါ်ရှုကြည် (အဘွတ်) (ငြိမ်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းအတွက် အောက်ဖော်ပြပါမော်တော်ယာဉ်နှစ်စီးနှင့် Generator တစ်လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | Surf(Diesel) | (၁) စီး |
| (ခ) | Toyota Hi.Ace(Diesel) | (၁) စီး |
| (ဂ) | Generator (Diesel) | (၁) လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၁၂-၂၀၁၄ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၈-၁၂-၂၀၁၄ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၆၇၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

## (၆၂) နှစ်မြောက် မွေးနေ့ဆုတောင်းလွှာ

၂၉-၁၁-၂၀၁၄ ရက် (စနေနေ့)တွင် ကျရောက်သော ကျေးဇူးရှင် မေမေဒေါ်ညိုညိုလွင်၏ (၆၂)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သောသားများ-**

ဦးဇော်ထက်-ဒေါ်မျိုးမမ
ဗိုလ်မှူး ဘိုဘို-ဒေါ်လှိုင်သဇင်မြင့်
ဦးမင်းထက်ကို-ဒေါ်သဉ္ဇာချိုလေး

**ချစ်မြေးများ-**

ဖိုးသဲ၊ ဇူဇူး၊ ကိုခန့်၊ ပိုတေး၊ သဲတုန်

SAMPAR OO

soft drink




စမ္ပာဦး စက်မှုကုန်ထုတ် ကုမ္ပဏီ မှ စမ္ပာဦး အချိုရည်များကို FDA ထောက်ခံချက်အမှတ် ၈၄/၁၄၀၈၈/ထလ နှင့်အညီ 230 ml, 330 ml ဗူးဆိုဒ် နှစ်မျိုးဖြင့်လိမ္မော်၊ လိုင်ချီး၊ ပန်းသီး၊ အားဖြည့်အချိုရည်အရသာလေးမျိုးအားထုတ်လုပ်ဖြန့်ချီလျက်ရှိပါသည်။ ရန်ကုန်မြို့ အပါအဝင် အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်ယူလိုသူများအတွက် အထူးဈေးနှုန်းများဖြင့် စီစဉ်ထားပြီးအဖုံးတွင်း ငွေသားကံစမ်းမဲများလည်းထည့်သွင်းထားပါသဖြင့် အသေးစိတ်သိရှိလိုပါကအောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Ph: 09- 5080512, 09- 5504808, 01- 618290, 01- 618291

အမှတ် ၁၁၃၊ ဘုရင့်နောင်လမ်းမကြီးနှင့်ကနောင်မင်းသားကြီးလမ်းထောင့်၊ ရွှေပြည်သာ စက်မှုဇုန် (၄)၊ ရန်ကုန် ။

စိုးဇင်စာပေ၏ စာအုပ်အမှတ် (၁၆)



ဒေါက်တာ စိုးလွင်

ရင်ဘတ်မှာ မြားစူးနေပြီ မြားပစ်တဲ့သူ ဘယ်သူလဲ မြားဘယ်ကလာသလဲ နှင့် ဂျစ်တူးဖတ်ဖို့ ပေးစာများ

ထွက်ပြီ

Tel:01 228297, 09 5049783, 09 450040767

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

အားကစားနှင့်ကျန်းမာ

# အာဆီယံဆုဇူကီးပြိုင်ပွဲတွင် ထိုင်းနှင့်မလေးရှားဆီမီးတက်ပြီ မြန်မာအသင်းထိုင်းကို ထပ်မံရှုံးနိမ့်

ညီမြတ်သော်တာ

**စင်ကာပူ နိုဝင်ဘာ ၂၉**

အာဆီယံ ဆုဇူကီးဖလားဘောလုံးပြိုင်ပွဲအုပ်စု (က) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံတွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ထိုင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။

| | | |
|---|---|---|
| ထိုင်း | - | နှစ်ဂိုး |
| မြန်မာ | - | ဂိုးမရှိ |

ဆီမီးတက်ရေး မျှော်လင့်ချက်အနည်းငယ်ရှိသည့် မြန်မာအသင်းမှာ နိုင်ပွဲရရေး ကြိုးပမ်းခဲ့သော်လည်း အရှုံးရလဒ်ဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။ မြန်မာအသင်းမှာ ယခင်ပွဲများထက်ကစားပုံ ပိုကောင်းခဲ့သော်လည်း တစ်ကိုယ်တော် ထိုးဖောက်မှုများနေခြင်း၊ အဆုံးသတ် မသေချာခြင်းတို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ထိုင်းအသင်းမှာ အုပ်စုသုံးပွဲစလုံး အနိုင်ရရှိကာ အုပ်စုပထမနေရာ ရရှိခဲ့သည်။



မြန်မာအသင်းမှာ ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး **ဂိုး**-သီဟစည်သူ၊ **နောက်**-ဒေးဗစ်ဒန်း၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ စည်သူအောင်၊ **လယ်**-မင်းမင်းသူ၊ ဝင်းမင်းထွန်း၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦး၊ **ရှေ့**-ကျော်ကိုကိုတို့ ပါဝင်ကစားခဲ့သည်။ မြန်မာအသင်းမှာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အနည်းငယ်ရှိ၍ ပွဲစကတည်းက ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်ဂိုးသွင်းအားနည်းခဲ့၍ ဂိုးမရခဲ့ပေ။ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သည့်ကျော်ကိုကိုမှာ ဂိုးရနိုင်သည့် အပိုင်အခွင့်အရေး လေးကြိမ်ခန့်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၁၂ မိနစ်တွင် ကီဆာရွတ်က အဝေးကန်ချက်ဖြင့် ထိုင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းချေပဂိုး ရရှိနိုင်သည့်အခွင့်အရေးများ ထပ်မံရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ထိုင်းအသင်းအတွက် ဒုတိယဂိုး ၈၄မိနစ်တွင် ပီရာတစ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့သည်။ မြန်မာအသင်းမှာမလိုအပ်ဘဲ တစ်ကိုယ်တော် ထိုးဖောက်မှုများခဲ့၍ ရှုံးသွားရခြင်းဖြစ်သည်။

အမျိုးသားအားကစားကွင်းတွင် ကျင်းပသော အိမ်ရှင်စင်ကာပူနှင့် မလေးရှားအသင်းတို့ပွဲတွင် မလေးရှားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ခ) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စု ပထမ၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ လေးမှတ်ဖြင့်ဆီမီးအဆင့်သို့ တက်ရောက်သွားသည်။ သုံးမှတ်ရရှိသည့် လက်ရှိချန်ပီယံစင်ကာပူနှင့် တစ်မှတ်ရသည့် မြန်မာအသင်းမှာအုပ်စုအဆင့်မှထွက်ခဲ့ရသည်။

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ သီဟ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၃) — နိုဝင်ဘာ ၃၀**

| | | | |
|---|---|---|---|
| ဆောက်သမ်တန် | - | မန်စီးတီး | ည ၈း၀၀ |
| စပါး | - | အဲဗာတန် | ည ၁၀း၃၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၃) — နိုဝင်ဘာ ၃၀**

| | | | |
|---|---|---|---|
| ဝုဖ်ဘတ် | - | ဂလက်ဘတ် | ည ၉း၀၀ |
| ဖရန့်ဖတ် | - | ဒေါ့မွန် | ည ၁၁း၀၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၁၃) — နိုဝင်ဘာ ၃၀/ဒီဇင်ဘာ ၁**

| | | | |
|---|---|---|---|
| ကက်ဂလီယာရီ | - | ဖီအိုရင်တီးနား | ည ၈း၃၀ |
| ဆီစီနာ | - | ဂျီနိုအာ | ည ၈း၃၀ |
| အမ်ပိုလီ | - | အတ္တလန္တာ | ည ၈း၃၀ |
| အေစီမီလန် | - | အူဒီးနိစ် | ည ၈း၃၀ |
| ပါလာမို | - | ပါးမား | ည ၈း၃၀ |
| ဂျူဗင်တပ်စ် | - | တိုရီနို | ည ၁၁း၃၀ |
| ရိုးမား | - | အင်တာမီလန် | နံနက် ၂း၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၁၃) — နိုဝင်ဘာ ၃၀/ဒီဇင်ဘာ ၁**

| | | | |
|---|---|---|---|
| အက်သလက်တီကို | - | ဒီပို့တီဗို | ညနေ ၅း၃၀ |
| ဆီဗီလာ | - | ဂရန်နာဒါ | ည ၁၀း၃၀ |
| ကော်ဒိုဘာ | - | ဗီလာရီးရဲလ် | နံနက် ၀၀း၃၀ |
| ဗလင်စီယာ | - | ဘာစီလိုနာ | နံနက် ၂း၃၀ |

**နိုဝင်ဘာ ၂၈/၂၉ ဂိုးရလဒ်များ**

| | | |
|---|---|---|
| မာဆေး | ၂-၀ | နန့်တက်စ် |
| ဖရိုင်းဘတ် | ၁-၄ | စတုဂတ် |
| ဆိုစီဒက် | ၃-၀ | အယ်လ်ချီ |

# ဗန်ပါစီကို ဗန်ဟားလ် ယုံကြည်မှုနည်းလာ

ရော်ဘင်ဗန်ပါစီသည် အသင်းဟောင်းအာဆင်နယ်နှင့် ကစားသည့်ပွဲတွင် အလွန်ဆိုးရွားစွာ ကစားခဲ့ပြီးနောက် ယုံကြည်မှုအားနည်းနေကြောင်း နည်းပြလူးဝစ်ဗန်ဟားလ်က ပြောကြားလိုက်သည်။

ဒတ်ချ်တိုက်စစ်မှူး ဗန်ပါစီသည် ယခုနှစ်ရာသီအတွင်း ၁၁ ပွဲတွင် သုံးဂိုးသာ သွင်းနိုင်ခဲ့သည်။ အသက် ၃၁ နှစ်ရှိ ဗန်ပါစီအား မန်ယူက အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲတွင် လူစားလဲကစားခဲ့ရသည်။

ဖယ်လ်ကာအို ဒဏ်ရာမှသက်သာလာလျှင် ဗန်ပါစီအနေဖြင့် ၄င်း၏ နေရာအတွက် ဆုံးရှုံးမှုဖြစ်လာနိုင်သည်။ "မင်းကိုယ်တိုင် ဘောလုံးနဲ့ထိတွေ့မှု ရေတွက်မယ်ဆိုရင် ရေတွက်နိုင်ပါတယ်။ ပွဲတစ်ပွဲမှာ ၁၃ ကြိမ်လောက်ပဲ ရှိလိမ့်မယ်"ဟု ဗန်ဟားလ်က ဗန်ပါစီအား ပြောကြားသည်။

နည်းပြဗန်ဟားလ်အနေဖြင့် မန်ယူနည်းပြဖြစ်လာပြီးနောက် ဗန်ပါစီကို အလွန်အားကိုးခဲ့သော်လည်း လက်ရှိအခြေအနေတွင် ခြေစွမ်းမပြနိုင်ဘဲ ဖြစ်နေသည်။

ကောင်းမြတ်သူ-စုစည်းသည်

# အာဆင်နယ်အသင်း အဝေးကွင်းတွင် အမှတ်ပြည့်ရယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၃)ကို စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ဝက်စ်ဘရွန်းနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်အသင်း အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းသည် နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံနေရပြီး ယနေ့ပွဲမှ သာဒန်နီဝဲလ်ဘတ်၏ မိနစ်၆၀တွင် သွင်းယူသော တစ်လုံးတည်းဂိုးဖြင့် အနိုင်ရခဲ့သည်။ ဝက်စ်ဘရွန်းအနေဖြင့် သုံးပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ရခြင်းဖြစ်ခဲ့သည်။ အာဆင်နယ်အသင်း အဝေးကွင်းအနိုင်ရရှိသည့်အတွက် အမှတ် ၂၀ရရှိထားသည်။ အာဆင်နယ်အသင်းသည် နောက်တစ်ပွဲတွင် ဆောက်သမ်တန်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမည်ဖြစ်သည်။




**မြန်မာနိုင်ငံဆရာဝန်အသင်း**

**(၁၆)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ညီလာခံ**

(၁၆)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ညီလာခံကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ်၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသောအသင်းဝင်ဆရာဝန်များ စာရင်းသွင်းတက်ရောက်နိုင်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅၊ ၆၊ ၇

**စာရင်းသွင်းရန်ရက်** - ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၄ရက်(ရုံးချိန်အတွင်း)

**ညီလာခံကျင်းပရေးကော်မတီ**

**အထွေထွေရောဂါကုဆရာဝန်များအဖွဲ့**



**ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ** (နေ့စဉ်)

▲(အလောင်းတော်ကဿပ၊စစ်ကိုင်း၊မုံရွာအနံ့)။ ဆက်၍မန္တလေး-ပြင်ဦးလွင်အနံ့
▲အလိုတော်ပြည့်ဆုတောင်းပွဲ၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ။ ဆက်၍မန္တလေး-ပြင်ဦးလွင်အနံ့
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ
▲(လားရှိုး၊ မူဆယ်၊ ရွှေလီ) ▲ (ကျိုက္ကမီ၊ မော်လမြိုင်၊ ဝက်စဲ)
▲(ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်) (ဇလွန်) (နေပြည်တော်)

အပတ်စဉ် သောကြာ လက်မှတ်ရောင်း/ဝင်းလုံးငှား

ဖုန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပွဲ09-49282825 ကမာကြည်09421029191



# ငွေကျပ် ၁၀ သိန်း ကျေးဇူးဆပ်ပါမည်

ကျွန်မပိုင်ဆိုင်သော I Pad Air (လည်သာအနက်ရောင်စွပ်) (၁)လုံး ၂၃-၁၁-၂၀၁၄ ရက် နံနက် ၇ နာရီနှင့် ညနေ ၃ နာရီအတွင်း ကျပျောက်ခဲ့ပါသည်။ ၄င်း I Pad အတွင်းတွင် တန်ဖိုးမဖြတ်နိုင်သော မိသားစုဓာတ်ပုံများပါရှိနေပါသဖြင့် တွေ့ရှိကောက်ရထားသူအား ငွေကျပ် ၁၀ သိန်း ကျေးဇူးဆပ်ပါမည်။ ခန့်မှန်းကျပျောက်ခဲ့သော နေရာများမှာ (၁)တောင်ကြီးဟိုတယ်၊ (၂)တောင်ကြီးဟိုတယ်မှ တောင်ကြီးဗုဒ္ဓတက္ကသိုလ်၊ (၃)ထိုမှ ဟဲဟိုးလေဆိပ်၊ (၄)ဟဲဟိုးလေဆိပ်နှင့် ဧည့်ခန်းဆောင်၊ (၅)ထိုမှ မြန်မာ့လေကြောင်း UB-647 (ဟဲဟိုး-လားရှိုးခရီးစဉ်) လေယာဉ်ပေါ်၊ (၆)လားရှိုးမြို့။

**(ဆက်သွယ်ရန်) မဝေဝေလွင်**

**ဖုန်း-၀၉-၅၂၁၅၀၆၃၊ ၂၅၆၁၆၇၇၇၀**



# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၂၉-၁၁-၂၀၁၄ရက်တွင် Sedona Hotel၌ကျင်းပခဲ့သော ကျွန်တော်/ကျွန်မတို့၏ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များကို သိဒ္ဓိတင်ဆင်မြန်းချီးမြှင့်ပေးပါသော နိုင်ငံတော် ဒုတိယသမ္မတ သရေစည်သူ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော် ဒုတိယသမ္မတ သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုံ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိသုဓမ္မဦးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ မောင်မောင်ခင်(ငြိမ်း)နှင့် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ တပ်မတော်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အငြိမ်းစား အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အသင်းအဖွဲ့အသီးသီးမှ မိတ်ဆွေများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ တေးသီချင်းများနှင့် ဧည့်ခံပေးကြပါသော The Aces မင်္ဂလာတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြ မောင်အောင်ဘုန်းမြတ်ကျော်နှင့် မချမ်းမြေ့ကြည်ဖြူစင်၊ မင်္ဂလာပန်းကြဲ မကြည်လဲ့လဲ့ရွန်း၊ မင်္ဂလာပန်းကလပ်နှင့် မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မကြူကြူသင်းရှိန်နှင့် မကြိုင်ကြိုင်သင်းရှိန်၊ သတို့သားအရံ မောင်ရဲမင်းမြတ်နှင့် မောင်အောင်ဖြိုးဝေ၊ သတို့သမီးအရံ မယုမျက်သွယ်နှင့် မမျိုးရှင်မင်းလှိုင်ဘွား၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာမျိုးမင်းစိုး၊ မိတ်ကပ်ဆံပင်ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ မင်္ဂလာဖိနပ်ဆင်မြန်းပေးပါသော ဓာမဏီဒေါ်လဲ့လဲ့ဝင်း၊ Pre-wedding ဓာတ်ပုံများနှင့် မင်္ဂလာပွဲမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးပေးပါသော ကိုကျော်ရွှေမင်း(Dior Photo Studio )၊ ပန်းအလှဆင် အန်တီနီလာ(Eternal Floral)၊ မင်္ဂလာဖိတ်စာ Viriya၊ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြပါသော တပ်မတော်(ရေ)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော လူကြီးမင်းများနှင့်တကွ အားလုံးသော ကျေးဇူးတင်ထိုက်သူများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ကားရပ်နားရာနေရာနှင့် ထိုင်ခုံနေရာ အခက်အခဲများ လိုအပ်ချက်တစ်စုံတစ်ရာရှိခဲ့ပါက နားလည်ပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် မင်းဝဏ္ဏ-ခိုင်လွင်လွင်ကျော်**


# လီဗာပူးနည်းပြ နုတ်ထွက်ရဖွယ်ရှိ

လီဗာပူးအသင်း၏ ဆိုးရွားသော ရလဒ်များကြောင့် နုတ်ထွက်ရန် နီးလာပြီဖြစ်ကြောင်း နည်းပြဘရီဒန်းရော်ဂျာက ပြောကြားလိုက်သည်။ လီဗာပူးအသင်းသည် ပြီးခဲ့သည့် လေးပွဲကစားရာတွင် ရမှတ်တစ်မှတ်သာရသေးသည်။ အမှတ်ပေးဇယားတွင် ၁၂ နေရာအထိသာရှိနေပြီး ထိပ်ဆုံးရောက် ချယ်လ်ဆီးနှင့် ၁၈ မှတ်ကွာနေသည်။ "လီဗာပူး အသင်းအတွက် နည်းပြလုပ်တဲ့ ကျွန်တော်ဟာ ရလဒ်တွေဆိုးရွားနေလို့ အခုအခါမှာတော့ နုတ်ထွက်ရဖို့ ရေပန်းစားလာပါတယ်"ဟု ရော်ဂျာက ပြောသည်။ လီဗာပူးအသင်းသည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်ပွဲ ခြောက်ပွဲရှုံးနိမ့်ထားသည်။ သို့သော်လည်း လီဗာပူးအသင်းသည် ချန်ပီယံလိဂ် ၁၆သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ဖွယ်ရှိသည်။ ဆွမ်ဆီးနည်းပြဟောင်း ရော်ဂျာက လီဗာပူးဂိုးသမားဟောင်း ဘရစ်ဂရစ်တ် ဘီလာက ဂိုးသမားဘီမွန်အပေါ် ဝေဖန်ခဲ့ခြင်းကို ကာကွယ်ပြောဆိုခဲ့သည်။

ကြော်ငြာ


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ်
စက္ကန့်ခြောက်ဆယ် ကို ၂၅ကျပ်ပဲ
ကျသင့်ပါတယ်။
ooredoo
၁စက္ကန့် = ၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန်
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

# သိပ္ပံမှတ်တမ်းသစ် သစ်ခွမျိုးစိတ် မြန်မာနိုင်ငံ တနင်္သာရီ သဘာဝကြိုးဝိုင်းအတွင်း ရှာဖွေတွေ့ရှိ



**မြတ်စန္ဒီသင်းဇော်**

မြန်မာနိုင်ငံတွင် သိပ္ပံမှတ်တမ်း မတင်ရသေးသော သစ်ခွမျိုးစိတ်သစ်တစ်မျိုးကို သစ်ခွပညာရှင်ဒေါက်တာစောလွင် ဦးဆောင်သည့် သုတေသနပညာရှင်အဖွဲ့သည် တနင်္သာရီ သဘာဝကြိုးဝိုင်းအတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ ရုက္ခဗေဒအခေါ်အဝေါ်အားဖြင့် Calanthe Punctata (TNRO-153) ဟု အမည်ရှိသည့် ယင်းသစ်ခွကို တနင်္သာရီ သဘာဝကြိုးဝိုင်းအတွင်းရှိ ရေကန်တောင်ဒေသမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဒေါက်တာစောလွင်က ပြောကြားသည်။

"လောလောဆယ်မှာတော့ မြန်မာအမည် မပေးရသေးဘူး။ အမည်ပေးရင် ပန်းပွင့်ရဲ့သွင်ပြင်လက္ခဏာကိုကြည့်ပြီးပေးတာ အကောင်းဆုံးပါပဲ။ ဒီပန်းပွင့်ရဲ့ပွင့်ဖတ်က ထောင်ပြီး အစက်လေးတွေရှိနေတာ တွေ့ရတယ်။ ကမ္ဘာ့သိဖြစ်ဖို့အတွက် ဆောင်းပါးတွေရေးရမယ်။ ကမ္ဘာ့အသိအမှတ်ပြုတဲ့ သိပ္ပံဂျာနယ်မှာ ရေးရမယ်။ ၂၀၁၃ ခုနှစ် ဂျပန်နိုင်ငံ အိုကီနာဝါမှာကျင်းပတဲ့ (၁၁)ကြိမ်မြောက် အာရှပစိဖိတ်သစ်ခွကွန်ဖရင့်မှာ ဒီအကြောင်းကို paper အနေနဲ့ presentation ပြောခဲ့တယ်။ calanthe မျိုးရိုးက အာရှတိုက်မှာ အတွေ့များတယ်"ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သူ သစ်ခွပညာရှင် ဒေါက်တာစောလွင်က ပြောကြားသည်။

ဒေါက်တာ စောလွင်သည် တနင်္သာရီ သဘာဝကြိုးဝိုင်းတွင် တနင်္သာရီကြိုးဝိုင်းစီမံကိန်းသစ်တောဦးစီးဌာန၏အကြံပေးပုဂ္ဂိုလ် (National Consultant)အဖြစ် ၂၀၁၂ခုနှစ်အတွင်း သစ်ခွသုတေသနများကို ၎င်းသုတေသနအဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာပန်းခက်ခက် (သစ်ခွပညာရှင်)၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်း၊ ဦးဇော်ဦးဝေ (အဖွဲ့ဝင် မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း)တို့နှင့်အတူ သွားရောက်ဆောင်ရွက်ခဲ့ရာတွင် ရလဒ်အဖြစ် သိပ္ပံအတွက် လုံးဝမှတ်တမ်းမတင်ရသေးသော မြေသစ်ခွတစ်မျိုးနှင့် မြန်မာနိုင်ငံအတွက် မှတ်တမ်းသစ်သစ်ခွမျိုးစိတ်များကို ရှာဖွေတွေ့ခဲ့ကြောင်း သိရသည်။

"သုတေသနခရီးစဉ်မှာ သစ်ခွ ၁၉၄ ခု စုဆောင်းနိုင်ခဲ့တယ်။ မျိုးစုက ၅၀၊ သေချာတဲ့ မျိုးစိတ်က ၇၃ မျိုး တွေ့ရှိခဲ့တယ်။ ခြောက်မျိုးက မြန်မာပြည်မှာ အရင်ကမရှိသေးဘူး။ ကမ္ဘာသိဖြစ်ဖို့ ဆောင်းပါးတွေ ရေးရမယ်။ သိပ္ပံဂျာနယ်စာစောင်တစ်စောင်မှာ လောလောဆယ်ရေးနေပြီ။ ဝါးတောမှာပေါက်တဲ့ မြေသစ်ခွမျိုး Steresandra Javanica က မြန်မာအတွက် မျိုးစုအဆင့်အထိ ဖြစ်နိုင်တယ်။ ကမ္ဘာကအသိမှတ်ပြုတဲ့ ဂျာနယ်မှာထည့်ရမယ်"ဟု ဒေါက်တာစောလွင်က ပြောကြားသည်။

ယခုတွေ့ရှိခဲ့သည့် သစ်ခွမျိုးစိတ်သစ် (ရုက္ခဗေဒအခေါ် ကလန်တေပန်တာတာသစ်ခွ)သည် ကျောက်တုံးကျောက်ဆောင်များ၌ ကပ်ပေါက်သည့် သစ်ခွပင်ဖြစ်ကြောင်း သိရသည်။ သစ်ခွတွေ့ရှိသည့် တနင်္သာရီကြိုးဝိုင်းဧရိယာမှာ ၂၀၁၂ မတိုင်မီအထိ သစ်ခွသုတေသနလုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း သိရသည်။ ထူးခြားသည့် သဘာဝသစ်ခွမျိုးရိုင်းများ တွေ့ရှိနိုင်သေးကြောင်း ဒေါက်တာစောလွင်က ဆက်လက်ပြောကြားသည်။ ကမ္ဘာပေါ်ရှိ ရောင်းဝယ်ဖောက်ကားခွင့်မပြုသော သစ်ခွရှစ်မျိုးအနက် မြန်မာနိုင်ငံမှ ရှားပါးသစ်ခွမျိုးများဖြစ်ကြသည့် ချင်းသစ်ခွ၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် ပေါက်ရောက်သည့် ခုံဖိနပ်သစ်ခွနှင့် Dendrodial အမျိုးအစား တနင်္သာရီသစ်ခွတို့ပါဝင်ကြောင်း သိရသည်။

သစ်ခွသည် ဖြတ်ပန်းအနေဖြင့် စိုက်ပျိုးထုတ်လုပ်ကြောင်း၊ တရုတ်နိုင်ငံတွင် ရာစုနှစ်ပေါင်းများစွာကတည်းက သစ်ခွကို ဆေးဖက်ဝင်အနေဖြင့် စိုက်ပျိုးကြကြောင်း၊ မြန်မာနိုင်ငံတွင် စပ်မျိုးသစ်ခွကို စိုက်ပျိုးကြကြောင်း သိရသည်။

သစ်ခွပင်များသည် အပူပိုင်းဒေသတွင် အများဆုံး ပေါက်ရောက်ကြောင်း၊ တောမှောင်ပါက မပေါက်ရောက်ကြောင်း၊ အလင်းရောင်နှင့် နေရောင်ရရှိသည့် ရွက်ကြွေတောများ၌သာ ပေါက်ရောက်ကြောင်း၊ မြန်မာနိုင်ငံတွင် အများဆုံးပေါက်ရောက်ရာ ဒေသများမှာ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ဖြစ်ကြောင်း သိရသည်။

"သစ်ခွပန်းက ကမ္ဘာမှာ နောက်ဆုံးမှဖြစ်လာတဲ့ သက်ရှိပန်းပင်ဖြစ်တယ်။ နှစ်စဉ် ဖေဖော်ဝါရီလကနေ ဧပြီလအထိက သစ်ခွပန်းပွင့်တဲ့လဖြစ်တယ်။ အပွင့်မျိုးစပ်၊ အသီးမျိုးစပ်တွေဖြစ်လာတယ်။ အပင်က ပန်းခိုင်တွေ အသီးတွေ ကြီးထွားလာပြီး မိုးကုန်ရင် ထပ်ပြီးထပ်ပြီး ကြီးလာတယ်။ နောက်ပိုင်း အစေ့တွေပေါက်ကွဲလာတယ်။ သစ်ခွစေ့မှာ အစေ့တွင်းစာမရှိလို့ အလွန်ပေါ့တယ်။ ဒါ့ကြောင့် ပျံ့နှံ့လွယ်တယ်။ သစ်ခွအသီးတစ်သီးထဲမှာ သိန်းသောင်းချီပါဝင်တယ်။ အလွန်သေးငယ်တာကြောင့် အဏုကြည့်မှန်ပြောင်းနဲ့မှမြင်ရတယ်။သစ်ခွမျိုးစိတ်ပေါင်း ၁၀၀၀ ကနေ ၁၅၀၀ လောက်ရှိကြတယ်"ဟု ဆက်လက်ပြောကြားသည်။

ဒေါက်တာစောလွင်သည် ၂၀၁၂ ခုနှစ်တွင် သစ်တောဦးစီးဌာနတွင် အမျိုးသားအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၂၀၁၂ ဧပြီလမှ နိုဝင်ဘာလအထိ တနင်္သာရီ သဘာဝကြိုးဝိုင်းဧရိယာ၌ သစ်ခွနှင့်ပတ်သက်သည့် သုတေသနကို ၎င်း၏အဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင်လည်း အဆိုပါ သဘာဝကြိုးဝိုင်းဒေသအတွင်း သစ်ခွသုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် ရွေးချယ်ခြင်းခံရကြောင်း သိရသည်။

"ဒီဒေသအတွင်းမှာ၂၀၁၂ ခုနှစ်မတိုင်မီက သစ်ခွနဲ့ပတ်သက်ပြီး သုတေသနလုပ်ကိုင်ခဲ့ဖူးခြင်း မရှိခဲ့ဘူး။ ပထမအကြိမ်မှာတုန်းက ဧရိယာရဲ့ ၃ ပုံ ၁ ပုံလောက်ပဲ သုတေသနလုပ်နိုင်ခဲ့တယ်။ အခုတော့မရောက်တဲ့နေရာတွေသွားမယ်။ တောထဲမှာ ၁၀ ရက်ကနေ နှစ်ပတ်အထိ နိုဝင်ဘာကနေ မတ်လအထိ လစဉ်သွားပြီး သုတေသနအသစ်တွေ လုပ်ဆောင်သွားမယ်။ ထူးခြားတဲ့ သဘာဝသစ်ခွမျိုးစိတ်တွေ အများကြီးတွေ့နိုင်တယ်လို့ ယူဆတယ်။ အမေရိကန်နိုင်ငံ က သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးအကြံပေးတယ်။ သူတို့ထံ report တင်ရတယ်။ အရင်လေ့လာချက်မှာ သစ်ခွ ၁၉၄ မျိုး စုဆောင်းနိုင်ခဲ့တယ်။ မျိုးစုပေါင်း ၅၀၊ သေချာတဲ့ မျိုးစိတ်က ၇၅မျိုး တွေ့ရတယ်။ ဟိုမှာ ဒေသခံတွေနဲ့တွေ့ဆုံတယ်။ သစ်ခွနဲ့ ပန်းမန်တွေကို တန်ဖိုးထားထိန်းသိမ်းရေး ဟောပြောတယ်။ အစိုးရဝန်ထမ်းတွေရော၊ ရေနံကုမ္ပဏီတွေက ဝန်ထမ်းတွေကိုပါ သစ်ခွနဲ့ပတ်သက်ပြီး ၃ ရက် သင်တန်းခေါ်တယ်။ သစ်ခွနဲ့ပတ်သက်ပြီး မွန်၊ ကရင် မြန်မာဘာသာစကားတွေနဲ့ ပိုစတာတစ်ခုထုတ်ဖို့ စီစဉ်ထားတယ်။ အခမဲ့ဖြန့်ဝေသွားပါမယ်"ဟု ပြောကြားသည်။

သစ်ခွပင်များသည် ချောင်းစပ်၊ တောင်ပေါ်၊ မြက်တော၊ ကျောက်တောင် စသည့်နေရာရှိသမျှ၌ ပေါက်ရောက်နိုင်ကြောင်း သိရသည်။ တချို့အပင်ကမြေအောက်တွင်ရှိပြီး မိုးရွာသောအခါ မြေပေါ်တွင်အပွင့်တက်ရောက်ပွင့်တတ်ကြောင်း၊ သစ်ခွစေ့မှာ မျိုးခွဲရန်ခက်ခဲသဖြင့် ပန်းပွင့်ကိုကြည့်ကာ ခွဲခြားရကြောင်း သိရသည်။

စုဆောင်းရာတွင် အရက်ပြန်ထည့်သော ပုလင်းနှင့် သိမ်းဆည်းရကြောင်း၊ သစ်ခွမျိုးခွဲရာတွင် ရန်ကုန်တက္ကသိုလ်ရုက္ခဗေဒဌာနမှ ထုတ်ဝေသည့် စာအုပ်၊ ပန်းဝါသနာရှင်များအသင်းကစာအုပ်။ သစ်တောဌာနမှ ထုတ်ဝေသည့် သစ်ခွနှင့် သက်ဆိုင်သည်ကို တိုက်ကြည့်ရကြောင်း၊ နိုင်ငံတကာမှ မျိုးခွဲပါရဂူများထံ တိုက်ဆိုင်စစ်ဆေးကာ အတည်ပြုချက်ရယူရကြောင်း သိရသည်။

သစ်ခွထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဒေါက်တာစောလွင်က ပညာရှင်များ လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ သစ်ခွနဲ့ ပတ်သက်ပြီး တစိုက်မတ်မတ်လေ့လာဖို့ ပညာရှင်တွေ လိုအပ်နေသေးတယ်။ သစ်ခွကို ထိန်းသိမ်းဖို့ဆိုတာ ပညာရှင်တွေသာမက အစိုးရပိုင်းကရော၊ ကျေးရွာသူ ကျေးရွာသားတွေပါ ထိန်းသိမ်းရင် အမြဲတည်တံ့နေတဲ့ ရတနာဖြစ်ပြီး၊ သားစဉ်မြေးဆက် တည်ရှိနေနိုင်မှာပါ။ မျိုးရိုင်းတွေကို ထိန်းသိမ်းမှ မျိုးယဉ်တွေ အများကြီး မပျောက်မပျက်ဘဲ ရှိနေနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

## မြတ်ဆရာပူဇော်ကန်တော့ပွဲ နှိုးဆော်လွှာ

GTC/TU (Hmawbi Electronic Major) ကို ၁၉၉၈မှ ၂၀၀၆ ခုနှစ်အတွင်း စတင်တက်ရောက်ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၄ရက်(စနေနေ့)တွင် တက္ကသိုလ်များမှော်ဘီရုံ၌ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြတ်ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အောက်ဖော်ပြပါ ကော်မတီဝင်များထံသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ဦးကျော်သူရလွင် | ဖုန်း-၀၉-၄၂၀၀၅၆၅၅၈ |
| ကိုဘဏ်ထွန်း | ဖုန်း-၀၉-၄၄၈၀၀၃၉၉၄ |
| ကိုကြည်လွင် | ဖုန်း-၀၉-၇၃၁၈၂၀၉၃ |
| ကိုရဲမင်းထွဋ် | ဖုန်း-၀၉-၄၃၀၄၃၀၆၅ |
| ကိုကျော်လင်း | ဖုန်း-၀၉-၅၀၃၀၈၈၉ |
| ကိုဇော်ရဲလင်း | ဖုန်း-၀၉-၄၂၅၃၂၃၈၈၉ |
| ကိုဒိတ်သျှောင် | ဖုန်း-၀၉-၂၅၄၂၇၃၃၇၈ |
| မဝင်းသီတာကျော် | ဖုန်း-၀၉-၄၃၁၁၀၄၈၉ |
| မသရဖီစိုး | ဖုန်း-၀၉-၄၅၀၀၅၀၂၀၁ |
| မစုမွန်လတ် | ဖုန်း-၀၉-၅၀၇၇၁၉၉၊ ၀၉-၅၄၀၀၀၉၁ |
| မမေသဥ္ဇာမြင့် | ဖုန်း-၀၉-၂၅၃၂၆၁၅၂၃ |
| မစုစန္ဒာမြင့် | ဖုန်း-၀၆၅-၉၇၈၉၉၂၂၉(စင်ကာပူ) |
| မပွင့်မြူးဇင် | ဖုန်း-၀၆၅-၉၃၈၉၅၃၄၈(စင်ကာပူ) |

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ်(၃၀၆၁)၊ ဧရိယာ ၀ ဒသမ၁၁၀ ဧကရှိ ဦးတင်လတ် အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးတင်လတ် ၁၂/ရကန(နိုင်)၀၄၈၂၀၀ (ဘ) ဦးအမ်ရိုးမာလ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## U.C.H.S/ကူရှင်(၁၉၄၇-၁၉၆၄) (ယခု အထက-၄အလုံ) ကျောင်းသား၊ ကျောင်းသူဟောင်းများပြန်လည်တွေ့ဆုံခြင်းနှင့် ဆရာ၊ ဆရာမများအား ဂါရဝပြုပွဲဖိတ်ကြားလွှာ

U.C.H.S/ကူရှင် (၁၉၄၇-၁၉၆၄) (ယခု အထက-၄ အလုံ) ကျောင်းသား၊ ကျောင်းသူဟောင်းများပြန်လည်တွေ့ဆုံ၍ မိတ်ဆုံစားပွဲနှင့် ဆရာ၊ ဆရာမဟောင်းများအား ဂါရဝပြုခြင်းကို ရန်ကုန်မြို့အမှတ် (၁၄၃)(ကူရှင်ခန်းမ)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁၀-၁-၂၀၁၅ ရက် (စနေနေ့) နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၂း၀၀ နာရီအထိ ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်သောဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ပါရန် ရင်းနှီးခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးလှတင် ဖုန်း-၀၉-၇၉၉၆၅၉၁၆၀၊ ဦးစိုးအောင် ဖုန်း-၀၉-၅၀၅၆၂၇၃၊**
**ဦးထွန်းအောင် ဖုန်း-၀၉-၄၂၀၀၅၄၇၀၇၊ ဦးမျိုးညွန့် ဖုန်း-၀၉-၂၅၀၂၂၁၀၆၆**

## ဒေါ်နုနုဝေ ၁၂/တကန(နိုင်)၁၂၇၄၄၀ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်းထွန်း ၈/ပခတ(နိုင်)၁၄၉၃၆၄ နှင့်ဒေါ်နုနုဝေ ၁၂/တကန(နိုင်)၁၂၇၄၄၀ တို့သည် ၁၂-၃-၁၉၉၈မှစ၍ လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြရာ သမီး(၁)ဦးနှင့် သား(၂)ဦးတို့ကို မွေးဖွားခဲ့ပါသည်။ ယခုအခါ အိမ်ထောင်ရေးအဆင်မပြေမှုများရှိသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်းထွန်းသည် မိသားစုနှင့်ခွဲခွာ၍ နေပြည်တော်တွင် နေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၂လမ်း၊ အမှတ်(၂၉၀)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအပါအဝင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သော အခြားရွှေ့ပြောင်းနိုင်သော/မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်းထွန်း၏ သဘောတူခွင့်ပြုချက်မပါဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်းမပြုပါရန် သတိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန္ဒာဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၁)**

**ဒေါ်စိုးစိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၃)**

**အမှတ် (၃၁/၃၃)၊ စတုတ္ထထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကွက်အမှတ် ၁၅၃၊ ဧရိယာ(၄၀'×၆၀')၊ မြေကွက်အမှတ်(၁၈၂၆)ဟုခေါ်တွင်သော ဦးဘအေး ၁၂/ဥကမ(နိုင်)၀၇၉၃၄၉(ဌာနစုမှူး၊ ပင်မရေနံ၊ ခနီတော)၏ အမည်ပေါက်မြေချပါမစ်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်အကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဘအေး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ**
**ဒေါ်သီတာအေး ဖုန်း-၀၉-၇၃၁၈၂၉၈၅**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၁၄**
**ကွယ်လွန်သူ ဦးစိန်မြင့်(ခ)ဦးတုတ်တုတ်၏ ကျန်ရှိသောပစ္စည်းအကြောင်း**

**ဒေါ်ချိုချိုဝင်း** **လျှောက်သူ**

တိုက်အမှတ်(၃၃၄/၃၄၄)၊ အခန်းအမှတ်(၁၁၀၂)၊ ပုဂံအိမ်ရာ၊ အနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ချိုချိုဝင်းက ကွယ်လွန်သူ ဦးစိန်မြင့်(ခ)ဦးတုတ်တုတ်၏ ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးစိန်မြင့်(ခ)ဦးတုတ်တုတ်မှာ ကျန်ရှိသောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်မြင့်(ခ)ဦးတုတ်တုတ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ချိုချိုဝင်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

**(ဌေးရီ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# စပါးစိုက်တောင်သူများ အနာဂတ်သေချာစေမည့် ဈေးနှုန်း လုပ်ငန်းရှင်များက ကန်ထရိုက်စနစ်ဖြင့် ဖော်ဆောင်ပေးမည်

**တပ်ကုန်း နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ တောင်သူလယ်သမားများ ဖြစ်ကြသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းသည်လည်း ဆန်စပါးကို အဓိကစိုက်ပျိုးကြသည်။ ကျေးလက်နေ တောင်သူလယ်သမားဘဝ မြင့်မားရေးအတွက် ပြောင်းလဲနေသည့် ခေတ်ကြီးတွင် မိရိုးဖလာစနစ်၊ သမားရိုးကျစနစ်နှင့် ကြပက်စနစ်များကိုပြောင်းလဲ၍ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP)ကျင့်သုံးနေပြီဖြစ်သကဲ့သို့ တစ်ဖက်ကလည်း စိုက်ပျိုးပြီး ထွက်ရှိလာသော စပါးများ တောင်သူလယ်သမားအတွက် အမာခံ ဈေးကွက်ရရှိရေးအတွက် အထူးလိုအပ်မည်ဖြစ်ပါသည်။ တောင်သူလယ်သမားများသည် စိုက်ပျိုးထားသော စပါးများအောင်မြင်စွာထွက်ရှိသော်လည်း စပါးဈေးနှုန်းပုံမှန်မရှိ၍ နှစ်စဉ် လယ်သမားများ ထိခိုက်နစ်နာလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ၎င်းတို့၏ အခက်အခဲကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးမည့် နည်းလမ်းတစ်ခုမှာ ကုမ္ပဏီနှင့် စိုက်ပျိုးတောင်သူများ နွေစပါးသီးနှံအကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မည့် ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာ့လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း (Mapco) မှ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက "တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် GAP စနစ်နဲ့ စိုက်ပျိုးကြသလို ပုလဲသွယ်စပ်မျိုး စပါးမျိုး၊ နွေစပါး စိုက်ပျိုးရန် အရင်းအနှီးလိုအပ်မှုတွေ၊ ခိုင်မာသော ဈေးကွက်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ရာ ကန်ထရိုက်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းရှင်ကုမ္ပဏီနဲ့ တွေ့ဆုံပေးခြင်းဖြစ်ပါတယ်။ ကုမ္ပဏီနဲ့ အကျိုးတူလုပ်မယ်ဆိုရင် စိတ်တူ၊ ကိုယ်တူ၊ အကျိုးတူဆောင်ရွက်ဖို့လိုပါတယ်။ ဒီလို ကန်ထရိုက်စနစ်က စိုက်ပျိုးမယ့် တောင်သူများကလည်း စိတ်ဝင်တစားလုပ်ဖို့လိုပါမယ်၊ ကုမ္ပဏီနဲ့ စိုက်ပျိုးတောင်သူများ ဟန်ချက်ညီဖို့လိုပါတယ်၊ ဒါမှ နှစ်ဦးနှစ်ဖက် အကျိုးရှိမှာဖြစ်ပါတယ်၊ ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့များ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးများတွင် အလုံအလောက် ဆက်သွယ်ဝယ်ယူရရှိနိုင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်တို့က နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်မှာ ကန်ထရိုက်စနစ်နဲ့ စိုက်ပျိုးနိုင်အောင် ကူညီပံ့ပိုးပေးမှာပါ၊ ပံ့ပိုးပေးမယ့် ပစ္စည်းတွေကတော့ စပါးစိုက်ပျိုးရန် ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကလျှင် ရှစ်ကီလိုအတွက် ငွေကျပ် ၂၄၀၀၀၊ ယူရီးယားဓာတ်မြေဩဇာ ၅၀ ကီလိုအတွက် ငွေကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ဓာတ်မြေဩဇာ (၁၅း၁၅း၁၅) အတွက် ငွေကျပ် ၃၅၀၀၀၊ စိုက်ပျိုးစရိတ်အတွက် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၃၁၅၀၀ ကို တစ်ဧကစာအတွက် ပံ့ပိုးပေးမှာပါ။ စပါးပေါ်လာရင် ထွက်ရှိလာတဲ့ စပါးကို ကျွန်တော်တို့ကုမ္ပဏီက စပါးတင်း ၁၀၀ လျှင် အခြေခံဈေးနှုန်း လေးသိန်းနှုန်းနဲ့ ယူပါမယ်။ ပံ့ပိုးပစ္စည်း တန်ဖိုးစရိတ် ချေးငွေအပါအဝင် စုစုပေါင်း သင့်ငွေနဲ့ ညီမျှတဲ့ စပါးတင်း ၃၃ တင်းကို ပြန်ယူမှာဖြစ်ပါတယ်။ ထွက်သမျှစပါးတွေကို အခြားပြင်ပပေါက်ဈေးနှုန်းအတိုင်း ကုမ္ပဏီက ဝယ်ယူပေးမှာဖြစ်ပြီး အခြားမည်သူမဆို လွတ်လပ်စွာ ရောင်းချနိုင်ပါတယ်။ ကျွန်တော်တို့က တင်းချိန်နဲ့မယူဘဲ တစ်တင်းလျှင် ၄၆ ပေါင်နှုန်းနဲ့ဝယ်ယူမှာပါ။ ကျွန်တော်တို့နဲ့ အကျိုးတူလုပ်မယ့် တောင်သူတွေကတော့ စာချုပ်ချုပ်ရပါမယ်။ စာချုပ်ပါ စည်းကမ်းများကိုလည်း နှစ်ဦးနှစ်ဖက်လိုက်နာဖို့ လိုမယ်။ တောင်သူလေးဦး ဝိုင်းကြီးချုပ်စနစ်ဖြင့် စာချုပ်ပါမယ်"ဟု မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆွေးနွေးပွဲတက်ရောက်လာသည့် ကင်းသာရွာမှ စပါးစိုက်တောင်သူတစ်ဦးကလည်း "ကျွန်တော်တို့ လယ်သမားတွေက အရင်းအနှီးမရှိကြတော့ နွေစပါးစိုက်ဖို့ အခက်အခဲရှိတယ်။ တချို့ အရင်းအနှီးရှိတော့လည်း ဈေးကွက်က အာမခံချက်မရှိတော့ မစိုက်ရဲကြဘူး။အခုလို အရင်းအနှီး ထုတ်ပေးမယ်။ နည်းပညာပေးမယ်။ အခက်အခဲတွေ ကူညီမယ်ဆိုတော့ ကျွန်တော်တို့အတွက် အဆင်ပြေပါတယ်။ အကျိုးတူ ကန်ထရိုက်စနစ်နဲ့ နွေစပါးစိုက်မှာပါ။ နွေစပါးဆိုတော့ ရေအခက်အခဲမရှိရင်တော့ အားလုံးနီးပါး စိုက်ကြမှာပါ" ဟု ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်တွင် နွေစပါး စိုက်ဧက တစ်သောင်းကို ကန်ထရိုက်စနစ်ဖြင့် အကျိုးတူစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးနှင့် မျိုးစပါး စိုက်စရိတ်များကို ကန်ထရိုက်စနစ်ဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်မှုကြောင့် စပါးစိုက်တောင်သူများအတွက် အနာဂတ်သေချာသည့် ဈေးနှုန်းကိုရရှိမည်ဖြစ်သည်။

**သတင်း-ကျော်သူဝင်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သက်ထက်**



## မြေအောက်စက်ရေတွင်းပေါင်း ၂၁၈ တွင်းတူးမည်

**သာစည် နိုဝင်ဘာ ၂၉**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိကျေးရွာများ စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၂၁၈ တွင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့်ညှိနှိုင်း၍ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကလည်း သာစည်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရ သီးသန့်ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေ အခက်အခဲမရှိစေရေးအတွက် စက်ရေတွင်းပေါင်း ၁၀၀ကျော်ကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တူးဖော်ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ အဆိုပါကျေးရွာများတွင် တောင်သူများက မြေအောက်စက်ရေတွင်းရေဖြင့် သီးနှံမျိုးစုံကိုစိုက်ပျိုးပြီး မိသားစုစားဝတ်နေရေးကို အဆင်ပြေအောင် စိုက်ပျိုးလုပ်ကိုင်နေကြကြောင်း သိရသည်။ ရေအသုံးချရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် မြေအောက်ရေတူးဖော်ရေးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ မြေအောက်ရေတူးဖော်သုံးစွဲနိုင်မှု၊ မြေ၏ခံနိုင်ဝန်နှင့် မြေအောက်ရေကြောင့် မြေပြိုမှု၊ ရေခန်းခြောက် မှုတို့မဖြစ်စေရန် စနစ်တကျတိုင်းတာ၍ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## စားသောက်ဆိုင်များထုတ်ပေးသည့်ပြေစာ အမှတ်တံဆိပ်ကပ်နှိပ်ခြင်းလုပ်ငန်းရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ ထိဖွင့်ပွဲခန်းမ၌ စားသောက်ဆိုင်လုပ်ငန်းရှင်များကို စားသောက်ဆိုင်များမှ ထုတ်ပေးသော ပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်၍ ထုတ်ပေးစေခြင်းလုပ်ငန်းဆိုင်ရာများ ဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပရာ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ သူရဦးသောင်းလွင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်တို့က ဆွေးနွေးအမှာစကားပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးလုပ်ငန်းခွင် ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းစဉ်များ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသော စားသောက်ဆိုင်လုပ်ငန်းရှင်များမှ သိရှိလိုသည်များကို တင်ပြသဖြင့် ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိန်လွင်အောင်**

## အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အေးချမ်းသာယာ ပြည်မြန်မာဟူသောခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဓာတ်ပုံပြိုင်ပွဲ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sule Shangri- La Hotel, Myanmar Ballroom ၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီဖုန်း ၀၁- ၂၀၁၉၃၆၊ ၀၁- ၃၇၁၃၄၂ သို့ဆက်သွယ် ဆောင်ရွက်ကြပါရန်နှိုးဆော်ထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**


### ကားရောင်းမည်

FF/ ---- စတီ Fielder TAXI
2003 MDL GRADE 4B
ဈေးနှုန်း ၁၀၃ သိန်း
9A/----Corona မျောက်ခေါင်း၊ နံပါတ်အနက်
Auto GEAR ဈေးနှုန်း- ကျပ် ၆၇ သိန်း
ဖုန်း-၀၉-၇၃၀၆၀၁၉၆၊ ၀၉-၄၂၁၀၂၇၈၂၈

### Ko Thurein Car Rental Service

မြို့တွင်း/နယ်ဝေး ကားမျိုးစုံ
လချုပ်နှင့်ခရီးစဉ်အလိုက်
ငှားရမ်းပါသည်။
ဖုန်း-၀၉-၂၅၀၃၇၂၄၁၉၊ ၀၉-၈၆၂၉၇၆၂

### မြေရောင်းရန်

၂၈၉ A၊ ပြည်လမ်း(ဒသမ ၃၉၉ ဧက)၊ ၈သောင်း၊ မော်ဘီ ဆပ်သွားတော (၂၅ပေ×ပေ၆၀) ကျပ်သိန်း၂၀၀။ ပုဂံ၊ မိုးနတ် ၅ဧက (ကျပ်သိန်း ၁၈၅၀) ဖုန်း-၀၉-၇၉၅၃၅၉၂၀၆၊ ၀၉-၄၂၃၆၆၀၆၀၂

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2014, Super Micro Bus, M/B ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်း ၁၂/ကတတ(နိုင်)၀၀၀၉၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၅၈၃၄ Toyota Crown S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူသင်း ၉/မဟမ(နိုင်)၀၀၀၀၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ဆက်သွယ်နိုင်ပါသည်

ဆန်ကြာဆံ တည်ထောင်ပြီး တည်ထောင်လိုသူများ ဆန်အိတ် ၅၀မှ ၁၀၀ အထက် လုပ်ငန်းရှင်များအတွက် အရည်အသွေးအာမခံ ပေါင်းဆရာရှိသည်။ ဖုန်း-၀၉-၇၃၀၀၀၅၈၃

### ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ်-၄၆နေ ဒေါ်ထားရှိန်(ခ)ဒေါ်အေးရီ၏လွှဲအပ်ညွှန်ကြားချက်အရ ၂၂-၁၁-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၊ ၂၃-၁၁-၂၀၁၄ရက် ကြေးမုံသတင်းစာနှင့် ၂၆-၁၁-၂၀၁၄ ရက် ကြေးမုံသတင်းစာပါ ဒေါ်ထားထားလှိုင်၏ ကြေညာချက်များအပေါ် အောက်ပါအတိုင်းပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

၁။ ၁၅-၁၀-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် (ဦးငွေလှိုင်-ကမ္ဘာကျော်)နှင့် ဒေါ်ထားရှိန်(ခ)ဒေါ်အေးရီတို့၏သမီး ဒေါ်ထားထားလှိုင်ဟုဖော်ပြကြေညာခဲ့သော်လည်း ဒေါ်ထားထားလှိုင်မှာ ဦးငွေလှိုင် (ကမ္ဘာကျော်)နှင့် ဒေါ်အေးရီတို့၏ သမီးအရင်းမဟုတ်ပါ။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ်-၄၆ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၂၀ ရပ်ကွက်၊ ရွှေနံ့သာ ၁လမ်း၊ အမှတ်-၃၁မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့သည် ဒေါ်ထားရှိန်(ခ)ဒေါ်အေးရီတစ်ဦးတည်းပိုင်ဆိုင်ခြင်းဖြစ်ပါသည်။

၃။ ၂၃-၁၁-၂၀၁၄ ရက်စွဲ ကြေးမုံသတင်းစာပါ ဒေါ်ထားထားလှိုင်၏ ကြေညာချက်ပါအတိုင်း ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံတို့သည် ဒေါ်ထားထားလှိုင်၏ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံများဖြစ်သည်ဆိုခြင်းမှာ လုံးဝမဟုတ်ပါ။ ယခုကဲ့သို့ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေသော ကြေညာမှုမျိုးအား ဒေါ်ထားထားလှိုင်အနေနှင့် နောက်နောင်မပြုလုပ်ရန်နှင့် ထပ်မံပြုလုပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြူကြူဝေ LL.B, LL.M
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၉၄)
အမှတ်-၅၆၁ (ပထမထပ်)၊ အခန်း(၄)၊ M.A.C Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာ၊ ကွင်းအမှတ်(၈၄၃)၊ ဘဲရမ်းကွင်း၊ ဦးပိုင်အမှတ်(၁၇၉/င)၊ မြေချိန်(၀ ဒသမ ၈၂)ဧက၊ ဦးပိုင်အမှတ်(၁၇၉/စ)၊ မြေချိန် ၀ ဒသမ ၄၂ ဧက၊ စုစုပေါင်း ၁ ဒသမ ၂၄ ဧကရှိမြေကို မွန်ပြည်နယ် ပြည်သူ့ကောင်စီ၏ ၂၂-၁၀-၁၉၈၁ရက်စွဲပါ စာအမှတ် ၁၉၄၃၇/၁၉၄၄၁/စီမံ/မြေယာ-၉/၈၁ အရ ဦးကျင်ဟူ အမည်ဖြင့် ရေခဲစက်မြေအဖြစ်အသုံးပြုရန် လ/န (၃၉)ရရှိခဲ့ပြီး ဦးသောင်းဝင်းက တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးနောက် မိမိအမည်ဖြင့် နှစ် ၃၀ အငှားဂရန်(ပထမ)အကြိမ် ထုတ်ပေးရန် လာရောက်လျှောက်ထားလာပါသည်။ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဘိုးဘကျေးရွာအုပ်စု၊ တာပြင်ကွင်း၊ ဦးပိုင်အမှတ် ၃၅(ဘီ)နှင့်ဦးပိုင်အမှတ် ၃၆ သောင်ထွန်းမြေအမျိုးအစားသဘာဝ ရေငန်ပုဇွန်ကန်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးခင်မောင်ဦး ၁၂/ သလန(နိုင်)၀၀၇၁၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ

ဒေါ်ခင်ခင်ကြည်
LL.B, D.B.L
အထက်တန်းရှေ့နေ

အမှတ်(၉/၁၁)၊ အခန်းအမှတ် ၁၀၁(ပထမထပ်)၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၃၁၄၇၈၅၁

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂၉ သန်းကျော် သုံးစွဲမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)က မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး လုပ်ငန်းများအတွက် ဘက်စုံပံ့ပိုးကူညီ လုပ်ဆောင်မှုများ လုပ်ဆောင်နိုင်ရန် လာမည့် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၇၅ သန်းကျော် အကုန်အကျခံ ပံ့ပိုးကူညီ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ရန်ကုန်) ဌာနေကိုယ်စားလှယ်ရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)သည် ကမ္ဘာ့နိုင်ငံ ၈၀ ကျော်တွင် အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှုဥပဒေနှင့် တစ်ကမ္ဘာလုံး သက်ဆိုင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစည်းမျဉ်းများကို ပြည်သူများသိရှိစေရန်နှင့် ပိုမိုလေးစားလိုက်နာကြစေရန် ကူညီဆောင်ရွက်ခြင်းဖြင့် အသက်ဘေးဒုက္ခများမှ တားဆီးနိုင်ရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ပေးလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ၌ အိုင်စီအာရ်စီရုံးခွဲ ခုနစ်ရုံး စိုက်ထူလာနိုင်ခဲ့ပြီဖြစ်သည်။ အိုင်စီအာရ်စီ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံးကို ရန်ကုန်မြို့တွင် အခြေစိုက်ထားရှိပြီး မန္တလေး၊ ရခိုင်(စစ်တွေ)၊ ကရင်၊ မြစ်ကြီးနား၊ ရခိုင်(မြောက်ဦး)နှင့် မကြာသေးမီကမှ ဖွင့်လှစ်လိုက်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံတို့တွင် ရုံးခွဲအသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အိုင်စီအာရ်စီတို့၏ ပံ့ပိုးကူညီမှုဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်သည့် ပယင်းကျောက်သွေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

“ကျွန်တော်တို့ အိုင်စီအာရ်စီအနေနဲ့ လူသားချင်းစာနာထောက်ထားကူညီပံ့ပိုးမှုတွေကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ပင်မဖြစ်တဲ့မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့လည်း ညှိနှိုင်းတိုင်ပင်ပူးပေါင်းလုပ်ဆောင်နေပါတယ်။ အခုလာမယ့် ၂၀၁၅ ခုနှစ်ဆိုရင် ဒီမြန်မာနိုင်ငံအတွက် ဘတ်ဂျက်အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၇၅သန်းကျော် အထူးသဖြင့် (သန်း ၃၀ ) နီးပါး လုပ်ငန်းတွေ ပူးပေါင်းလုပ်ဆောင်သုံးစွဲသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်”ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)၏ ရန်ကုန်ဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်း ပြန်ကြားဆက်သွယ်ရေး အရာရှိ ဦးမိုးမြင့်အောင်က ပြောကြားသည်။

(အိုင်စီအာရ်စီ)သည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် က အမေရိကန်ဒေါ်လာ ၁၇ သန်း ကျော်ကို လည်းကောင်း၊ ယခု ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်ကို လည်းကောင်း နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုး လုပ်ဆောင်ပေးခဲ့ပြီး လာမည့် ၂၀၁၅ ခုနှစ်တွင် လည်း ဂျီနီဗာသို့ ဘတ်ဂျက်ပိုတောင်းခံကာ ၂၉ ဒသမ ၇၅ သန်းကျော်ကို သုံးစွဲသွားရန် လျာထားကြောင်း သိရသည်။ အိုင်စီအာရ်စီအနေဖြင့် အဆိုပါ အသုံးစရိတ်များကို သုံးစွဲရာတွင် အထူးသဖြင့် အသိုင်းအဝန်း နှစ်ခုအကြား အကြမ်းဖက်မှုတွေ ဖြစ်ပွားရာ၌ အတိဒုက္ခရောက်ရှာတဲ့ ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုတစ်ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ မိတ်ဖက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့နဲ့အတူ ပူးပေါင်းညှိနှိုင်းတိုင်ပင်လုပ်ဆောင်ပေးလျက်ရှိသည်။ ဒါ့အပြင် ကျန်းမာရေးပိုင်းဆိုင်ရာ သာမက နိုင်ငံတစ်ဝန်း အကျဉ်းထောင်များနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာ ဖွံ့ဖြိုးမှုများ၊ စိုက်ပျိုးရေးဆိုင်ရာများ၊ နေရပ် ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုများနှင့် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးအတွက် ခြေတုတပ်ဆင် ကူညီပံ့ပိုး လုပ်ဆောင်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ လုပ်ဆောင်ပေး လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ အိုင်စီအာရ်စီ အနေနဲ့ကတော့ မြန်မာနိုင်ငံအတွက် အရင်နှစ်တွေကထက် ပိုပြီးတော့ ဘက်ပေါင်းစုံက ကူညီပံ့ပိုးပေးနိုင်ဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ ခုဆိုရင် ဂျီနီဗာမှာလည်း ကမ္ဘာ့နိုင်ငံတစ်ဝန်း ပဋိပက္ခတွေ များလာတာကြောင့် ရန်ပုံငွေဘတ်ဂျက်ကို အမေရိကန်ဒေါ်လာသန်း ၁၈၀၀ ကျော် အထိ တောင်းခံထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက်လည်း လာမယ့် ၂၀၁၅ ခုနှစ်မှာ ပိုမိုပံ့ပိုး သုံးစွဲသွားမှာ ဖြစ်ပါတယ်”ဟု အိုင်စီအာရ်စီ၏ ပြန်ကြား ဆက်သွယ်ရေး ညှိနှိုင်းရေးမှူး မစ္စတာမိုက်ကယ်လ်အိုဘရိုင်ယန်က ပြောကြားသည်။

(အိုင်စီအာရ်စီ)သည် မြန်မာနိုင်ငံအတွက် လာမည့် ၂၀၁၅ ခုနှစ်တွင် သုံးစွဲရန် လျာထားသည့် အမေရိကန်ဒေါ်လာ သန်း ၃၀ နီးပါးကို ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများဖွံ့ဖြိုးမှုအတွက် လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် အတွင်းရှိ ပြည်သူများ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးမှုအတွက် လည်းကောင်း အဓိကသုံးစွဲထားရန် အကြမ်းဖျဉ်းအားဖြင့် လျာထားစီမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# စနေဆွမ်းလောင်းအောင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်လုံးဆိုင်ရာ စနေနေ့ဆွမ်းလောင်းအသင်းကြီးက ၂၀၁၄ခုနှစ် ဝါတွင်းကာလ ဆွမ်းလောင်းကြိမ်(၁၆)ကြိမ်တွင် သံဃာတော်ပေါင်း ၂၉၁၃ ပါးကို လောင်းလှူခဲ့ပြီး ဆွမ်းသိမ်းအောင်ပွဲအဖြစ် သံဃာတော်များ၊ သီလရှင်များကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလှူတန်းပြီး သက်ကြီးအဘိုးအဘွား ၃၁ ဦးကို ဂါရဝပြုကန်တော့ခဲ့သည်။

စနေဆွမ်းလောင်းအောင်ပွဲကို နိုဝင်ဘာစတုတ္ထပတ်တွင် စနေဆွမ်းလောင်းအသင်းကြီး (၁၇)နှစ်ပြည့်ပွဲအဖြစ် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

**ရွှေကျွန်းခိုင်သစ်**



# မိုးစပါးရေငတ်ခံစပါးဖြစ်ထွန်းမှု ကွင်းဆင်းသရုပ်ပြ

**ကျောက်မြောင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ အုန်းပေါက်ကျေးရွာအုပ်စုတွင် စမ်းသပ်စိုက်ပျိုးထားသော ရေငတ်ခံစပါးမျိုးများသည် ရေငတ်ဒဏ်ခံနိုင်ပြီး မိုးကောင်းသောက်ဒေသတွင် အောင်မြင်ဖြစ်ထွန်းမှုကို နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီက တောင်သူများအား ဖိတ်ကြား၍ ပြသခဲ့သည်။

အုန်းပေါက်ကျေးရွာအုပ်စုရှိ ဦးသောင်းနိုင်လင်းပိုင် ကွင်းအမှတ် ၂၇၇၁ တွင် ကျောက်မြောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ စိုက်ပျိုးရေးနှင့် မျိုးရွေးချယ်မှု မှန်ကန်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပုသိမ်ခရိုင်စာရင်းစစ်ရုံး(၃၀ပေ×၄၅ပေ) RC နှစ်ထပ်ဆောက်လုပ်ခြင်းနှင့် အနောက်ဘက်ဆောင် (၁၅ပေ×၅၈ပေ) ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါ၍ ဆောက်လုပ်ရေးလိုင်စင်ရ မြန်မာနိုင်ငံသားကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ပုသိမ်မြို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၂-၂၀၁၄ရက် (တနင်္လာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၄၂-၂၄၆၀၀၊ ၀၄၂-၂၄၆၀၁၊ ၀၄၂-၂၅၃၆၂

**တင်ဒါစိစစ်ရေးကော်မတီ၊ ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**
**ကင်မလင်းကျွန်းလမ်းမကြီး၊ ပုသိမ်မြို့**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ပြည်နယ်အတွင်း၌ အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာကို (၃၀-၁၁-၂၀၁၄)ရက်မှစတင်ပြီး ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနရုံးတွင် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန** (က) အင်ဂျင်နီယာအဆောက်အအုံ(၇၀×၂၆×၁၂)ပေ သွပ်မိုး၊ (၁)ထပ်၊ အုတ်ညှပ် (၁)လုံး
(ခ) ဆဒုံးအဆောက်အအုံ(၃၀×၂၆×၁၂)ပေ သွပ်မိုး၊ (၁)ထပ်၊ အုတ်ညှပ် (၁)လုံး
**ငါးလုပ်ငန်းဦးစီးဌာန** (က) မိုးညှင်းခရိုင်ငါးသားပေါက်အဆောက်အအုံ(၂×၄)ခန်း (၃၆×၂၇)ပေ (၁)လုံး
(ခ) ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအရေအတွက်(၈)လုံး

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၃၀-၁၁-၂၀၁၄ ရက်မှ ၃၀-၁၂-၂၀၁၄ ရက်အထိ
၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး စိုက်/မွေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၄၊ ၀၇၄-၂၂၄၉၉၊ ၀၇၄-၂၂၈၀၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ADB ချေးငွေဖြင့်ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောကွန်ကရစ်တိုင်များအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၁၁-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၁၂-၂၀၁၄ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၇၅၊ Fax-၀၆၇-၄၃၁၁၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | 4(Q)Laboratory Equipments/Local Purchase/ IRR/2014-2015 | Laboratory Equipments 4 Items |

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၁၉-၁၂-၂၀၁၄ ရက်(သောကြာနေ့)၁၆း၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(၃၀၊ ၃၁)၊ ဧရိယာ ၀ဒသမ၂၄၅ ဧကရှိ ဒေါ်အေးသွယ် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်မိုးသူဇာ (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၁၂/အလန(နိုင်)၀၁၈၀၁၂ (ဘ)ဦးတင့်ဆွေ မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ၂၄/မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ မြေကွက်/ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိ ဦးရွှေလှ(ပါ) ၄ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးရွှေလှ (ပါ)၄၊ ၉/ပမန(နိုင်)၀၀၈၀၂၈ (ဘ)ဦးအိကျိန်း(ခ)ကေအိကျိန်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# တာချီလိတ်တွင် ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ထိရောက်စွာအရေးယူ

**တာချီလိတ် နိုဝင်ဘာ ၂၉**

တာချီလိတ်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်က ထိရောက်စွာ ဖမ်းဆီးပြီး အရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဖမ်းဆီးထားသော ဆိုင်ကယ်များ

တာချီလိတ်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိတ်(၂) တာချီလိတ်မှ တပ်စိတ်မှူး ရဲအုပ်ကျော်ဇေယျနှင့် တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် မော်တော်ဆိုင်ကယ်များအား ပါဆတ်ကျွန်းတောကွေ့ လမ်းဆုံတွင်လည်းကောင်း၊ မင်္ဂလာပါပန်းခြံရှေ့တွင်လည်းကောင်း ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်များ မြို့တွင်းမြို့ပြင် လမ်းပြောင်းပြန်စီးနင်းမှု၊ နှစ်ဦးထက်ပို စီးနင်းမှု၊ ညအချိန်စီးသည့်အခါ ရှေ့မီးနောက်မီးမလင်းမှု၊ မော်တော်ဆိုင်ကယ်စီး ဦးထုပ်မဆောင်းမှု၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် စသည်တို့ကို စစ်ဆေး၍ စည်းကမ်းလိုက်နာမှု မရှိသော ဆိုင်ကယ် ၁၀၁ စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါ ဖမ်းဆီးဆိုင်ကယ်များအား ယာဉ်ထိန်းရုံးတွင် ရက်သတ္တပတ်ထိန်းသိမ်းထားရှိကာ ထိန်းသိမ်းကာလပြည့်သည့် နေ့ရက်တွင် တရားရုံးဒဏ်ငွေကျပ် ၁၀၀၀နှင့် စီမံခန့်ခွဲမှု အထူးဒဏ်ငွေကျပ် ၁၀၀၀၀ ပေးဆောင်စေပြီး ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ထိုကဲ့သို့ မသိမ်းဆည်းခင် တစ်ပတ်အလိုတွင် ညစဉ် အသံချဲ့စက်ဖြင့် မြို့ပေါ် ရပ်ကွက်များအား လိုက်လံကြေညာခြင်း၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် စာသင်ကျောင်းများကို အကြောင်းကြားထားရှိပြီး ပညာပေးကာလအဖြစ် သတ်မှတ်ခဲ့ကြောင်းနှင့် ယခုအခါ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား ချက်ချင်းတရားစွဲတင် ဒဏ်ငွေပေးဆောင်ခြင်းမရှိစေဘဲ သတ်မှတ်ထိန်းသိမ်းကာလရက် သတ္တပတ်သိမ်းဆည်းပြီးမှသာလျှင် ဒဏ်ငွေပေးဆောင်၍ ထုတ်ပေးမည်ဖြစ်သည်။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိတ်(၂) တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်ကလည်း စည်းကမ်းလိုက်နာမှုအားနည်းသည့် ဆိုင်ကယ် ၆၈ စီးအား စစ်ဆေးဖမ်းဆီးပြီး နိုဝင်ဘာ ၂၄ ရက်က တရားရုံးတွင် ဒဏ်ငွေများပေးဆောင်စေ၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## သတင်းတိုများ

### သထုံမြို့နယ် ကျေးရွာ ၁၇ ရွာတွင် ဆိုလာမီးတပ်ဆင်မည်

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကျေးရွာ ၁၇ ရွာတွင် ဆိုလာမီးတပ်ဆင်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရဲမင်းဟိန်းကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တောကြီးကျေးရွာတွင် ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူး(နည်းပညာ) ဦးအောင်နိုင်ဝင်းက နိုဝင်ဘာ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းထက်**

### ရဲတပ်ဖွဲ့နှင့်ပြည်သူ လက်တွဲကူညီရေး ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြို့မရဲစခန်း၌ ရဲတပ်ဖွဲ့နှင့် ပြည်သူလက်တွဲကူညီရေး စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက မြို့နယ်တွင်းမှုခင်းများကျဆင်းရေး၊ အခြားမြို့နယ်များမှ တရားခံပြေးများရောက်ရှိလာပါက ဖော်ထုတ်ဖမ်းဆီးရေး၊ မသင်္ကာဖွယ်အချက်များကို သတင်းရရှိပါက ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ကူညီရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဆောင်ရွက်ရေးတို့တွင် ပြည်သူများကလည်း လက်တွဲဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုသိန်း(မော်လမြိုင်)**

### မန္တလေး ကလေးအထူးကုဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ မြို့ပြနှင့် စက်မှုဝန်ထမ်းများသည် မန္တလေးမြို့ ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးဝင်းအတွင်း၌ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းတို့ကို နိုဝင်ဘာ ၂၃ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကာ ညွှန်ကြားရေးမှူးရုံးနှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး(မန္တလေး)တို့မှ ဝန်ထမ်းများက စုပေါင်း၍ ဆေးရုံကြီးအတွက် ရေခဲသေတ္တာ၊ ရေအေးစက်နှင့် ကလေးခြင်ထောင်များကိုလည်း စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မင်းထက်**

# အမျိုးသားပညာရေးဥပဒေဆွေးနွေးပွဲ ပခုက္ကူတက္ကသိုလ်၌ကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၂၉**

ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ် ပင်မဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ အမျိုးသားပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှင့် အမျိုးသားပညာရေးဥပဒေပါအချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချိုက အမှာစကားပြောကြားပြီး ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှင့် အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေအကြောင်းအရာများအား ရှင်းလင်းပြောကြားကာ မြန်မာစာအဖွဲ့ဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေများ အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချိုက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့မိ မြို့ဖများနှင့် ပခုက္ကူတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **အိမွန်ဆွေ(ရေစကြို)**

# မိတ္ထီလာအကျဉ်းထောင်အား တရားလွှတ်တော်တရားသူကြီး ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်းနှင့် ခရိုင်တရားသူကြီး ဦးဇော်ထူး၊ မြို့နယ်တရားသူကြီး ဦးမောင်လွင်သည် မိတ္ထီလာအကျဉ်းထောင်၌ အကျဉ်းသားအခွင့်အရေးများရရှိမှု ရှိ မရှိကို နိုဝင်ဘာ ၂၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာအကျဉ်းထောင်မှူးဦးခင်မောင်ထွန်းက အကျဉ်းထောင်၏စီမံဆောင်ရွက်မှုအခြေအနေများကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအား ရှင်းလင်းတင်ပြပြီး အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိမရှိ၊ အာဟာရသင့်တင့်မျှတစွာစားသုံးရမှု ရှိ မရှိ၊ ဆေးကုသရန်အခွင့်အရေး ရှိ မရှိ၊ နှိပ်စက်ညှဉ်းပန်းမှု ရှိ မရှိနှင့် ရသင့်ရထိုက်သောအခွင့်အရေးများရရှိခံစားနိုင်မှု ရှိ မရှိတို့ကို အကျဉ်းသားများအား တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**


## ဈေးပြိုင်အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်ပိုင် လက်ရှိအသုံးပြုနေသည့် မော်တော်ယာဉ် (၁၈)စီးနှင့် ရပ်နားယာဉ်(၆)စီး စုစုပေါင်း မော်တော်ယာဉ် (၂၄)စီးကို Lot (၄)ပုံခွဲ၍ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃ရက်မှ ၁၁ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း စီမံရေးဌာန၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ 1(A) (18) မြသီတာအိမ်ရာ၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၅၅၀၅၃၆၊ ၀၉-၇၃၂၅၀၀၅၀၊ ၀၉-၅၁၅၈၃၅၆ တို့တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၂ရက် ၉း၃၀ နာရီမှ ၁၂း၃၀ နာရီအတွင်း အထက်ပါ သစ်တောဖက်စပ်ရုံးတွင် တင်ဒါအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ရောင်းချရေးအဖွဲ့**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ဗညားဒလလမ်းမကြီးပေါ်ရှိ အိမ်အမှတ် (၃၁၈)၊ (၂) ထပ်တိုက်၊ မြေအကျယ်အဝန်း ပေ (၃၀×၈၀) (ဂရန်မြေ၊ ပိုင်ရှင်အမည်ပေါက်) (တာမွေအဝိုင်းထိပ် Ocean Super Market အရှေ့၊ နေရာ အလွန်ကောင်း)ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၇၄၀၀၀၀၄၉**

## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့နယ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot 1-စစ်ကိုင်းမြို့ ပါရမီကွင်း အထူးတန်းပွဲကြည့်စင်တည်ဆောက်ခြင်း ပေ(၁၄၀×၂၄×၁၈) Inner Fencing ကာရံခြင်း (၁၈၀၀×၅)ပေ Score Board ပြုလုပ်ခြင်း (၁၆×၈×၈)ပေ

၂။ တင်ဒါပုံစံများကို ၂၈-၁၀-၂၀၁၄ ရက်မှစ၍ စတင်ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၁၁-၁၂-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**

**ဖုန်း-၀၇၁-၂၂၉၀၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဝင်း KMW-၁၃၉၃၆၇ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၀၄၁၃၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ-၇ ကန့်ကွက်ကြော်ငြာ အမှတ်စဉ်(၁၁)တွင် မြောက်ဥက္ကလာပမြို့နယ်မြေတိုင်း ၁၃/ရွှေပေါက်ကံဟု ဖတ်ရှုပါရန်။

## ပျောက်ဆုံး

ကျွန်မ မလှလှကေခိုင် ၁၂/သခန(နိုင်)၁၁၃၈၇၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၀၄၇၅၇၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၇)တွင် ကန့်ကွက်ကြော်ငြာ အမှတ်စဉ်(၆)တွင် မြောက်ဥက္ကလာပမြို့နယ်အစား တောင်ဥက္ကလာပမြို့နယ်ဟု ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ လဂွန်းပြင်ရေပေးဝေရေးလုပ်ငန်းတွင်အသုံးပြုမည့် စက်နှင့်ဆက်စပ်ပစ္စည်းများကို အောက်ပါအတိုင်းဌာနသတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Pump/Motor With Valves,Fitting & all Accessories+Main Panel, Starter Panel & Accessories | 6Sets |
| (၂) | Sump Pumps With all Accessories+Main Panel, Starter Panel & Accessories | 4Sets |
| (၃) | Pump/Motor with Valves, Fitting & all Accessories+Main Panel, Starter Panel & Accessories | 6Sets |
| (၄) | Air Blower With Valves, Fitting & all Accessories+Main Panel, Starter Panel & Accessories | 4Sets |
| (၅) | Transformer(6.6/0.4KV, 50Hz) | 2Unit |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၁-၁၂-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘဏ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂၊ ၀၉-၂၅၀၂၈၃၈၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၆) ကန့်ကွက်ကြော်ငြာ တာမွေမြို့နယ် ဒေါ်နီနီခိုင်၏ မြေပုံကူးတွင် မြေကွက်လိပ်စာအမှတ် ၈၆၊ (၁၅၇)လမ်းအစား အမှတ် ၄၅၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(ခ) ရပ်ကွက်ဟု ဖတ်ရှုပါရန်။

## ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းသည် ကျန်းမာရေးဌာနတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ဌာနပေါင်းစုံနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကူးစက်ရောဂါတစ်ခုဖြစ်ပေါ်လာပါက အဆင့်ဆင့်သတင်းပို့မှုစနစ်သည် ကျန်းမာရေးဌာနအပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆေးရုံအုပ်ကြီးများ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့အပြင် လူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့၏ပင်မလုပ်ငန်းများအပြင် ကူးစက်ရောဂါတစ်ခုခုဖြစ်ပွားမှုကိုသိရှိပါက ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ရန် လိုအပ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေနှင့် ကူးစက်ရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အပတ်စဉ် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မန္တလေးစည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သောမီဒီယာများအနေဖြင့်လည်း ပြည်သူများအား ကျန်းမာရေးအသိပညာပေးရာရောက်သောသတင်းများကို ဖော်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက မန္တလေးတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးများတိုးတက်ကောင်းမွန်လာပြီး ခရီးသွားလာမှုများပြားခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တည်ဆောက်ရေးလုပ်ငန်းခွင်များ များပြားလာခြင်းနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများပေါများလာခြင်းတို့ကြောင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့်အပြင် ကမ္ဘာပေါ်တွင်ဖြစ်ပွားနေသော အီဘိုလာရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအခြေအနေများ၊ နိုင်ငံတစ်ဝန်းဆောင်ရွက်ရမည့် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## ယာဉ်ကြောပိတ်ဆို့မှုကြောင့် ဘတ်စ်ကားကြီးများခေါက်ရေနည်းကာ ဝင်ငွေကျဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ဘတ်စ်ကားကြီးများအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ပြေးဆွဲနိုင်သည့် ခေါက်ရေလျော့ကျလာကာ ဝင်ငွေလျော့နည်းလာကြောင်း ဘတ်စ်ကားယာဉ်မောင်းတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ယာဉ်လိုင်းအနေနဲ့ တစ်နေ့ကို ပုံမှန်ငါးကြောင်း ပြေးဆွဲနေပါတယ်။ ဒါပေမယ့် အခုတလောမှာတော့ ယာဉ်ကြောပိတ်ဆို့မှု များပြားလာတဲ့အတွက် သုံးကြောင်းလောက်ပဲဆွဲနိုင်တော့တယ်။ ဝင်ငွေလည်း ကျဆင်းသွားပါတယ်။ Point တစ်ခု၊ တစ်ခုကိုဖြတ်ဖို့ အနည်းဆုံး မိနစ် ၂၀ ကြာအောင် စောင့်ဆိုင်းနေရတယ်။ တစ်ကြောင်းပတ်မိဖို့ အချိန်က လေးနာရီမှ ငါးနာရီလောက်ကြာတယ်" ဟု ၃၉ ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးဝင်းဌေးက ပြောသည်။

ဘတ်စ်ကားကြီးများ ပြေးဆွဲမှုမှာ တစ်ကြောင်းပြေးဆွဲလျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ အထိ ရရှိနေပြီး ပုံသေ ငွေကျပ် ၂၀၀ ကားများက ဝင်ငွေပိုရရှိကြောင်း သိရသည်။ ဘတ်စ်ကားကြီးများကို ယာဉ်မောင်းများက ဝင်ငွေအပေါ်မူတည်၍ ရာခိုင်နှုန်းဖြင့် ရရှိကြောင်း သိရသည်။ သို့ရာတွင် အချို့သောယာဉ်များမှာ ပုတ်ပြတ်စနစ်နှင့် ငှားရမ်းမောင်းနှင်လျက်ရှိသည်။

ယာဉ်ကြောပိတ်ဆို့ရခြင်း၏အဓိကပြဿနာတစ်ရပ်မှာ ဈေးများအနီးပတ်ဝန်းကျင်၌ အငှားယာဉ်များက စည်းကမ်းမဲ့စွာ ရပ်နား၍ ခရီးသည်ကိုစောင့်ဆိုင်းနေသဖြင့် ယာဉ်လမ်းကြောကျဉ်းမြောင်းကာ ပိတ်ဆို့မှုများဖြစ်ပွားရသည်ဟုဆိုသည်။ သို့ရာတွင် အချို့သော ဘတ်စ်ကားများမှာလည်း မှတ်တိုင်များ၌ နောက်မှလိုက်လာသောယာဉ် ရုတ်တရက်ကျော်မတက်နိုင်အောင် လမ်းပိတ်ဆို့၍ ရပ်ကာ ခရီးသည်များအား စောင့်ဆိုင်းနေခြင်းကြောင့် ဖြစ်သည်။ ယခုကဲ့သို့ ယာဉ်စည်းကမ်း ချိုးဖောက်မှုများသည် ထိရောက်စွာ အရေးယူမှု အားနည်းခြင်းကြောင့် ဖြစ်ရသည်ဟု ယာဉ်မောင်းတစ်ဦးက သုံးသပ်ထားသည်။



လက်ရှိမော်တော်ယာဉ်ဥပဒေအရ စည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်အား ထောင်ဒဏ်သတ်မှတ်ထားသော်လည်း ထောင်ဒဏ်သတ်မှတ်မှုနည်းပါးပြီး ငွေဒဏ်ကျပ် ၁၅၀၀ သာ ဒဏ်ရိုက်အရေးယူမှုများပြားကြောင်း သိရသည်။

**သတင်း-ကြံတိုင်းအောင်**
**ဓာတ်ပုံ-သဏ္ဍ**

## ကလေးမြို့ ဆေးရုံသံကူကွန်ကရစ်တံတား အကျယ် ၁၀ ပေစီတိုးချဲ့

**ကလေး နိုဝင်ဘာ ၂၉**

ကလေးမြို့၏ ကုန်သွယ်လမ်းမကြီးဖြစ်သော လမ်းဆုံမီးပွိုင့်မှ ကလေးဝဘက်သွားရာ ကျီကုန်း-ကလေးလမ်းမပေါ်တွင် ဥပုသ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တံတားအမှတ်(၃/၆) သံကူကွန်ကရစ်ဆေးရုံတံတား အရှည်ပေ ၄၀၊ အကျယ် ၂၄ ပေအား ဘေးနှစ်ဖက်ယာဉ်သွားလမ်းအကျယ် ၁၀ ပေစီကို Spun Pipe အုတ်ခုံဖြင့် ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တံတားအကျယ်တိုးချဲ့ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၆၅သန်း အကုန်အကျခံကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ပြီး အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တံတား၏ အောက်ခြေအုတ်မြစ်သည် ခိုင်ခံ့မှုအားနည်းသဖြင့် တံတားတစ်စင်းလုံး အသစ်တည်ဆောက်မည်ဆိုပါက သုံးလခန့်ကြာမြင့်မည်ဖြစ်ပြီး အဆိုပါတံတားသည် အရေးကြီးသော မြို့တွင်းကုန်သွယ်လမ်းမကြီးပေါ်တွင် တည်ရှိခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးနှောင့်နှေးကြန့်ကြာမည်ဖြစ်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့မိမြို့ဖများ၏ သဘောတူညီမှုအရ ယခုလက်ရှိအနေအထားအတိုင်း တံတားဘေးနှစ်ဖက် ယာဉ်သွားလမ်းတိုးချဲ့ခြင်းနှင့် ယင်းတံတား၏ ကြံ့ခိုင်မှုအားနည်းသည့်နေရာများကိုလည်း ခိုင်ခံ့အောင် ဆောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွန်းက ပြောသည်။

အဆိုပါတံတား၏အထက် သုံးဖာလုံခန့်အကွာရှိ ဆိပ်ကမ်းသာ တံတားသည် ရေလမ်းအကျယ် ပေ ၁၇၀ ရှိပြီး ယခုတံတား၏ ရေလမ်းအကျယ်မှာပေ ၄၀ သာရှိရာ မိုးတွင်းတွင် ချောင်းရေဝင်မှုကြီးမားပြီး ရေစီးသန်သည့်နေရာ ဖြစ်သော်လည်း တံတားကို ယခုအတိုင်း ခိုင်ခံ့အောင် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**



**GUSTO**
Institute of Information Technology

နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဘွဲ့လက်မှတ် ရရှိရုံ သာမက
ITကုမ္ပဏီကြီးများတွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်မည်.

**HND Diploma in Computing (UK)**

- အင်္ဂလန်နိုင်ငံ၏ QCF Level -5 အဆင့်ရှိ HND Diploma ကို ရန်ကုန်မြို့ရှိ GUSTO - Institute of IT တွင်စာသင်ကာလ(၂)နှစ်တက်ရောက်ပြီးရယူနိုင်ပါပြီ။
- GUSTO မှ HND ရရှိပြီးပါက ပြည်တွင်းပြည်ပ ITကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည် ဖြစ်သည်။
- B.Sc.(Hons:) Computing ဘွဲ့ကိုဆက်လက်သင်ယူလိုပါက အင်္ဂလန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများဖြစ်သော University of the West of England, Tesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာ တက္ကသိုလ်ပေါင်း(၂၀၀)ကျော်၏ နောက်ဆုံးနှစ်ကို တိုက်ရိုက် တက်ရောက်နိုင်ပါသည်။
- နောက်ဆုံးနှစ်ကို ပြည်တွင်း၌ တက်ရောက်လိုပါက GUSTO - Institute of IT ၌ပင် ဘွဲ့ရသည်ထိ တက်ရောက်နိုင်ပါသည်။

#289 (A), Pyay Road, Sanchaung Yangon.
09 - 86 288 06, 09 - 4500 56 104

Enroll Now!
November Intake

University of the West of England BRISTOL | Teesside University | University of HUDDERSFIELD



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၂၈၉၂၀၊ Jialing, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုယုကြွယ် ၅/မရန (နိုင်)၁၃၈၂၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/5349 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/6896 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/4807 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၆၇၄၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၂၁၉၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အိန္ဒိယမှဝယ်ယူမည့် မီးရထားတွဲဆိုင်း စမ်းသပ်ပြေးဆွဲ

**မော်လူး နိုဝင်ဘာ ၂၉**

ခရီးသွားပြည်သူများ စီးနင်းလိုက်ပါရာတွင် အဆင်ပြေချောမွေ့စေရန် မြန်မာ့မီးရထားက အိန္ဒိယနိုင်ငံမှ ဝယ်ယူမည့် မီးရထားတွဲဆိုင်းများအား မီးရထားလမ်းနှင့် အဆင်ပြေကိုက်ညီမှု ရှိ မရှိ သိနိုင်စေရန်အတွက် အထက်တန်းတွဲနှစ်တွဲအား မန္တလေး - မြစ်ကြီးနား မီးရထားလမ်းပိုင်းတွင် စမ်းသပ်ပြေးဆွဲခဲ့ကြောင်း သိရသည်။



အဆိုပါ အိန္ဒိယနိုင်ငံမှ ဝယ်ယူမည့် မီးရထားတွဲဆိုင်းများထဲမှ အထက်တန်းတွဲနှစ်တွဲကို မီးရထားစက်ခေါင်းဖြင့် ချိတ်ဆက်ကာ နိုဝင်ဘာ ၂၃ ရက်တွင် မန္တလေးဘူတာကြီးမှ မိုးညှင်းဘူတာသို့ လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် မိုးညှင်းဘူတာမှ မန္တလေးဘူတာသို့ လည်းကောင်း စမ်းသပ်ပြေးဆွဲခဲ့ကြောင်း သိရသည်။ စမ်းသပ်မောင်းနှင်မှုတွင် ဘုံချောင်းမီးရထားဘူတာနှင့် နမ်းခမ်းမီးရထားဘူတာကြားတွင် အကွေ့အကောက်၊ အတက်အဆင်းများရှိသဖြင့် မီးရထားတွဲ၏ ဒန်ဘားနှင့် ထရိန်းပိုက်မလွတ်တလွတ်ဖြစ်နေသည်မှလွဲ၍ ကျန်နေရာများတွင် အဆင်ပြေမှုရှိကြောင်း၊ အဆိုပါ အထက်တန်း မီးရထားတွဲ၏ အရှည်မှာ ၆၃ ပေ ၉ လက်မရှိပြီး ခရီးသည်စီးထိုင်ခုံ ၄၀ ၊ သန့်စင်ခန်းလေးခန်း၊ လက်ဆေးကန် နှစ်ကန်၊ ရေမီးအပြည့်အစုံနှင့် ပန်ကာ ရှစ်လုံး ပါရှိကြောင်း သိရသည်။

စမ်းသပ်မောင်းနှင်ခဲ့သည့် မီးရထားခရီးစဉ်သို့ မြန်မာ့မီးရထားမှ AME ဦးရဲကျော်ထွေး၊ မီးရထားတွဲလျှပ်စစ်အရာရှိတစ်ဦး၊ ဝန်ထမ်းနှစ်ဦး၊ ကောလင်းမီးရထားဘူတာမှ လမ်းဗိုလ်ကြီး၊ စက်ခေါင်းမောင်း၊ တွဲပြင်၊ အင်းတော်မီးရထားဘူတာမှ လမ်းဗိုလ်ကြီး၊ မန္တလေးမီးရထားဘူတာမှ တွဲထိန်း၊ မီးရထားတွဲဆိုင်းရောင်းချမည့် အိန္ဒိယကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့ လိုက်ပါခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးရထားတွဲဆိုင်းများ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည်မှာ တစ်နှစ်ခန့် ကြာမြင့်နေပြီဖြစ်ပြီး ဝယ်ယူခြင်း မပြုရသေးကြောင်း၊ စမ်းသပ်မောင်းနှင်မှုအဆင်ပြေချောမွေ့မှုရှိပါက ဝယ်ယူမည်ဖြစ်ကြောင်း စမ်းသပ်မောင်းနှင်မှုတွင် လိုက်ပါလာသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# စက်ရေတွင်းနှင့် ရေတင်စက်များလှူဒါန်း

**တောင်သာ နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ပုဒါတ်စာကုန်းကျေးရွာ၌ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကကြီးမှူးပြီး အလှူရှင်ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လှူဒါန်းသည့် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သူဇာဝေက အသင်း၏ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်ရေတွင်း၊ ရေလှောင်ကန်၊ ရေတင်စက်တို့ကို အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှူရှင်ဦးအောင်ကိုဝင်း၏ ကိုယ်စားလှယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါကျေးရွာရှိ ကျောင်းသားကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများ၊ ကျေးရွာရှိ အဘိုး အဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် လက်ဆောင်ပစ္စည်းများ၊ ကျေးရွာသူကျေးရွာသားများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး စက်ရေတွင်းကော်မတီထံသို့ အလှူငွေကျပ် ၂၀၀၀၀၀၊ ကျေးရွာအထောက်အကူပြုအဖွဲ့ထံသို့ အလှူငွေကျပ် ၁၀၀၀၀၀ ၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ထံသို့ အလှူငွေကျပ် ၅၀၀၀၀၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ထံသို့ အလှူငွေကျပ် ၅၀၀၀၀နှင့် အရင်းမပျောက် မတည်ငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးအပ်ခဲ့သည်။ ဆက်လက်၍ ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသားကျောင်းသူများအတွက် မုန့်မျိုးစုံနှင့် ကျေးရွာအသင်းအဖွဲ့ဝင်များအတွက် ဝတ်စုံနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စက်ရေတွင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ထံသို့ပေးအပ်ကာ အလှူရှင်က ကျေးရွာစက်ရေတွင်းကော်မတီထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# မြန်မာ–အိန္ဒိယ နယ်စပ်တမူးမြို့ ၂၄ နာရီ လျှပ်စစ်မီးရရှိမည်

**တမူး နိုဝင်ဘာ ၂၉**

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး၏ အဓိက စခန်းတည်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကဘော်ချိုင့်ဝှမ်းဒေသ တမူးခရိုင် တမူးမြို့တွင် တစ်ဖက်အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် မိုရေးမြို့ရှိ လျှပ်စစ်ဓာတ်အားခွဲစက်ရုံမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းဆက်သွယ်ရယူ၍ ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံ မိုရေးမြို့ရှိ ၃၃/၁၁ ကေဗွီအေ ဓာတ်အားခွဲရုံမှ တမူးမြို့အတွက် ဓာတ်အားသုံးမဂ္ဂါဝပ်ခန့် ရောင်းချပေးမည်ဖြစ်ပြီး ၂၄ နာရီ ဓာတ်အားသုံးစွဲနိုင်မည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများပါ ဓာတ်အားဆက်သွယ်ရရှိနိုင်မည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားခ နှုန်းထားကို တစ်ယူနစ်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ရာ အများပြည်သူ သုံးစွဲနိုင်သော နှုန်းထားဖြစ်သည့်အတွက် နိုင်ငံတော်၏ ဓာတ်အားစနစ်မရောက်မီကာလအတွင်း ဒေသခံပြည်သူများအတွက် အဆင်ပြေကြောင်း တမူးမြို့ဒေသခံတစ်ဦးက ပြောသည်။

"၂၀၁၃ ခုနှစ်မှာ တာဝန်ရှိမြန်မာကိုယ်စားလှယ်အဖွဲ့တွေ အင်ဖာလ်မြို့ကို သွားရောက်ပြီး တမူးမြို့မှာ လိုအပ်နေတဲ့ ဓာတ်အားအနည်းဆုံး နှစ်မဂ္ဂါဝပ်၊ အများဆုံး သုံးမဂ္ဂါဝပ် ရောင်းချပေးနိုင်ဖို့ မဏိပူရပြည်နယ် ဝန်ကြီးချုပ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၅ ရက်ကလည်း တမူးမြို့မှာ နှစ်နိုင်ငံဓာတ်အား ဆက်သွယ်မှု ဆောင်ရွက်နိုင်မယ့် အခြေအနေတွေနဲ့ တမူးမြို့အတွက် ဓာတ်အားလိုင်းဆက်သွယ်ရယူမှု အမြန်ဆုံး ဆောင်ရွက်နိုင်ရေးတွေကို ဆွေးနွေးခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဌာနကလည်း သဘောတူညီချက်ရပြီးပါပြီ"ဟု တမူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တမူးမြို့မှ ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

## သတင်းတို

### မိုးစပါး(ပုလဲသွယ်) စံကွက်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီ မိုးစပါး GAP စံပြစိုက်ကွက်၌ စိုက်ပျိုးထားသော ပုလဲသွယ်စပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၅ ရက်က ရုံးတောကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ ကျင်းပခဲ့ရာ တစ်ဧက အထွက်နှုန်း ၁၅၂ ဒသမ ၆၁ တင်းထွက်ရှိကြောင်းနှင့် မလှိုင်မြို့နယ်အတွင်း လယ်မြေများတွင် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးများကို တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံသီရိလမ်း၊ (၉၁)ရပ်ကွက်၊ အမှတ် ၆၈၇၊ ခြံခပ်၊ မြေဖို့ပြီးသား ပေ(40× 60)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက် ဒေါ်အေးအေးကြွယ် AA၁၂၆၃၄၇ ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဝင်းသန်း ၁၂/ဒဂတ(နိုင်)၀၂၁၁၀၀ မှ ဝန်ခံကတိပြုလာသဖြင့် ကျွန်မဒေါ်ကလာဝသီမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်- ဒေါ်ကလာဝသီ**

**အမှတ် (၁၄၁/၁၄၅)၊ (၉လွှာ-ဘီ)၊ ယူနိုက်တက်ကွန်ဒို၊ ဗိုလ်အောင်ကျော်အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်၊ အကွက်အမှတ် ၃၇၊ ဦးပိုင်အမှတ် ၅၃၊ မြေဧရိယာ ၀ဒသမ၀၄၇ ဧကမှာ ဒေါ်ငွေရီအမည်ပေါက် ပိုင်ဆိုင်ပါသည်။ယင်းမြေကွက်ကို ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်နေ ဦးမြင့်ဌေးမှ ဒေါ်ငွေရီထံ လွှန်ခဲ့သော(၁၉၆၃)ခုနှစ်က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ထဲမှ တစ်စိတ်တစ်ဒေသဖြစ်သော အရှေ့၊ အနောက် ၂၃ပေ၊ တောင်၊ မြောက် ၃၀ပေကို ဦးမြင့်ဌေးထံမှ ဦးသိန်းဌေးက ၁၃-၁၁-၂၀၁၄ရက်ကဝယ်ယူခဲ့ပါသည်။ ထိုမြေတစ်စိတ်တစ်ဒေသနှင့်ပတ်သက်၍ ဦးသိန်းဌေးမှ မြေပိုင်ဆိုင်မှုစာရွက်စာတမ်းရရှိရေးကို မြို့နယ်မြေစာရင်းဌာနရုံးတွင် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ထိုမြေတစ်စိတ်တစ်ဒေသ၏ မြေပိုင်ဆိုင်မှုစာရွက်စာတမ်း လျှောက်ထားရရှိရေးကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇေယျာမင်း(စဉ်-၄၁၁၂၆)**
**LL.B,Dip in Business Law**
**WIPO,D.L.P(Switzerland)**
**အထက်တန်းရှေ့နေ**
**ဟန်းတဲရပ်ကွက်၊ ဗန်းမော်မြို့၊ ရှေ့နေကုန်း၊ ဖုန်း-၀၉-၄၀၂၅၅၆၀၀၆၊ ၃၃၅၀၃၅၈၃**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၄၉၊ ဦးပိုင်အမှတ် N/၂၆ ဧရိယာဧက ၁၀ ဒသမ ၀၀ရှိ ငါးမွေးမြူရေးကန်နှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်နွယ် TBN-၀၁၁၄၂၄ က ဦးအေးမြင့် N/RGN ၀၀၀၆၁၇ ထံသို့ ၁၃-၂-၂၀၀၇ရက်စွဲပါ စာအမှတ် ၁၂/၂၀၀၇ဖြင့် လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်စိုး (တရားလွှတ်တော်ရှေ့နေ)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်) အင်းစိန်မြို့နယ်**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးစံထွန်းအောင် (ဘ)ဦးထွန်းမြအောင် (အမိ)ဒေါ်သန္တာ ၁၂/ဥကတ(နိုင်)၁၂၉၈၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၁၃၉/အေ) အကျယ်အဝန်း(အလျားပေ ၆၀×အနံ ၂၂ပေ)ရှိ အိမ်နှင့်မြေသည် ဦးစံထွန်းအောင်၏မိခင်ရင်း ဒေါ်သန္တာ ၁၂/ဥကတ(နိုင်)၀၄၉၆၁၂ မှ ပိုင်ဆိုင်သော အိမ်နှင့်မြေဖြစ်ပြီး ယခုအခါ ဦးစံထွန်းအောင်၏ဖခင်ရင်း ဦးထွန်းမြအောင်နှင့် မိခင်ရင်း ဒေါ်သန္တာတို့မှာ အသီးသီးကွယ်လွန်သွားပြီဖြစ်၍ ဥပဒေနှင့်အညီ ဦးစံထွန်းအောင်မှ ဆက်လက်၍ အမွေဆက်ခံပိုင်ဆိုင်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေအား ကျွန်ုပ်၏မိတ်ဆွေ ဦးစံထွန်းအောင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ ပေါင်နှံထားခြင်းများအား (လုံးဝ)မပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံထွန်းအောင်၏လွှဲအပ်ချက်အရ-**

**ဦးအာကာလင်း**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဇရာ ၂၁လမ်း၊ အမှတ်(၁၂၅၂)ဟုခေါ်တွင်သော ဒေါ်တင်ရွှေ အမည်ပေါက်(ပေ၂၀×ပေ၆၀)အကျယ်ရှိ မြေနှင့်နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဖေ ၃/မဝတ(နိုင်)၀၀၆၅၅၆ ပါ(၈)ဦးထံမှ အပြီးအပိုင်အရောင်းအဝယ် ပြုလုပ်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကိုကိုစံ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**က/၄၅၃၊ နှယ်သာကီ(၆)လမ်း၊ မ/ဥက္ကလာပ၊ ဖုန်း ၀၉-၄၂၁၀၆၅၄၁၅၊ ၀၉-၃၁၂၇၆၂၁၈**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးလှချစ် ၁၂/ကမရ(နိုင်)၀၀၇၆၂၅ မှ | ဦးအောင်ဇော်မိုး ၁၂/ကမရ(နိုင်)၀၀၈၁၄၉ | တိုက်အမှတ်(၁၃)၊ အခန်းအမှတ်(၂၁)၊ (၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)
## ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်းဖွင့်လှစ်ရန်
# သင်တန်းသားခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့တွင် ၂၀၀၄-၂၀၀၅ပညာသင်နှစ်မှစတင်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ စနစ်ဟောင်းရိုးရိုးတန်း ဝိဇ္ဇာဘွဲ့ဖြင့်အောင်မြင်၍ မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူများနှင့် စနစ်ဟောင်းဒုတိယနှစ် (ဂုဏ်ထူးတန်း)ကို တတိယတန်း (Third Class) ဖြင့် အောင်မြင်သူများ တက်ရောက်နိုင်ရန်အတွက် မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်းကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) **သင်တန်းအမည်**

(၁) မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း(ဂီတ)
(၂) မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း(သဘင်)
(၃) မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း(ပန်းချီ)
(၄) မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း(ပန်းပု)
(၅) မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း(ရုပ်ရှင်နှင့်ပြဇာတ်)
(ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြုတက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်။)

(ခ) **သင်တန်းကာလ** - (၁)နှစ်
(ဂ) **သင်တန်းအချိန်** - နံနက် ၉း၀၀ နာရီမှ ညနေ ၄း၃၀ နာရီထိ
(ဃ) **စတင်ဖွင့်လှစ်မည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက်
(င) **လျှောက်လွှာပိတ်ရက်** - ၁၉-၁၂-၂၀၁၄ ရက်

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ဝင်ခွင့်လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ၂၀၀/-(ကျပ်နှစ်ရာ) တိတိဖြင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ သင်တန်းရေးရာဌာနတွင် ဝယ်ယူလျှောက်ထားကြရမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ဖုန်း- ၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄ တို့သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၁၈၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

---

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးအထူးပြင်ဆင်ထိန်းသိမ်းခြင်း(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ယင်းမာပင်ခရိုင်(ကနီမြို့နယ်)၊ ဘုတလင်-ညောင်ကန်၊ ကနဲ-ကနီလမ်း၊ မိုင် ၂၀/၁ မှ ၂၀/၆ ကြား(၄ဖာလုံ+၄၀၀') ရေကျော်နေသည့်အပိုင်းအား ၂"-၄" ကျောက် ၄½"ထုစီခင်း၍ ၉"ထု (၁း၂း၄) ဘိလပ်မြေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း။

(ခ) ရွှေဘိုခရိုင်(ရွှေဘိုမြို့နယ်) ရွှေဘို-ညောင်ပင်သာ-ရေဦးလမ်း၊ မိုင် ၁၃/၅-၁၈/၀ အတွင်း (၂မိုင် ၂ ဖာလုံ) မူလလမ်းပျက်အား ၂"-၄"ကျောက်၊ (၁၃')အကျယ် ၆" ထု အခြေခံလွှာခင်းခြင်း၊ ၁"-၂" ကျောက် ၁၂' အကျယ် ၃" ထုခင်း၍ ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်း။

(ဂ) ကသာခရိုင်(ပင်လည်ဘူးမြို့နယ်)၊ ဖောင်းပြင်-ပင်လည်ဘူးလမ်း၊ မိုင် ၅၇/၀-၆၀/၀ (၃ မိုင် ၀ ဖာလုံ)အား (၄၀)အကျယ်ရရန် စက်/ယာဉ်ယန္တရားများဖြင့် မြေသားတာပေါင်တင်လမ်းချဲ့ခြင်းလုပ်ငန်း။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာမှူးကြီးရုံး ဖုန်း-၀၇၁-၂၃၇၆၄၊ ၀၇၁-၂၂၅၄၁ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၁၂-၂၀၁၄ရက်မှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများအတွက် လိုအပ်သောအချက်အလက်ပုံစံ၊ တင်ဒါအာမခံကြေးပေးသွင်းမှုချလန်နှင့် ဈေးနှုန်းများပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ၁၂-၁၂-၂၀၁၄ရက်၊ ညနေ ၄ နာရီအရောက် တင်ဒါပေးသွင်းနိုင်ပြီး ၁၅-၁၂-၂၀၁၄ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၃၇၆၄**

---

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

- ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်မှတ်တိုင် အနီး၊ရတနာမြိုင်လမ်း၊ အင်းစိန်လမ်းမ ဂုတ်ခြံ၊ RC ၂ထပ်တိုက်သစ်၊ 3 MB ၊ 2 SB ၊ 3 A/C၊ ရေပူ/ရေအေး၊ Bathtub ၊ ကားဂိုဒေါင်ပါ၊ ပေ(၅၀)×ပေ(၈၀)၊ (နေရာကောင်း/သန့်)

**Ph : 01-707910, 09-5168891**

---

**အဆင့်မြင့် Condo တိုက်ခန်းရောင်းရန်ရှိသည်**

Sqft 1525', MB-1, B-2, AC-4, Shower Room Furnitures, Power Meter-1, Single Meter-1, Basement Car Parking, ဝရန်တာပါ (အဆင့်မြင့်ပြင်ဆင်ပြီး၊ ရုံးခန်းဖွင့်လိုသူများအထူးသင့်လျော်) Ocean East Point Shopping Centre အပေါ်ထပ် (၅) လွှာ၊ မဟာဗန္ဓုလလမ်းမကြီး၊ မျက်နှာစာတန်း။

Ph: 01-397990-1, 09-5408585, 09-421019567

ရောင်းဈေး - ကျပ် သိန်း ၃၀၀၀ (ညှိနှိုင်း)

---

**ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ**

# လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသန်းမြင့်-ဒေါ်အေးမြင့်တို့၏သားထွေး

## မောင်သက်ညီညီမြင့်(ခ)ဖိုးသက်

**Final Year Business Management**
**Studied at Pacific Glory International**
**Maritime School (O.O.W Class-3)**

**နှင့်**

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးစောရွှေ(ဒုတိယကျောင်းအုပ်ကြီး၊ ရကသ (၂) ရဲမွန်တပ်မြို့)-ဒေါ်မိုးမိုးသန့်တို့၏သမီးငယ်

## မခိုင်သဇ္ဇာကျော်(ခ)စီနို

**B.DevS (Eco)**
**Director (Kyel Zin Khu)**
**Nit Thein Int.Co., Ltd.)**

တို့သည် ၁၈-၁၁-၂၀၁၄ရက်တွင် ရန်ကုန်မြို့၊ စကားဝါလမ်း၊ မင်းကွန်းတိပိဋကရွှေကျောင်း တော် ရွှေရတုခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော Capt: စိုးလွင် (ရေကြောင်းညွှန်ကြားရေးမှူး-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စန်းတင့်တို့အား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့်ဇနီး ဒေါ်လှမြင့်သန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြတ်သီရိကျော်၊ မမေဦးကိုကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မဖြူနှင်းပွင့်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မသံသာမိုးသူ၊ မိတ်ကပ်ဆံပင်မင်္ဂလာဝတ်စုံ မေဦးမောင်(တော်ဝင်သူနှင့်အဖွဲ့အားလည်းကောင်း၊ မအားလပ်သည့်ကြားမှ တက်ရောက်ချီးမြှင့်ပေးပါသော စက်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ Miraco Shipping Management မှ ဆရာများနှင့် ရုံးအဖွဲ့သားများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှဂုဏ်သရေရှိ မိတ်ဆွေများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သက်ညီညီမြင့်(ခ)ဖိုးသက်**
**မခိုင်သဇ္ဇာကျော်(ခ)စီနို**

---

# နှစ် ၅၀ ပြည့်ရွှေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးဆွေထွန်း-မေမေ ဒေါ်ကြည်စန်း အမှတ် ၇ (ခ)၊ ဝင်္ဂပါလမ်း၊ ဗဟန်းတို့၏ ၁၉၆၄-၂၀၁၄ ရက်တွင် ကျရောက်သော နှစ် ၅၀ပြည့် ရွှေရတုမင်္ဂလာတွင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှင့်ပြည့်စုံကြလျက် မိသားစုနှင့်အတူ ပတ္တမြားမှစိန်ရတုများ ဖြတ်ကျော်နိုင်ကြပြီး နှစ်ရာကျော်တိုင် ကျန်းမာပျော်ရွှင် အေးချမ်းစွာလျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ**

| | |
|---|---|
| **ခိုင်ခိုင်ထွန်း** | **B.E** |
| **စန်းစန်းထွန်း** | **B.A** |
| **အောင်ထွန်းထွန်း** | **B.Com** |
| **ဝင်းဆန်းထွန်း** | **B.D.S** |
| **အောင်မင်းထွန်း** | **College of Business** |

---

## ရန်ကုန်တက္ကသိုလ်(၁၉၇၃-၇၄-၇၅)ဘူမိဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ အငြိမ်းအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒအဓိကဖြင့် (၁၉၇၃/၇၄/၇၅)ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား/သူများ၏ အငြိမ်းအကြိမ် အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကျောင်းသား/သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၇-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - ရန်ကုန်တက္ကသိုလ်များမော်ရုံ

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

**တိုက်သစ်**
**အမြန်ရောင်းမည်**

(၁၄'×၅၀') နှစ်ခန်းတွဲ၊
ပထမထပ် (၂၈'×၅၀')၊
ကျပ်သိန်း ၁၅၅၀၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၆၃၇၃**

---

**ဂဝံခဲ/ဂဝံမှုန့်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**ရောင်းရန်ရှိသည်။**

**ဆက်သွယ်ရန်ဖုန်း-**

၀၉-၅၁၆၄၄၃၀၊
၀၉-၃၁၃၁၀၁၈၇၊
၀၉-၄၂၀၂၁၄၅၀၀၊
၀၉-၇၃၁၈၀၅၄၂

---

**ကန့်ကွက်နိုင်ပါကြောင်း**

မရမ်းကုန်းမြို့နယ်၊မြေတိုင်း၂၆+၂၇ (သမိုင်း)ကုန်းမြင့်သာ၊ မြေကွက်၊ ၄/C³⁰ ဧရိယာ ၀ ဒသမ ၀၇၆ ဧက၊ နှစ်U¹ ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်နွယ်စိုး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၇၇၀၈/၂၀၁၄) တင်ပြ၍ CHOW KEN SAN (ခ) ဦးစံဝင်း ၁၂/ကတတ(ပြု) ၀၀၁၁၂၅၊ ဦးစည်သူအောင် ၁၂/ပဘတ(နိုင်) ၀၃၁၃၈၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမှုရင်း အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀တောင်၊မြေကွက်အမှတ် ၁၂၇၀/က၊ မြေကွက်တည်နေရာအမှတ် ၁၂၇၀/က၊ သလ္လာဝတီ၄လမ်း၊(၁၀)ရပ်ကွက်၊သာကေတမြို့နယ် (ဒေါ်မမလေး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မမလေး(မိခင်)နှင့် ဦးညီထွေး(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီး ဒေါ်လှလှဌေး၁၂/သကတ(နိုင်)၀၆၂၇၁၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၇၃၉/၂၀၁၄)ရရှိသူ ဒေါ်သီတာ ၁၂/ကတတ(နိုင်) ၀၂၆၅၂၆ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၂-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၈) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၂၀)ဒေါ်ခင်ဝင်းနွယ်+၁၏ အမည်ပြောင်းတွင် မြေအမည်ပေါက် ဦးထွန်းငြိမ်း+၂ အစား ဦးထွန်းငြိမ်း+၁ ဟု ဖတ်ရှုပါရန်။

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၉-၁၀-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၄) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဦးစောဝင်းဂိတ်၏ ဂရန်မိတ္တူတွင် ဦးစောဝင်းဂိတ် ၁၂/သကတ(နိုင်)၀၀၉၄၈၇၈ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးတင်
(ညောင်လေးပင်)
အသက်(၉၀)

ဦးဝင်းနိုင် (1986 Mechanical) - ဒေါ်ခင်မာလာ (UN,WFP)တို့၏ မိခင်ကြီး၊ အမှတ် ၁၄၊ လမ်းသစ်လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့နေ ဒေါ်အေးတင်သည် ၂၃-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့် သူငယ်ချင်း၏ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1986 Mech; ဘွဲ့ရ**
**ပြည်တွင်းပြည်ပမှ**
**သူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဆောင်
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
အသက်(၇၆)နှစ်

ဒေါ်မြစောအ၏ခင်ပွန်း ဦးတင်ဆောင် [ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]သည် ၂၇-၁၁-၂၀၁၄ရက်တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှပို (မန်နေဂျာ၊ ငြိမ်း)နှင့်ဇနီး ဒေါ်ငွေရှင်**
**မြန်မာ့သစ်လုပ်ငန်း(ရောင်း/စက်) မန္တလေးမြို့**

---

## ဒေါ်နုနုတင်
စာရင်းစစ်အရာရှိ (ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောယိယ ၂၄ လမ်း၊ အမှတ် ၅၂၇နေ ဦးအောင်သန်း(အငြိမ်းစားရဲဝန်ထောက်)-(ဒေါ်ခင်ရွှေ)တို့၏သမီး၊ (ဦးမြင့်သန်း)-ဒေါ်ရင်ရင်၊ ဦးအောင်ကြည်(ကကလေ-ငြိမ်း)-ဒေါ်နွဲ့နွဲ့သန်း(အမက-၂၁၊ မ/ဒဂုံ-ငြိမ်း)၊ ဒေါ်လှဲ့လှဲ့သန်း၊ (ဦးဇော်သန်း)၊ ဒေါ်လှလှမြင့်(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းပညာရေးရုံး)တို့၏ညီမ၊ ရဲမှူးကြီးမျိုးသန်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရုံး၊ ညွှန်ကြားရေးမှူး၊ လုံခြုံ)-ဒေါ်လဘန်ဘောက်(ဒုစစ်ဆေးရေးမှူး၊ အခြေခံပညာဦးစီးဌာနရုံးချုပ်)တို့၏အစ်မ၊ ကိုကျော်ဦး-မသင်းသင်းမွန်၊ ကိုထွန်းကြည်-မခိုင်ခိုင်မွန်၊ မသီတာအောင်(TS အထည်ချုပ်)၊ (မောင်ကိုကို)၊ ကိုမျိုးသက်-မသီသီနိုင်(မြန်မာ့အာမခံ)၊ မဝင်းပပအောင် (Myanmar Inod Best Fashion)၊ ကိုကျော်ဇေယျ၊ ကိုအာကာစိုး၊ ကိုပြည့်ဖြိုးအောင်(DB-SCHENKER)-မထိုက်ထိုက်အောင်၊ ကိုနေလင်းအောင်(ကမ္ဘာ့ရတနာဘဏ်)၊ မမေစန္ဒာအောင် (ဂျာမွန်းပန်-MRTV-4)တို့၏ အဒေါ်သည် ၂၈-၁၁-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုတင်
အသက်(၅၆)နှစ်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး(လုံခြုံ) ရဲမှူးကြီး မျိုးသန်း-ဒေါ်လဘန်ဘောက်တို့၏အစ်မဖြစ်သူ ဒေါ်နုနုတင်သည် ၂၈-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးကြီးမျိုးဆွေဝင်းနှင့်ဇနီး**

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထွန်းလှလှမင်း(ခ)ဒေါ်သီတာမင်း (B.Sc-Zoology)
အသက်(၅၅)နှစ်

ဗိုလ်မှူးကျော်ကျော်ဆွေ(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊မန္တလေးခရိုင်)၏ဇနီး၊ ဒေါ်ထွန်းလှလှမင်း(ခ)ဒေါ်သီတာမင်း (B.Sc-Zoology) သည် ၂၅-၁၁-၂၀၁၄ရက် ည ၈း၄၀နာရီတွင် ရုံးဝင်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ**
**သူငယ်ချင်းမိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းနိုင်
I.T.C မိုးကောင်း
စက်မှုလက်မှုသင်တန်းကျောင်း(ငြိမ်း)
အသက်(၆၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ (ဦးဖေတင်-ဒေါ်မြမြအေး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအေးကို)-ဒေါ်ခင်မိမိလှိုင်တို့၏ညီ၊ (ဦးစောသီခို) - ဒေါက်တာဒေါ်အောင်အောင်ကြည်တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆ လမ်း၊ အမှတ် ၅၃၊ ဒုတိယထပ်(ခြေရင်းခန်း)နေ မမေသွယ်ဦး၊ မသင်းသင်းနိုင်တို့၏ဖခင်၊ ဒေါ်ခင်အေးအေးထွန်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၃း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ကရီမာဘီ(ခ)
## ဒေါ်လှလှကြည်(မော်လမြိုင်)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၆၆လမ်း၊ အမှတ် ၆၈၊ မြေညီ ဝဲဘက်ခန်းနေ (ဟာဂျီ ဦးဟာနစ်)-ဟာဂျီမ ဒေါ်သန်းကြည်တို့၏သမီး၊ (ဟာဂျီ ဦးသာရှင်-ဟာဂျီမ ဒေါ်အမာ) (ဝေါမြို့)တို့၏သမီးချွေးမ၊ ဦးထွန်းမြင့် (2/E- Lizstar, shipping Co Ltd.,)၏ ဇနီး၊ ရဲထွန်းဦး (အင်/ယာ၊ Naing Group Construction Co., Ltd.)-မေသက်မာလာဝင်း၊ နေလင်းထွန်းတို့၏မိခင်၊ မောင်သီဟထွန်းဦး၏ အဘွားသည် ၂၉-၁၁-၂၀၁၄ရက် နံနက် ၅နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ဆယ်ကူး
အသက်(၉၇)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ စာလ်ထောင်ကျေးရွာနေ ဦးနီခွာ-ဒေါ်မားမားတို့၏သမီးကြီး၊ စခန်းမှူး (ဦးနိုတိန်း)၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ နွယ်ခွေရွာသစ်၊ ငွေသဇင်လမ်း၊ အမှတ် ၂/၉၃-၉၄နေ အရာခံဗိုလ်ထွန်းသိန်း(ငြိမ်း)-ဒေါ်ရွှေငွန်း၊ ရမ်ဇီးကျေးရွာနေ ဦးကိုခုန်း-ဒေါ်စိန်တင်၊ ဦးမြင့်သိန်း(ခ)J ဇပဲန်း-ဒေါ်မရီ(ခေတ္တ-ဒိန်းမတ်)၊ ရေနွာမြို့နေ ဦးထောင်ကျင်း-ဒေါ်ရဲမေ၊ ဦးပိုင်ဒူး-ဒေါ်ခင်ထွေးရီ၊ (ဦးကျော်ဝင်း)၊ အလ္လီး(ခ)ဒေါ်စောရင်တို့၏မိခင်၊ မြေး ၃၁ယောက်၊မြစ် ၂၅ယောက်တို့၏အဘွားသည် ၂၈-၁၁-၂၀၁၄ရက်(သောကြာနေ့) ည ၁၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီနှင့် မြောက်ဒဂုံ၊ ပင်လုံလမ်း၊ မဝတမှတ်တိုင်နှင့်သမိုင်း၊ ကုလားကျောင်းမှတ်တိုင်တို့မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လေး(မအူပင်) အသက်(၉၄)နှစ်
ကျွမ်းကျင်-၆(ငြိမ်း)၊ ငွေစာရင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန

မအူပင်မြို့နေ(ဦးစံဒွန်း-ဒေါ်ဒေါ်နွဲ့)တို့၏သမီး၊ မင်းဘူးမြို့နေ (ဦးကျော်စိုး-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ [ဦးဝင်းမောင်(မင်းဘူးလ/ထမြို့ပိုင်)]၏ဇနီး၊ တိုက် ၃၊ အခန်း ၃၀၃၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးမြင့်ဆွေစိမ်း)-ဒေါ်နီလာအေး(ဌာနတွင်းစာရင်းစစ်၊ မြရိပ်ညိုဟိုတယ်)၊ ဦးစိုးဝင်းမောင်-ဒေါ်စန်းစန်းဝင်း၊ ဦးမိုးဝင်းမောင်(သစ်တောဦးစီး)-ဒေါ်ဝါဝါရွှေ(သစ်တောဦးစီး)တို့၏မိခင်၊ ဦးဝင်းလွင်ထွန်း-ဒေါ်ယုထက်အောင်(ဒုတိယဦးစီးမှူး၊ မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီး)၊ ဦးမျိုးသူ-ဒေါ်အိစန္ဒာစိုး၊ ဦးတင့်လွင်(တပ်မတော်-ရေ)၊ မောင်စည်သူဝင်း၊ မရတနာထွန်း၊ မောင်ညီမင်းထက်တို့၏အဘွား၊ မောင်စွမ်းထက်ပိုင်၏ ဘွားဘွားကြီးသည် ၂၈-၁၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လေး (မအူပင်)
ကျွမ်းကျင်-၆ (ငြိမ်း)၊ ငွေစာရင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန
အသက်(၉၄)နှစ်

မအူပင်မြို့နေ (ဦးစံဒွန်း-ဒေါ်ဒေါ်နွဲ့)တို့၏သမီး၊ မင်းဘူးမြို့နေ(ဦးကျော်စိုး-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ [ဦးဝင်းမောင်(မင်းဘူးလ/ထမြို့ပိုင်)]၏ဇနီး၊ (ဦးလှကျော်-ဒေါ်သန်းသန်း)၊ (ဦးညီကြီး-ဒေါ်လှဖျော့)၊ (ဦးဘခက်-ဒေါ်အုန်းမြ)၊ ဒေါ်ခင်ကြီးတို့၏ညီမ၊ (ဦးမောင်မောင်သန်း-ဒေါ်ခင်မြင့်မြင့်)၊ (ဒေါ်ငြိမ်းအေး)၊ (ဦးယုဝမ်)-ဒေါ်ခင်သန်းယု၊ (ဒေါ်ခင်သိန်း)၊ ဦးခင်မောင်ကြည်-ဒေါ်ခင်လှရီ၊ ဦးရဲမြင့်-(ဒေါ်ခင်လှမြင့်)တို့၏အစ်မသည် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့)နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင် အသက်(၈၄)နှစ်
အထက(၂)လသာ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် ၂၁၄(ဈ)နေ ဦးရွှေကျော် (အမျိုးသားမှတ်ပုံတင်အရာရှိချုပ်၊ ငြိမ်း)-ဒေါ်ဦးသာဖြူတို့၏ ချစ်လှစွာသောသမီးထွေး၊ ဦးဦးထွန်း၊ (ဒေါ်လှတင့်)တို့၏ညီမ၊ (ဦးဖော်ခဲ)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာခင်သက်ဝေ(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကျွမ်းကျင်သူ၊ဆေးသုတေသနဦးစီးဌာန၊အောက်မြန်မာပြည်)၊ ဦးသာခဲ(ဥက္ကဋ္ဌ၊ ကွန်ပျူတာစစ်တုရင်ကော်မတီ)၊ ဦးမိုးကျော်ဝေ(Chief Officer)-ဒေါ်ထွေးထွေးဝင်း၊ ဒေါ်မြတ်ကေခိုင်(Melbourne, Australia)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မပွင့်ဝေ(WYTU)၊ Jeanne Khine (Melbourne, University)၊ မဝင့်ဝေ(WYTU) တို့၏အဘွားသည် ၂၉-၁၁-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ၂း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
## ကိုရဲမင်းသန့်
အသက်(၃၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြို့ပတ်လမ်း၊ VIP ရပ်ကွက်၊ အမှတ် ၁၅/၇၈နေ ဦးမောင်မောင်အုန်း-ဒေါ်ခင်အေးသန့်တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ဦးဝင်းလှိုင်-ဒေါ်ခင်သန်းဝင်းတို့၏သားသမက်၊ မသဇင်ဝင်းလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ တူတော်မောင် ကိုရဲမင်းသန့်သည် ၂၃-၁၁-၂၀၁၄ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်ကြည်-ဒေါ်မိုးမိုးမိသားစု**
**ပြည့်စုံ မိတ္တူ၊ ဖိတ်စာ၊ ဓာတ်ပုံလုပ်ငန်း၊**
**ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

---

## ဦးစိုးဝင်း (ဥူးဇင်းစိုးဝင်း)
(ဗဟန်း)
အသက်(၆၇)နှစ်

ဗဟန်းမြို့နယ်၊ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၂၂/B4 နေ ဦးသိန်းဖေ-ဒေါ်ခင်ညွှန့်တို့၏သား၊ ဒေါ်ခင်ကြည်အေး၏ခင်ပွန်း၊ (ဦးစန်းရီ)-ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ မခိုင်ခိုင်ဇင်၊ ကိုရဲမင်းသူ-မဥမ္မာစိုးတို့၏ဖခင်၊ ကိုသန်းဇော်ထွန်း-မဇင်မာလှဲ့၊ မဇင်လေးမွန်တို့၏ဘကြီး ၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၁၄ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သန်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၈၄နေ (ဒေါ်ခင်ညွှန့်)၏မြေး၊ ရန်ကုန်မြို့၊ ဖဆပလ ရပ်ကွက်၊ တိုက် ၅၉၊ အခန်း ၉နေ (ဒေါ်မြကြည်)၏သမီး၊ ဦးအောင်ကြည်-(ဒေါ်ခင်စန်း)တို့၏သမီးချွေးမ၊ ကိုမောင်မောင်တင်၊ မမာမာချို၊ ဒေါ်ခင်ခင်ဆွေ၊ မပေါ်လီ၊ မမဲလေးတို့၏ အစ်မ၊ ကိုအောင်မျိုးနိုင်-မသက်ထားဇင်၊ ကိုဇေယျာမင်း(ခ)ဖန်ဒိုး၊ မဖြိုးဖြိုးတို့၏မိခင်၊ ဦးလှအုန်း၏ချစ်လှစွာသောဇနီးသည် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄ ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်ဝင်း
(ပဲခူးမြို့၊ မိုလ်းခိုင်ကြီးရွာ)
အသက်(၇၇)နှစ်

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အာသောကလမ်း၊ အမှတ် ၄၁ (ပထမထပ်)နေ (ဦးလှအောင်-ဒေါ်ဖွားတင်)တို့၏သမီး၊ [ဦးပု(ခ)ဦးမျိုးဝင်း]၏ချစ်လှစွာသောဇနီး၊ ဦးမြင့်သိန်း-ဒေါ်မူမူမြင့်၊ ဦးအောင်မင်း-(ဒေါ်တင်ကြည်)၊ ဦးသန်းငွေ(ခ)ကိုငွေ(2/E) မာလာတီ 6 RTS-ဒေါ်ခင်ခင်ငွေး (ငွေးသယ်ယူပို့ဆောင်ရေးနှင့် လိပ်သည်းကျောက်ရောင်းဝယ်ရေး)၊ (ဦးငွေးမြင့်)-ဒေါ်သန်းသန်း၊ ဒေါ်တင်တင်ရီ၊ (ဦးစံမြင့်ဦး)-ဒေါ်လှဲ့လှဲ့ပြုံး(စမ်းချောင်း၊ စည်ပင်)တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏အဘေးသည် ၂၉-၁၁-၂၀၁၄ရက် ညနေ ၃း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြသောင်း
(မော်လမြိုင်မြို့နယ်၊ကတိုးကျေးရွာ)
အသက်(၇၆)နှစ်

မော်လမြိုင်မြို့နယ်၊ ကတိုးကျေးရွာနေ (ဦးနီ - ဒေါ်ရင်မိ)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ပုတင်)တို့၏ သားသမက်၊ ကော့သောင်းမြို့နယ်နေ (ဦးဒေါ်လာ)-ဒေါ်ခင်တင့်တို့၏မောင်၊ (ဦးကွန်ပါ) - ဒေါ်ခင်လှတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တိုက် ၂၊ အခန်း ၂၀၅၊ မြနန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်နေ (ဦးစိုးသောင်းဦး)-ဒေါ်သင်းသင်းမော်၊ ဒေါက်တာလှဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးမြနိုင်-ဒေါက်တာမို့မို့ထွန်း၊ ဦးမင်းနိုင်-ဒေါ်မိုးမိုးအေး၊ ဦးဟိန်းအောင်-ဒေါ်အေးအေးအောင်၊ ဦးသန်းထွန်း-မမြတ်မွန်၊ (ကိုသိန်းထိုက်)-မမိုးမိုးခိုင်၊ မလှဲ့လှဲ့ဝင်း၊ မောင်မောင်ထင်ပေါ်-မခင်ဝေယံအေးတို့၏ဖခင်၊ (ဒေါ်ဝင်းကြည်)၏ ခင်ပွန်း၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုမြင့်အောင်
အသက်(၄၄)နှစ်

နေပြည်တော်၊တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ (ဦးဉာဏ်ပိုင်-ဒေါ်တင်လှိုင်)တို့၏သား၊ ဦးညွှန့်ဝေ-ဒေါ်စိန်စိန် (SSS အုတ်လုပ်ငန်း)တို့၏သားသမက်၊ ဒေါ်ဥမ္မာညွှန့်ဝေ၏ခင်ပွန်း၊ မောင်ထက်အောင်လှိုင် (ခ) မောင်စောပြည့်ထွန်းတို့၏ဖခင်သည် ၂၉-၁၁-၂၀၁၄ရက် နံနက်၁၁း၃၀နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးမြတ်ခိုင်
အသက်(၄၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ အမှတ် ၁၂၄နေ ဦးစိန်ဝင်း-ဒေါ်စန်းရီတို့၏သား၊ ဦးဇော်ဝင်းနိုင်၊ မညိုညိုနွယ်၊ ဦးဝင်းချိုဇော်၊ ဒေါ်ယုယုတို့၏ညီ/မောင်၊ ဦးအောင်နိုင်ဝင်း၊ မမျိုးမျိုးသွယ်တို့၏အစ်ကို၊ ဦးရာမြတ်-ဒေါ်ငွေးကြည်တို့၏သမက်၊ဒေါ်ယောရတနာမြတ်၏ခင်ပွန်း၊ မမြတ်ဆုပြည့်(ဆဋ္ဌမတန်း- B)၊ မကြည်နူးချို (တတိယတန်း- A၊ အထက-၄၊ ဗိုလ်တထောင်)တို့၏ဖခင်သည် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) ည ၇း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တအရိယဝံသ
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၃၈)ဝါ

ချောက်မြို့၊ အမှတ်(၁၅)နယ်မြေ တိုးချဲ့ရပ်ကွက်၊ မနောပူရဏီကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသ မထေရ်မြတ်သည်(၁၃၇၆ခုနှစ် နတ်တော်လဆန်း ၅ရက်) ၂၆- ၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၁၀နာရီတွင် ဘဝနတ်ထံစံမြန်းသွားပါသောကြောင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၁ရက်) ၂-၁၂-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် အန္တိမအဂ္ဂိစျာပနပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှတ်(၁၅)နယ်မြေမှ
တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးအေးဖေ (သထုံ)
ကျောင်းဆရာကြီး(ငြိမ်း)၊ အောင်သိပ္ပံအလွတ်ပညာသင်ကျောင်း၊
အထက(၄)မော်လမြိုင်
အသက်(၁၀၄)နှစ်

သထုံမြို့နေ (ဦးဘိုးသန့်-ဒေါ်သဲခင်)တို့၏သား၊ (ဒေါ်ခင်ညွှန့်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်အုန်းခင်လမ်း၊ အမှတ် ၆နေ ဦးမြအောင်-ဒေါ်ဝင်းကြည်၊ ဦးတင်မြင့်-ဒေါ်စန်းစန်းရီ၊ ဦးဝင်းကြည်-ဒေါ်ရီရီဝင်း၊ (ဦးညွှန့်ဖေ)-ဒေါ်သန်းသန်းအေး၊ ဒုတိယဗိုလ်မှူးကြီးစောဝင်း-ဒေါ်တင်မျိုးကျော်တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၁၁-၂၀၁၄ရက်(သောကြာနေ့) ည ၉း၃၀နာရီတွင် ဒဂုံမြို့သစ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြင်သိန်း
မြန်မာနိုင်ငံစာရင်းကိုင်များအသင်း (FBSA)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျိတ်တန်းလမ်း၊ အမှတ် ၄၂၊ ပထမထပ်(ခြေရင်းခန်း)နေ ဒေါ်မြင့်မြင့်အေး(ကုန်သွယ်ရေး-၁၀၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်သိန်းဦး)-ဒေါ်အေးအေးသင်း၊ ဦးလှိုင်ထွန်းဦး-(ဒေါ်မာမာသိန်း)၊ ဦးထင်အောင်-ဒေါ်အေးအေးသိန်း(အမျိုးသားမှတ်တမ်း)၊ ဦးကျော်ကျော်သိန်း(VOA)-ဒေါ်ဥမ္မာချို၊ ဦးအောင်မြင့်စိုး (SMART Group of Company)-ဒေါ်သီတာသိန်း၊ ဦးစိုးကြည်သိန်း(အဆွေရိပ်ကွန်ပျူတာမိတ္တူ)-ဒေါ်သန္တာအောင်(2C2P)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၁၁-၂၀၁၄ရက်(စနေနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကိုကြီး (ဒေးဒရဲ)
B.A (Hons) (I.R) R.L
(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ
အသက်(၇၃)နှစ်

အမှတ် ၆၊ ရွှေဘိုလမ်း၊ ပထမထပ်၊ ကျောက်မြောင်း၊ အထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ(ဦးအောင်မြင့်-ဒေါ်သင်းစိန်)တို့၏သား၊ (ဦးချစ်မောင်-ဒေါ်ကြင်မေ)တို့၏သားသမက်၊ ဦးစိန်သန်း-ဒေါ်ညွှန့်ညွှန့်ဝင်းတို့၏ အစ်ကို၊ ဒေါ်မြင့်ဆွေ၏ခင်ပွန်း၊ ဦးဆွေကိုကို-ဒေါ်မိုးမိုးသင်း၊ ဦးနိုင်ကိုကို-ဒေါ်နေခြည်စိုးနိုင်၊ ဦးပြည်မိုး-ဒေါ်ခင်သီတာကိုတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ကျော်နိုင် အသက်(၅၃)နှစ်
A.G.T.I (M.P) B.Sc (Physics)

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁၊ အခန်း ၂၄နေ (ဦးတင်လှ)-ဒေါ်သန်းကြည်တို့၏သားကြီး၊ (ဦးတင်အောင်မြင့်)-ဒေါ်ခင်ရီရီစံတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၅၁၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ဥမ္မာမြင့်(Eastern Rose Fashion House)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထူးကျော်(B.Arch 2014)၊ မခင်သစ္စာစိုး (BIT.16)၊ မောင်ဝေဖြိုးသန့်(3rd yr, french Y.U.F.L)တို့၏ဖခင်၊ ဦးမောင်မောင်မြင့်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ယုဆွေ၊ ဦးမြင့်သန်း-ဒေါ်တင်မာမြင့်(Royal Thazin Restaurant)တို့၏မောင်၊ ဦးစိုးဝေဖြိုး-ဒေါ်သဇင်မြင့်၊ ဦးမြင့်ဟန်-ဒေါ်သဇင်ထွန်း၊ ဦးငွေဆယ်မောင်တို့၏ဦးလေး၊ ဒေါ်ခင်အေးမြင့်၊ ဦးစွမ်းမြင့်-ဒေါ်စန်းစန်းယဉ်၊ ဒေါ်ဥမ္မာကြည်(ထ/၂၊ လမ်းမတော်)တို့၏မောင်၊ Captain ဦးရဲနိုင်(S.B Marine Co.,Ltd.)-ဒေါ်အေးမိုးဟန်တို့၏အစ်ကိုသည် ၂၉-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခိုင်ချိုကျော်ငြိမ်း
အသက်(၆၁)နှစ်

ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၅နေ (ဦးကျော်ငြိမ်း-ဒေါ်နွဲ့နွဲ့ရီ)တို့၏သမီး၊ ဦးခင်ဇော်၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးသက်နိုင်ဖြိုး-မဇာဝတ်ရည်တို့၏မိခင်၊ ဦးသောင်းကျော်ငြိမ်း၊ ဦးအောင်ကျော်ငြိမ်း- ဒေါ်စပ်စုမြတ်၊ ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒေါက်တာထွန်းကျော်ငြိမ်း - Dr. Susanne Prager Nyein၊ ဦးဘိုဘိုကျော်ငြိမ်း-ဒေါ်စုတို့၏ညီမ၊ ဒေါ်ယမင်းကျော်ငြိမ်း၏အစ်မသည် ၂၉-၁၁-၂၀၁၄ရက် ညနေ ၄နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုဇော်ထွန်း (သုဝဏ္ဏ)
ရုပ်ရှင်ကော်ပီရေးရှင်း
စာရင်းကိုင်(ငြိမ်း)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊တိုက် ၃၁၊ အခန်း ၁နေ (ဦးရွှေမောင် - ဒေါ်ရီရီ)တို့၏ သား၊ ဦးဇော်ဦး - ဒေါ်ခင်မာချိုတို့၏ ညီ၊ (ကိုဇော်လင်း)၊ ကိုထူးသာ (ရုပ်ရှင်သရုပ်ဆောင်) - ဒေါ်သီင်္ဂီဦး၊ Cap; ဇော်ထွဋ်(Jronion) - ဒေါ်နှင်းနုဆွေ၊ ဒေါ်မီမီအေး(Global Art)တို့၏အစ်ကို၊ မောင်ဇော်ဝင်းရှိန် (Second Mate/7 FEA. SSC)၊ မအေးချမ်းကြည်စင် (အဋ္ဌမတန်း၊ ပညာနန်းတော်)၊ မခြူးမြတ်စန္ဒီထွဋ် (TTC Grade III)၊ မစုလတ်ရတီထွဋ်တို့၏ ဘကြီးသည် ၂၉-၁၁-၂၀၁၄ရက် နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

# နော်ဝေနိုင်ငံ ဟာရယ်ဘုရင်၏ ကိုယ်ရေးအကျဉ်း

နော်ဝေနိုင်ငံ ပဥ္စမမြောက် ဟာရယ်ဘုရင်ကို ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် အော်စလိုမြို့တော်အနီးရှိ စကယ်ရ်ဂွမ်းနန်းတော်၌ ဖွားမြင်ခဲ့ပါသည်။ ၎င်းသည် အိမ်ရှေ့မင်းသား ပဥ္စမမြောက် အော်လက်ဗ် (နောင်တွင် ပဥ္စမမြောက် အော်လက်ဗ်ဘုရင်)နှင့် မင်းသမီးမာသာတို့၏ တစ်ဦးတည်းသောသားတော်ဖြစ်ပြီး ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ၎င်း၏ခမည်းတော် ကွယ်လွန်ပြီးနောက် နော်ဝေနိုင်ငံ၏ ဘုရင်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။


နော်ဝေနိုင်ငံ ပဥ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား။

မင်းသားဘဝတွင် ဟာရယ်သည် ၁၉၅၅ ခုနှစ်တွင် အော်စလိုမြို့ ခရစ်ယာန်ကျောင်းမှ အထက်တန်းအောင်မြင်ခဲ့သည်။ ယင်းနောက် နော်ဝေမြင်းတပ်အရာရှိ သင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် နော်ဝေနိုင်ငံ စစ်တက္ကသိုလ်သို့လည်း တက်ရောက်အောင်မြင်ခဲ့သည်။

မင်းသားဟာရယ်သည် စစ်မှုထမ်းခြင်း ပြီးဆုံးချိန်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်ရှိ ဘာလီယောကောလိပ်၌ လူမှုရေးသိပ္ပံ၊ သမိုင်းနှင့်ဘောဂဗေဒ ဘာသာရပ်များကို ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ သင်ယူခဲ့သည်။

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နော်ဝေဘုရင် သတ္တမမြောက် ဟာကွန် ကွယ်လွန်ပြီးနောက် အိမ်ရှေ့မင်းသားဖြစ်လာခဲ့ပြီး နိုင်ငံတော်ကောင်စီ အစည်းအဝေးများသို့ စတင်တက်ရောက်ခဲ့သည်။ ၎င်းသည် ခမည်းတော်ဘုရင် ပဥ္စမမြောက် အော်လက်ဗ်နှင့်နီးကပ်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး နော်ဝေနိုင်ငံ၏ စက်မှုလုပ်ငန်းများကို ပြည်ပနိုင်ငံများတွင် မြှင့်တင်ရန်အတွက် နော်ဝေကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်၍ အခြားနိုင်ငံများသို့ ခရီးများစွာ သွားရောက်ခဲ့သည်။

၁၉၆၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် အော်စလိုဘုရားရှိခိုးကျောင်း၌ မစ္စဆွန်ရာ ဟာရယ်ဆင်နှင့် လက်ထပ်ခဲ့ပြီးနောက် သမီးတော်တစ်ပါးနှင့် အိမ်ရှေ့ မင်းသားတစ်ပါး ထွန်းကားခဲ့သည်။

ဟာရယ်ဘုရင်သည် နော်ဝေကြည်းတပ်၊ လေတပ်နှင့်ရေတပ်တို့၏ ဗိုလ်ချုပ်ကြီးဖြစ်ပြီး နော်ဝေနိုင်ငံ၏ အဆင့်မြင့်ဆုံး အရာရှိလည်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●


နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံဘုရင်တို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတွင် ပထမဆုံး Homestay အဖြစ် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ ကွန်းခို

မေး/ရေး-ခင်ချိုဝင်း
ဓာတ်ပုံ
ဇော်မင်းလတ်

(၄၁)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ခရီးစဉ်ဖြင့် ရောက်ရှိလာသော ကျောင်းသားကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့များခွဲ၍ ရန်ကုန်မြို့ရှိ တက္ကသိုလ်ခြောက်ခုကို သွားရောက်လေ့လာခွင့်ရခဲ့ကြသည်။ အဆိုပါခရီးစဉ်အတွက် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်ရမှုအပိုင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံး Homestay အဖြစ် တစ်ရက်တာနေထိုင်ခွင့်ရရှိခဲ့မှုတို့နှင့်ပတ်သက်၍ ပါမောက္ခချုပ်၊ ကျောင်းသား ကျောင်းသူများနှင့် Homestay လက်ခံရယူထားသူတို့ကို မြန်မာ့သတင်းစဉ်အဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။

**ဒေါက်တာလွင်လွင်စိုး (ပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**

ပညာရေး လုပ်ဆောင်မှုဆိုတာ ဒီလိုမျိုးနှစ်စဉ် သင်္ဘောကြီးခရီးစဉ်ကလာမှာပါ။ လာတဲ့အခါမှာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကတော့ ကြိုဆိုနှုတ်ခွန်းဆက်ဖို့ တာဝန်ယူမှာပါ။ ဒီကျောင်းက ကျောင်းသူတွေလည်း ဒီသင်္ဘောကြီးခရီးစဉ်မှာ ပါပါတယ်။ အဲ့ဒီကလေးတွေကလည်း အတွေ့အကြုံပြန်ရှင်းမယ်။ အခုလည်းပဲ သင်္ဘောကြီးခရီးစဉ်က ကျောင်းသား ကျောင်းသူတွေနဲ့ ဒီကျောင်းက ကျောင်းသားကျောင်းသူတွေ

*စာမျက်နှာ ၇ ကော်လံ ၁* ✺

## သိပ္ပံမှတ်တမ်းသစ် သစ်ခွမျိုးစိတ် မြန်မာနိုင်ငံတနင်္သာရီ သဘာဝကြိုးဝိုင်းအတွင်း တွေ့ရှိ

*သတင်းဆောင်းပါး၊ စာ ➢ ၁၅*





# ပုဇွန်တောင်-ပန်းဆိုးတန်း-ထော်လီကွေ့လမ်းပိုင်း အာရ်ဘီအီးရထားရပ်စခန်းများ တည်ဆောက်မှုပြီးစီးလုပြီ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်မြို့တွင်းရှိ ကမ်းနားလမ်းမသစ်၏ အလုံထော်လီကွေ့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းရှေ့တွင် ကမ်းနားလမ်းမသစ်တစ်လျှောက် ပုဇွန်တောင်-ပန်းဆိုးတန်း-ထော်လီကွေ့လမ်းပိုင်းကို ဒီဇင်ဘာလဆန်းတွင် အာရ်ဘီအီးရထား စတင်ပြေးဆွဲရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်နေသည့် ရထားရပ်စခန်းတစ်ခု တည်ဆောက် ပြီးစီးလုဖြစ်နေသည်ကို မြင်တွေ့ရသည်။ **(ဝဲပုံ)**

ကမ်းနားလမ်းမတစ်လျှောက် အုတ်တံတိုင်းနှင့် ကပ်လျက် ယခင်ရှိခဲ့သော သံလမ်းများပေါ်တွင် အာရ်ဘီအီးရထားများ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

